
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ထုတ်ဝေခြင်း | - ၂၀၁၅ခုနှစ်ဇန်နဝါရီလ၊ပထမအကြိမ် |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - (၁၀၀) ကျပ် |
| ထုတ်ဝေသူ | - ဦးသက်လွင်(သစ္စာမွန်စာပေ)(ယ-၂၂၄၀)၊ အမှတ်(၃၈)၊ မလွှကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊ တာမွေလမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - Lလင်း |
| ကွန်ပျူတာ | - ပန်းအိမ် |
| မြန်မာရေး | - တူးတူး (သစ္စာမွန်) |
| အတွင်းဖလင် | - ကိုအောင်ကျော် |
| စာအုပ်ချုပ် | - သစ္စာမွန် |

သစ္စာမွန် (T.S.M) Publishing Centre မှ တာဝန်ယူစီစဉ်ပါသည်။

၈၉၅.၈၃

ရွှေဘဝင်

တေးသီငှက်/ရွှေဘဝင်၊ -ရန်ကုန်

သစ္စာမွန်စာပေ၊ ၂၀၁၅။

၂၁၈ - စာ၊ ၁၂ × ၁၈ စင်တီ။

(၁) တေးသီငှက်


www.burmeseclassic.com

www.burmeseclassic.com

# အဖွင့်

ဒီဇင်ဘာလ၏နှင်းစက်တို့သည် မိုးစက်များပမာ မြေပြင်ပေါ်သို့ တစ်ပေါက်ချင်းကျရောက်နေလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ပြီးငြိမ်သက်နေသော... အချိန်ကာလတစ်ခုမှာတော့...

ရှေးဟောင်းနန်းဆန်လှသော နှစ်ဆောင်ပြိုင်အိမ်ကြီး အတွင်းမှာ လူတစ်ယောက် အိပ်နေရာမှထပြီး ညနေကတည်းက အဝတ်များ ထည့်ထားသော လွယ်အိတ်ကိုသိုင်းလွယ်လိုက်သည်။ ထိုလူက နှစ်ဆောင်ပြိုင်အိမ်ကြီးတွင် နှစ်ပေါင်းများစွာလုပ်ကိုင်ခဲ့သော... ဦးလှိုင်ဘွားပင်ဖြစ်၏။

---



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့လည်း ဦးလှိုင်ဘွား နစ်ဆောင်ပြိုင် အိမ်ကြီးကို စတင်ပြီး ကျောခိုင်းရမည့်နေ့ပင်မဟုတ်လား...။ သူတစ် ယောက်တည်းတော့ မဟုတ်...နစ်ဆောင်ပြိုင်အိမ်ကြီး၏နောက်ဆုံးမျိုးဆက်ကလေးကိုယ် တော်လေးစိုင်းစပ်နိုင်ကိုပါခေါ်ဆောင်သွားရတော့မည်။

"ရှပ်...ရှပ်..."

ဦးလှိုင်ဘွားခြေသံကိုလုံအောင်လျှောက်ပြီး ကိုယ်တော်လေး အိပ်သောအခန်းဆီသို့ လာခဲ့သည်။

BURMESE CLASSIC

အိမ်ကြီးတစ်ခုလုံး အပ်ကျသံ တောင်ကြားရအောင် ငြိမ်နေ ပေမယ့် အိမ်ကြီးအပြင်ဘက်တွင်တော့ဒေါ်စောကလျာနှင့်ဦးရီးတော် သျှန်းတို့၏ ကြေးစားတပည့်တွေကအရက်ဝိုင်းဖွဲ့ပြီး စောင့်ကြပ်နေ သည်။

ဒေါ်စောကလျာနှင့် ဦးရီးတော်သျှန်းတို့ကတော့ ပါတီပွဲ တစ်ခုသို့သွားနေခြင်းကြောင့် အိမ်တွင်မရှိကြ...

"ကိုယ်တော်လေး...ကိုယ်တော်လေး..."

"ရှူး...ကျုပ်မအိပ်ပါညာဘူး...ဗျ...ဦးလှိုင်ကိုစောင့်နေတာ"

အသက်(၈)နှစ်အရွယ်သာရှိသေးသော ကိုယ်တော်လေး



www.burmeseclassic.com

www.burmeseclassic.com



"မတက်ရပါဘူး ကိုယ်တော်လေး လွယ်လွယ်ကူကူတက်လို့ရအောင် ဝါးလှေကားတစ်ခုကို အဆင်သင့်လုပ်ထားပါတယ်"

နစ်ဆောင်ပြိုင်အိမ်ကြီးကို ကျော်နိုင်းပြီးပြင်ဆင်ထားသော ခြံထောင့်ဆီသို့လာခဲ့ပြီး ဦးလှိုင်ဘွားကိုယ်တော်လေးကို အရင် တက်နိုင်းပြီး သူနောက်မှတက်ခဲ့သည်။

"တက်တာတော့ဟုတ်ပါပြီ ဘယ်လိုပြန်ဆင်းမလဲ ဦးလှိုင်ဘွား"

"ကိုယ်တော် ဒီကြိုးလုံးကိုကိုင်ထားပြီးဆင်းပါ ကျွန်တော်မျိုး အပေါ်ကနေ လျှောပြီးချပေးမယ်"

ဦးလှိုင်ဘွားအိတ်တွေကိုတစ်ဖက်သို့အရင်ပစ်ချပြီးကိုယ်တော်လေးကိုလျှော့ချပေးလိုက်သည်။ ပြီးမှသူလည်း ကြိုးဖြင့် အုတ်တံတိုင်းကိုခြေကန်ပြီး အောက်သို့ဆင်းခဲ့တော့သည်။

"အောင်ပြီ... အောင်ပြီဗျ..."

"ကိုယ်တော်လေး ဒီနယ်မြေကလွတ်အောင်သွားမှ သူတို့လက်ကိုမရောက်မှာ ဒီနယ်မြေမှာကသူတို့လူတွေချည်းပဲ"

နင်းတွေအဆက်မပြတ်ကျနေသည့် ထင်းရှူးတောလမ်းကလေးအတိုင်း ပြေးလာခဲ့ကြရင်း....



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းစပ်နိုင်တံခါးနားရောက်လာပြီးသူ့ပခုံးတွင် ကျောပိုးအိတ်ကလေး လွယ်လျက်

"သွားလို့ရပြီလားဦးလှိုင်ဘွား"

"ရပါပြီကိုယ်တော်လေး..."

"ဒါဆိုသွားကြမယ်၊ ဟိုမိထွေးတော်ကြီးနဲ့ လူ့ဘီလူးကြီး ပြန် လာရင်ခက်မယ်"

"ကောင်းပါပြီကိုယ်တော်လေး"

ကိုယ်တော်လေးအိပ်ခန်းမှ နောက်ဖေးဘက်ဆီသို့ ခပ် သွက် သွက်လေးလာခဲ့ကြပြီး နောက်ဖေးတံခါးကိုဖွင့်လိုက်သည်။

"ဦးလှိုင်ဘွားဟိုလူ့ဘီလူးမွေးထားတဲ့ခွေးရန်ကို ဘယ်လိုရှင်း လဲ..."

"ဒီအတွက်မပူပါနဲ့ ကိုယ်တော်လေး ခွေးတွေကို ညနေအစာ ကျွေးကတည်းက အိပ်ဆေးတွေထည့်ပြီး ကျွေးထားပြီးပါပြီ"

"ကျုပ်တို့ကဘယ်ကနေထွက်မလဲ"

"နောက်ဖေးခြံထောင့်ကနေ ထွက်ရမှာပါ"

"အုတ်တံတိုင်းကိုကျော်ပြီးတက်ရမှာပေါ့ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလှိုင်ဘွားကျုပ်ခြေထောက်တွေနာလိုက်တာဗျာ"

"ဟင်"

မွေးကတည်းက ကတ္တီပါခင်းနှင့် ပန်းမွေ့ရာပေါ်မှာ ကြီးပြင်းခဲ့ရသော ကိုယ်တော်လေးကို ဦးလှိုင်ဘွားကြည့်ပြီးရင်ထဲမှာမကောင်းလှပေ…

"ကျွန်တော်မျိုးပခုံးပေါ်ကာ လိုက်ခဲ့ပါ ကိုယ်တော်လေး"

"ဟာ… မဖြစ်ပါဘူး"

"ကျုပ်မလိုက်ဘူး ဆက်ပြီးလျှောက်မယ် ဦးလှိုင်"

"မလုပ်ပါနဲ့ ကိုယ်တော်လေးအချိန်မီသွားရမှာဆိုတော့ ကိုယ်တော်လေးတက်မှာသာတက်ပါ"

"ကျုပ်က[illegible]ကျိုးပဲ ဘာလို့ဒီခြေထောက်နာတာလေးကို ခံနိုင်ရည်မရှိရမှာလဲ… သွားမယ်"

"ကိုယ်တော်လေး"

ဦးလှိုင်ဘွားဘာသိလိုမှပြောမရတာမို့ လက်ကလေးကိုဆုပ်ကိုင်ပြီးထွက်လာခဲ့ရပြန်သည်။

"ကျုပ်တို့ဘာနဲ့သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရေရှူးဆိုရင် ကားလမ်းကိုရောက်ပြီ ဒီကနေ ညဘက်ထင်း တဲ့ကုန်ကားတွေကိုအကူအညီတောင်းပြီးသွားကြမယ်လေ ကိုယ် တော်လေးကိုတစ်ခုမေတ္တာရပ်ခံချင်တယ် တခြားတော့မဟုတ်ပါဘူး ကိုယ်တော်လေးနဲ့ခုသွားရမယ့်ခရီးမှာ ဘယ်သူမှ မရိပ်မိအောင် ကျွန်တော်မျိုးတို့ရဲ့အခေါ်အဝေါ်တွေကို ပြောင်းပါရစေ"

"ဦးလှိုင် ကောင်းသလိုပြော၊ ကျုပ်က ဒီအသုံးအနှုန်းတွေကို မကြိုက်ဘူး၊ ခေါ်ချင်သလိုသာခေါ်တော့"

"ကျေးဇူးတင်ပါတယ် ကိုယ်တော်လေး၊ ကိုယ်တော်လေးကို စိုင်းလို့ခေါ်မယ်"

"ကျုပ်ကရော ဦးလှိုင်ကို ဘယ်လိုပြန်ပြီးခေါ်ရမလဲ"

"ဦးလှိုင်လို့ပဲခေါ်ပါ...ကိုယ်တော်လေး"

"ဦးလှိုင်ကသာ ပြောင်းခေါ်ဖို့ပြောပြီး ခုထိ ပါးစပ်ထဲမှာ ကိုယ် တော်လေး၊ကိုယ်တော်လေးနဲ့ဖြစ်နေတယ်"

"အကျင့်ကြီးတစ်ခုကို လွယ်လွယ်နဲ့ ဖျောက်လို့မရဘူးဖြစ်နေ တာ၊ နောက်ဆို သတိထားပြီး ခေါ်ပါ့မယ်"

"ကဲ...ခရီးစခေါ်ကြည့်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်စိုင်း..."

"ဦးလှိုင်"

နှစ်နဲ့ရှိပြီး ခေါ်ခဲ့တဲ့ အစ္စလေးကို ကြိုးစားရှာလောက်ပြီး ခေါ်ရင်း ကားလမ်းဆီသို့ရောက်ခဲ့ကြသည်။

"ဟိုမှာ ကားတစ်စီး"

"ဟင်...ဒါ...ဟို...မောင်စိုင်းရဲ့မိတ္တွေးတော်တို့ကားများ ဖြစ်နေ လေသလားပဲ"

"ဒါဆို သွားပြီး ပုန်းကြရအောင်"

ကားလမ်းနံဘေးက သစ်ပင်ကြီးနောက်တွင် ဝင်ပြီးပုန်းနေ တိုက်သည်။ ဦးလှိုင်တို့ ထင်သည့်အတိုင်း ဒေါ်စောကလျာနှင့် ဦးနိုးတော် သျှန်းတို့ ကားဖြစ်နေသည်။

"ကျွန်တော်တို့အချိန်ကတ်သီလေး လွတ်လာခဲ့တာပဲ"

"မောင်စိုင်း... သူတို့အိမ်ကိုရောက်လို့မောင်စိုင်းကိုမတွေ့တာ ...လုန်ပြီး ရှာတော့မှာသေချာတယ်၊ ဒီနေရာမှာ အကြာကြီးနေလို့ ...တော့ဘူး"

"ဒါဆို ရပ်နေမယ့်အစားလမ်းလျှောက်ရင်း ကားကိုစောင့်ရင်



www.burmeseclassic.com

www.burmeseclassic.com



ရော မကောင်းဘူးလား"

"ကောင်းပါတယ်၊ ဒါပေမယ့် မောင်စိုင်း ပင်ပန်းနေမှာ စိုးလို့ပါ"

"ပင်ပန်းတာထက် သူတို့လက်က လွတ်ဖို့က အရေးကြီးတယ်"

အလွန်ချမ်းအေးလှသော တောင်ပေါ်ဒေသ၏ ကားလမ်းပေါ်မှာ အခံအအေးဒဏ်ကို အန်တုရင်း သွားနေရတဲ့ သူ(၂)ဦး...

"ကျွန်တော် ဘယ်တော့မှမကျေနပ်ဘူး"

"မောင်စိုင်းပြောတာ မိထွေးတော်နဲ့ဦးရီးတော်လား"

"ဟုတ်တယ်၊ ကျုပ်အရွယ်နဲ့ မမျှလို့ပေါ့ဗျာ၊ နိုင်မိုဆိုရင် ပြန်ပြီး ဆော်ချင်နေတာ"

"တစ်နေ့ သူတို့အလှည့်ရောက်မှာပါ မောင်စိုင်းရယ်"

"ကျုပ်ကြီးလာတဲ့တစ်နေ့ ဒင်းတို့ကို ကောင်းကောင်းဆုံးမရမယ်"

ကိုယ်တော်လေး စိုင်းစပ်နိုင်ဟာ အရွယ်ငယ်သော်လည်း သူ့စကားမှုတွေက ခါးခါးသီးသီးပင်ရှိနေသည်။

"အစ်ကိုတော်ရယ် ဘာကြောင့် ဒီလောက်ကောင်းကျစ်လှတဲ့



www.burmeseclassic.com

www.burmeseclassic.com



မြေခွေးမကိုမှ လက်ထပ်ခဲ့ရတာလဲ... ပြီးတော့ အစ်မတော်ကရော ဘာကြောင့် လူ့လောကကြီးထဲက အစောကြီးထွက်သွားရတာလည်း ဗျာ...”

ဦးလှိုင်ဘွားရင်မှာ ကွဲအက်ကြေမွနေတဲ့စကားတွေကို ပြောလိုက်ပြီးကိုယ်တော်လေးကိုပွေ့ပြီးပခုံးပေါ်သို့တင်လိုက်တော့သည်။

နငယ်လှသော ကလေးငယ်အတွက် ခရီးပန်းမှုနှင့် သဘာဝ ဒဏ်ကိုဘယ်လိုမှမခံနိုင်တော့ပေ။

ညဥ့်နက်လေ အအေးဒဏ်ကပိုပြီး ကဲလေဖြစ်နေတာမို့ ဦးလှိုင်ဘွား...ကိုယ်တော်လေးတို့ဆက်ပြီးဒီအတိုင်းသွားလို့ မရတော့ဘူးဆိုတာကိုသဘောပေါက်လိုက်သည်။

“ရှူး...”

“ဟင်...”

အဝေးဆီမှကြားလိုက်သော ကားသံကြောင့် စိတ်ထဲတွင် တုန်လှုပ်ချောက်ချားသွားသည်။ ထိုကားသံတို့သည် အရှေ့ဘက်ဆီမှ လာခြင်းမဟုတ်ပေမယ့်ကြားနေရသောကားသံမှာ ကုန်တင်ကားကြီး သံမဟုတ် ဂျစ်ကားသံဖြစ်နေသဖြင့် ဦးလှိုင်ဘွားတို့နောက်သို့ လိုက်



www.burmeseclassic.com

www.burmeseclassic.com



လာသောစောကလျာ၏ကြေးစားတပည့်များ၏ ကားသံပင် ဖြစ်နိုင်သည်။

ဦးလှိုင်ဘွားပန်းပေါ်က ကိုယ်တော်လေးကတော့ ရှမ်းမအားမှ အကြောင့် တုန်ယင်နေလေသည်။

"ဟူး... ခုကွဲပဲ ပုန်းစရာနေရာကမရှိဘူး၊ ကွင်းပြင်ကြီးဆိုတော့ ခင်းတို့သေရာပေါက် တွေ့မှာပဲ"

ဦးလှိုင်ဘွားက ပတ်ဝန်းကျင်ကို မျက်လုံးကစားပြီး အားကိုးမှု တစ်ခုကိုရှာဖွေရာ

"ဟာ"

အဝေးမှိုင်းပျပျတွင် မီးရောင်လေးတစ်ခုကို လှမ်းပြီးတွေ့လိုက် ရသဖြင့်ဦးလှိုင်ဘွားတို့အတွက် နောက်ထပ်မျှော်လင့်ချက်နေရာလေး တစ်ခုပင်ဖြစ်တာမို့ ခြေကုန်သုတ်ပြီး ပြေးသွားရတော့သည်။ အသံ အရှယ်စကားပြောလာပြီဖြစ်သောကြောင့် စိတ်သွားတိုင်း ခန္ဓာကိုယ် ကမလိုက်နိုင်တော့ပေ၊ လမ်းတွင်ခဏနားပြီးထပ်ပြီးပြေးခဲ့ရပြန် သည်၊ ပန်းပေါ်ကကိုယ်တော်လေးရဲ့ ညည်းသံတွေကြောင့် ဦးလှိုင်ဘွား မြေကြီးနှင့်ခြေထောက် ထိသည်ဟုပင် မထင်လိုက်ပဲ အိမ်က



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ရောက်သွားတော့သည်။

"အိမ်... အိမ်ရှင်တို့... တံ... တံခါးဖွင့်ပါဦး"

အိမ်အဝင်ဝ တံခါးကြီးရှေ့တွင် ကိုယ်တော်လေးကိုပွေ့ချီပြီး ကုန်စမ်းနေသောအားအင်တွေကြားမှ တံခါးကိုထုရင်း ခေါ်လိုက်ရသည်။

"ကျိ.."

"ဟာ... ဒုက္ခသည်တွေနဲ့တူတယ်"

"ဟုတ်... ဟုတ်ပါတယ်"

"ကဲဝင်ကြ... ဝင်ကြ"

အိမ်ကြီးထဲမှ လူတစ်ဦးကိုယ်တော်လေးကို ပွေ့မပြီး အိမ်ကြီးထဲသို့ ခေါ်ခဲ့တော့သည်။

"ကလေးတစ်ကိုယ်လုံး အေးစက်နေပါလား"

"ဆရာရယ်ကယ်ပါဦးဗျာ..."

"ခဏလေး"

ထိုလူအခန်းထဲကိုဝင်သွားပြီးအနီရောင်ဆေးပုလင်းတစ်လုံး ကိုယူလာပြီး မီးဖိုကြီးဘေးနားတွင် တည်ထားသော ရေနွေးအိုးထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ရေခနွေးတစ်ခွက်ကိုငှဲ့ကာထိုဆေးနှင့်ရောစပ်ပြီး၊

"ကလေးကိုတိုက်လိုက်ပါ"

"မောင်စိုင်း..သားလူလေး ပါးစပ်ဟ ဆေးသောက်ရအောင်"

ဦးလှိုင်ဘွား ကိုယ်တော်လေးပါးစပ်နားတွင် ဆေးခွက်ကိုတေ့ပြီးတိုက်လိုက်တော့သည်၊

"သူ့ကိုမီးဖိုဘေးမှာ စောင်လေးခြုံပြီးသိပ်လိုက်ပါ .. မကြာခင် နဂိုအတိုင်းပြန်ကောင်းသွားမှာပါ ကလေးကသိပ်ပြီး နုနယ်ပုံပဲ... ဒါကြောင့် အအေးဒဏ်ကြောင့် သွေးခဲသလိုဖြစ်သွားတာပါ"

"ဆရာကျေးဇူးမမေ့ မပါဘူးဗျာ"

"လူလူချင်းကူညီရမှာ လောကကြီးရဲ့ထုံးတမ်းစဉ်လာတစ်ခုပါ။ ခင်ဗျားတို့နောက်ကိုတစ်စုံတစ်ယောက်လိုက်လာတဲ့ပုံစံမျိုး ဖြစ်နေတယ်"

"ဟုတ်ပါတယ် ကျွန်တော်တို့နောက်ကို လူတစ်စုက လိုက်ပြီးသတ်ဖြတ်နေလို့ဒီဘက်ကိုပြေးလာခဲ့ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လည်းဆိုတာတော့ ကျုပ်မမေးတော့ ပါဘူး...၊ လူတွေမှာ ကိုယ်နောက်ကြောင်းရာဇဝင်တစ်ခုစီတော့ရှိကြတာပဲ...၊ ခင်ဗျားတို့နောက်ကြောင်းက ဘာတွေဖြစ်ဖြစ် လက်ရှိအခြေအနေမှာ ခင်ဗျားတို့(၂)ယောက်ဟာ ဒုက္ခရောက်နေကြတဲ့ လူတွေဖြစ်နေတော့ ကူညီရမှာကျုပ်တာဝန်ပါပဲ၊ ဘာမှမပူနဲ့ ကျုပ်ရှင်း ပေးမယ်၊ ဒီအတွက် ထပ်ပြီးကျေးဇူးတင်စကား ပြောစရာမလိုပါဘူး"

"လာနေကြပြီပဲ... လက်ထဲမှာသေနတ်ကိုယ်စီနဲ့ ဆိုတော့ အမှောင်သားတွေဖြစ်ဖို့များတယ်၊ ခင်ဗျားတို့အခန်းထဲကို ကောဝင်ပြီး နေလိုက်ကြ၊ ကျန်တာ ကျုပ်ရှင်းမယ်"

ဦးလှိုင်ဘွားနှင့်ကိုယ်တော်လေးတို့ အခန်းထဲကိုရောက်ပြီး မကြာမီအိမ်တံခါး ခေါက် သံကိုကြားလိုက်ရ၏။ ထိုလူတံခါးကိုဖွင့်ပြီး အေးဆေးစွာပင်၊

"ဘာကိစ္စလဲမောင်ရင်တို့"

"ခင်ဗျားအိမ်ကို ကလေးတစ်ယောက်နဲ့ လူကြီးတစ်ယောက် ရောက်လာတယ် မဟုတ်လား"

"ဒီလွင်ပြင်မှာကျုပ်အိမ်တစ်လုံးပဲရှိတာလေ... မင်းတို့ထင်လား



www.burmeseclassic.com

www.burmeseclassic.com



မမှားဘူး"

"ဒါ ဗိုစုထုတ်ပေးစမ်း"

"မောင်ရင့်အသံကသေနတ်အရှိန်နဲ့ပြောနေသလိုပဲ"

"စကားမရှည်နဲ့ဗျာ၊ စုထုတ်ပေး...၊ မထုတ်ပေးရင် ကျုပ်တို့လက်တွေက လူသတ်ရမှာသိပ်ပြီးဝန်မလေးဘူး"

"မောင်ရင် သေနတ်ကိုလွတ်လပ်စွာပစ်ပိုင်ခွင့်ပေးထားတဲ့နေရာကိုရောက်နေတယ်လို့ထင်နေသလားမသိဘူး"

"ဒီလူကြီးကွာ...ငါ့လက်ကယားနေပြီ"

"ကောင်းပြီဒါသသိပ်ပြီးမကြီးပါနဲ့ထုတ်ပေးရမှာပေါ့...၊ရှိ..."

ထိုလူလေးလွှန်သံလေးတစ်ခုကိုပေးလိုက်သည်နှင့်

"ဂေါင်း... ဂီး"

"ဟာ...ဟင်...အား...ကျားနက်ကြီးတွေ"

"ပစ်...ပစ်..."

သေနတ်သမားတစ်ယောက်ကသေနတ်ပစ်ဖို့ပြင်ချိန်မှာကျားသစ်နက်ကြီးကပြေးပြီးသေနတ်ကိုပုတ်ရိုက်ကာ ကိုက်ဖြတ်ပြီးဖြတ်လိုက်ချိန်တွင်...



www.burmeseclassic.com

www.burmeseclassic.com



"သားကြီး၊ သားလတ်၊ သားငယ် သေသေအောင်မလုပ်နဲ့"

"ဂိး... ဝေါင်း..."

ဦးလှိုင်ဘွားတို့နောက်ကိုလိုက်လာကြသော သေနတ်သမား (၅)ယောက် ကျားသစ်နက်ကြီး(၃)ကောင်ကိုယှဉ်နိုင်စွမ်းမရှိတော့ဘဲ သေနတ်ကိုပင် ပြန်ပြီးမကောက်နိုင်ဘဲ နောက်ကြောင်းကိုသာ ခြေတင်ပြီး ပြေးလေတော့သည်။

"မင်းတို့နေရာကို မင်းတို့သွားလို့ရပြီ... ဇော်ဆိုသေနတ်တွေကို ယူပြီး ချောက်ထဲသာချလိုက်"

ထိုလူအိမ်ထဲကိုပြန်ပြီးဝင်ကာ...

"အပြင်ကိုထွက်လာလို့ရပါပြီ ကဗ္ဗာလေးကိုကျုပ်ခုတင်ပေါ်မှာ သာသိပ်ထားလိုက်ပါ"

ဦးလှိုင်ဘွားအပြင်ကိုပြန်ထွက်လာကာ မီးဖိုဘေးမှာထိုင်လိုက်သည်။

"တောင်ပေါ်ဒေသမှာ ရခဲလှတဲ့ကောက်ညှင်းလက်ဖက် ချောက်လေးနဲ့သွေးတွေနွေးသွားအောင် သောက်ဗျာ..."

"ကျုပ်တို့ကြောင့် ခင်ဗျား ...ကိုဒီကောင်တွေ ဒုက္ခလာပေးနေရ



www.burmeseclassic.com

www.burmeseclassic.com



ဦးမှာပဲဗျာ"

"ဟား... ဟား...ဟား..."

ဦးလိုင်ဘွားစကားကိုထိုလူအားပါးတရရယ်မောပြီး..

"နောက်ကျုပ်နယ်မြေကိုရလိုပုံစံမျိုးနဲ့လာရင်အသက်ရှင်ရက်နဲ့ပြန်သွားလို့မရပါဘူး၊ ဒါတွေကိုခေါင်းထဲထည့်မနေနဲ့ ကျုပ်ကိုကျုပ်အရင်မိတ်ဆက်ပေးမယ်"

"ဟုတ်ကဲ့"

"ကျားသစ်နက်စိုင်းဆေးပါလို့ခေါ်တယ်"

"ဟင်"

ဦးလိုင်ဘွားထိုအမည်ကို ကောင်းကောင်းကြားဘူးသည်။ ဤဒေသဘက်တွင် ကျားသစ်နက်စိုင်းဆေးပါဟာ မှော်ဆရာတစ်ဦးလို့တောင် လူတွေကသတ်မှတ်ထားကြတယ်...။

"ဘာလဲကျုပ်နာမည်ကိုကြားဖူးသွားပြီလား"

"ဟုတ်တယ် ခင်ဗျားကို လူတွေကမှော်ဆရာကြီးလို့တောင်ပြောနေကြတာ"

"ဟား..ဟား..ဟား..လူတွေကတွေ တကယ်ရယ်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျာ၊ ထားပါလေ သူတို့ဘယ်လိုပဲထင်ထင် ကျုပ်အတွက် ဘာမှ အရေးကြီးလှတဲ့ကိစ္စမဟုတ်ပါဘူး။ တစ်ခုတော့ရှိတယ်၊ ကျုပ်က ရှမ်းမြို့ရာ ပဌလက်အတတ်ပညာတွေကို မျိုးရိုးဆက်ပြီး သင်ကြားထားတဲ့ လူတစ်ယောက်၊ ပဌလက်ပညာဆိုတာ လှည့်စားခြင်းအတတ်ပညာ တစ်ခုပါ၊ ဒီထက်ပိုပြီး ထူးခြားတာ ဘာမှ မရှိဘူး"

"ကျုပ်အမည်က လှိုင်ဘွားပါ"

"နစ်ဆောင်ပြိုင်စံအိမ်ကြီးရဲ့သစ္စာရှိကျေးကျွန်ကြီးဆိုတာကို အညွှန်ပြီးမပြောနဲ့၊ ခုနက ကလေးဟာ ကိုယ်တော်လေး စိုင်းစပ်နိုင်ဆိုတာလည်းကျုပ်သိတယ်၊ စောစောက လိုက်လာတဲ့ကောင်တွေက နစ်ဆောင်ပြိုင်စံအိမ်ကြီးကို သိမ်းပိုက်ထားတဲ့ ဒေါ်နန်းစောကလျာရဲ့ ထိုက်ခွေးတွေဆိုတာလည်းကျုပ်သိတယ်"

"ခင်ဗျားက နစ်ဆောင်ပြိုင်ကြီးရဲ့အကြောင်းတွေကို အတွင်းအကျအများသိနေသူလားဗျာ"

"ကျုပ်က လိမ်ညာပြီးပြောရမှာ ရှောင်တတ်သူပါ၊ ပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ ကျုပ်ဒီနေရာကိုရောက်နေတာ ခင်ဗျားတို့ (၂)ဦးကို စောင့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ–"

"သိပ်ပြီးအံ့ဩသွားလား ဦးလှိုင်ဘွား။ ဘာကြောင့်စောင့်ရသလဲဆိုတာကိုတော့ ကျုပ်မှာပြောပြပိုင်ခွင့်မရှိသေးဘူး။ နောက်တစ်ချိန်တော့ ခင်ဗျား သိရမှာပေါ့၊ အရေးကြီးတာ ဒီနေ့ရောကနေ ခင်ဗျားနဲ့ ကိုယ်တော်လေး လွတ်မြောက်ဖို့ကို အရင်ကြိုးစားရမယ်၊ ခင်ဗျား ဘယ်လိုထွက်မယ်လို့ စိတ်ကူးထားလဲ"

"ဒီကနေ ကားကြုံနဲ့ထွက်မလားလို့ပါ"

"ဦးလှိုင်ဘွားရယ်၊ ခင်ဗျား ခုလို တွေးမယ်ဆိုတာသိလို့ ကျုပ်မဖြစ်မနေ ဒီနယ်မြေမှာ ခြေချပြီးနေရတာ၊ ခင်ဗျားထွက်တာနဲ့ သူတို့ လက်ထဲကို ပြန်ပြီးရောက်သွားမှာပေါ့၊ ဒျွန်းဆိုတဲ့ကောင်က ခင်ဗျားတို့ ပြေးလမ်းတွေကို အစကတည်းက ကြိုတင်ပြီး ပိတ်ထားတာ၊ ခင်ဗျား ကားပေါ်က ဆင်းတာနဲ့ ငှက်ကလေး၊ ကြွက်ကလေး ဖမ်းတာ ထက် တောင်လွယ်ကူသွားမှာ"

"ကျုပ် ဘယ်လိုလုပ်ရမလဲ ဗျာ၊ ကျုပ်ဘဝမှာက ဒီလို စွန့်စားမှုတွေကို လုပ်ဖူးတာမဟုတ်ပါဘူး၊ ပြီးတော့ စံအိမ်ကြီးထဲမှာ အသက်ကြီးခဲ့ရသူပါ၊ ဘေးပတ်ဝန်းကျင်အခြေအနေကို တကယ် မသိခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်စကားက ကုန်နေပြီလေ၊ ကျုပ်ဒီမှာနေတာ ခင်ဗျားတို့ (၂)ယောက်ကို ကူညီဖို့ရောက်နေတာပါ၊ မနက် အလင်းမထွက်ခင် ဒီနေရာကနေ ခွာမယ်၊ ခင်ဗျားလည်း အရမ်းကိုပင်ပန်းလာပြီဆိုတော့ အနားယူလိုက်ပါဦး"

ဦးလှိုင်ဘွား.. စိုင်းဆေးပါကို သတိပြုမိတာကတော့ အသက် အရွယ်ကြီးရင့်သလို ရှိနေပေမယ့် အသံတွေက အားမာန်တွေနဲ့ နုငယ် နေသလို ရှိနေ၏။

"ဒီအိမ်က ခင်ဗျားအိမ်မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ခင်ဗျားတို့ နစ်ဆောင်မြို့ငြိမ်အိမ်ကြီးနဲ့ အနီးဆုံး နေရာမှာ နေချင်လို့ ငှားထားတာ၊ စိုင်းဆေးပါဆိုတဲ့နာမည်ကလည်း အတုဖြစ်သလို လူကလည်း အတုပါပဲ"

"ဟာ..."

စိုင်းဆေးပါ သူ့မျက်နှာက အတုလုပ်ထားတဲ့အရေပြားတွေ ကို ခွာလိုက်သည်။ ဦးလှိုင်ဘွားတွေးမိသလို အသက် (၃၀) ဝန်းကျင် အသက်ရှိသော လူရွယ်တစ်ဦးဖြစ်နေသည်။

"ကျွန်တော့်နာမည်အရင်းက မင်းဆက်မဏ္ဍိုင်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ထာဝန်က ဦးလှိုင်ဘွားနဲ့ ကိုယ်တော်လေးကို ကယ်တင်ဖို့ ဒီဒေသကို ရောက်လာခဲ့တာပါ"

"ကျုပ်တို့ထွက်လာမယ်ဆိုတာကို ဘယ်လိုလုပ်ပြီးသိလဲ"

"ဘယ်နေ့ထွက်လာမလဲဆိုတာတော့ မသိထားပါဘူး။ ဒါပေမယ့်မဖြစ်မနေ ထွက်လာမယ်ဆိုတာကိုတော့ သိနေတဲ့လူက ပြောလို့ ကြိုတင်ပြင်ဆင်ပြီးစောင့်နေတာပါ၊ ဒီလူဟာ ဘယ်သူလဲဆိုတာတော့ မမေးပါနဲ့ ဦးလှိုင်ဘွား၊ အချိန်တန်တော့ သိရမှာပါ၊ နန်းတော်ကလျှာနဲ့ ဦးရိုးတော်သျှန်းတို့ကတော့ ဦးလှိုင်ဘွားတို့ (၂)ယောက်ကို မြေလှန် ရှာတင်မကဘူး၊ ကောင်းကင်ကြီးပါ ဝါးစားပြီးရှာဖွေမှာသေချာတယ်၊ လွတ်မြောက်ဖို့ကတော့ အစက်ခဲဆုံး အန္တရာယ်အများဆုံးကို ကျော် ဖြတ်ရမှာပဲ"

"ကုန်းမြေမြင့်လမ်းကနေ ဘယ်လိုမှ သွားလို့မရနိုင်တော့ဘူးပေါ့"

"မရနိုင်တော့ဘူး ဦးလှိုင်ဘွား၊ တောလမ်းရှောင်ကနေ ဖောက် ပြီးထွက်ရမှာ၊ ခရီးကြမ်းမယ်၊ ကိုယ်တော်လေးအတွက်တော့ အကောင်းဆုံး စီစဉ်သွားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော်လေးက အရမ်းကို နုလှတဲ့ကလေး ဖြစ်နေတော့ တောကြမ်းကြီးကိုဖျောက်နိုင်မှာမဟုတ်ဘူး မင်းဆက်မင်္ဂလိုင်"

"မင်းဆက်လို့ပဲခေါ်ပါ။ ကျွန်တော် ဒါတွေကို ကြုံဖူးပြီး ဖြင် ဆင်လာဘူးပါတယ်"

"ဂိ..."

ဇီးကွက်ငှက်တစ်ကောင်အသံကြောင့်

"ဟိုကောင်တွေရောက်နေပြီ၊ ကျွန်တော့်နယ်မြေထဲ မဝင်ရဲလို့ အပြင်မှာစောင့်နေကြတယ်၊ အလင်းရောက်တာနဲ့ ဝင်ပြီးစီးကြမှာ သေချာတယ်"

"ဟင်..ဒါ...ဒါဆို"

"ဦးလှိုင်ဘွား အိမ်ရေးဝအောင် အိပ်လိုက်ပါ"

မင်းဆက်မှာတော့ ဘာမှ မဖြစ်သလိုဘဲ ရေနွေးလေးကို သောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

မင်းဆက်က စိတ်ချစွာ အိပ်နိုင်ပေမယ့် ဦးလှိုင်ဘွားမအိပ်နိုင်ခဲ့ပါ။ ဘာတွေဖြစ်မလဲဆိုတာကိုပဲ စိုးရိမ်စွာနဲ့ နားစွင့်နေသည်။

"ဦးလှိုင်ဘွား"

"မောင်မင်းဆက်"

"ဦးလှိုင်ဘွား အိပ်လို့မရဘူးနဲ့တူတယ်"

"ဟုတ်တယ်ကွယ်၊ ဘယ်လိုမှ စိတ်ကို ဒုံး ဒုံးချပြီး အိပ်လို့မရဘူး"

"သွားကြဖို့ အချိန်ရောက်ပြီ၊ လမ်းခရီးမှာ အစာစားချိန်



www.burmeseclassic.com

www.burmeseclassic.com



သိပ်ပြီးမရနိုင်ဘူး။ တစ်ခါတည်း ဗိုက်ပြည့်အောင် ဖြည့်ထားလိုက်၊ ကိုယ်တော်လေးကတော့ ဆေးအရှိန်နဲ့ အိပ်ကောင်းတုန်း။ သူ့ကို ဦးလှိုင်ဘွားပခုံးပေါ်တင်ပြီး ခေါ်ခဲ့တော့"

မင်းဆက်ပေးသော ကောက်ညှင်းထုပ်လေးကို ဂျိုသားကြော်နှင့်စားပြီး အိပ်ပျော်နေဆဲကိုယ်တော်လေးကို ပခုံးပေါ်တင်ခဲ့သည်။

"ကျို..."

"အဲ..."

ကြမ်းပြင်တံခါးချပ်ကြီးကို ဖွင့်တော့ မြေအောက်ကိုဆင်းသော လှေကားထစ်လေးကိုတွေ့လိုက်ရသည်။

"ကျွန်တော် ရှေ့ကသွားမယ်၊ နောက်ကလိုက်ခဲ့တော့"

"ကျိုင်း..."

ဦးလှိုင်ဘွားတို့မြေအောက်ကိုရောက်သည်နှင့်ကြမ်းပြင်တံခါးကြီးကို ပြန်ပိတ်ပြီး မင်းဆက် မြေအောက်လမ်းကျဉ်းလေးအတိုင်း ထွက်လာခဲ့ကြတော့သည်။

"ဒီကောင်တွေ ဒီကြမ်းပြင်ကို ရှာတွေ့ရင်တော့ လိုက်လာနိုင်သေး"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ပါခဲ့လေ... သူတို့ရှာတွေရှိန်ကအတော့်ကိုနောက်ကျနေပြီ"

အတော်ကြာအောင် လျှောက်လာပြီးရေစီးသံတစ်ခုကိုကြားလိုက်ရပြန်သည်။ ထို့အပြင်အလင်းရောင်ကိုလည်း ဝမ်းတဝါးဝါးတွေ့နေရသလို..

"မြေအောက်လမ်းကတော့ ဆုံးသွားပြီ"

မြေအောက်လမ်းအဆုံးတွင် ချောင်းကလေးတစ်ခုကိုတွေ့လိုက်ရသည်။ ထိုချောင်းကလေးမှာ တောင်ကျချောင်းကလေးတစ်ခု

"ကူး...ကူး...ကူး..."

မင်းဆက်...ငှက်တစ်ကောင်၏အသံလေးနှင့် တစ်ယောက်ယောက်ကိုအချက်ပေးလိုက်သောအခါ ဗလကောင်းကောင်းနှင့် လူတစ်ယောက် ရှမ်းဘောင်းဘီကြီးနှင့်ထွက်လာသည်။

"ဆက်.."

"မုန့်ယို...ငါလုပ်ခိုင်းထားတာတွေ အဲသင့်ဖြစ်ပြီလား"

"အားလုံးအဆင်သင့်ပဲ ဆက်.."

"အလင်းရောင်ထင်ထင်ရှားရှားမထွက်ခင်သွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

မုန်ယိုဆိုသူ ရှောင်းနန်ဓားက တစ်နေရာကိုသွားပြီး သစ်ပင်သစ်ကိုင်းခတွေနှင့် ဖုံးကွယ်ထားသော ဖောင်လေးတစ်ခုကိုဆွဲထုတ်လာပြီး

"ဆက်...တက်တော့၊ မနက်ရေစီးက ကြမ်းတယ်"

ဖောင်လေးပေါ်သို့ရောက်သည်နှင့် မုန်ယိုရေစပ်နားက ဖောင်ကိုတွန်းပြီး ရေခါးလောက်ကျမှ ဖောင်ပေါ်သို့တက်လိုက်သည်။

"ဟင်...ဟိုမှာ မီးခိုးလုံးတွေ"

"ဟိုကောင်တွေ ကျွန်တော်တို့အိမ်ကို အဝေးကနေ မီးထုတ်ပစ်ပြီး ထွက်လာအောင်လုပ်နေတာပါ"

"မင်းဆက်...မင်း...ကျားသစ်နက်တွေရော"

"သူတို့လမ်း သူတို့ပြန်သွားကြပြီလေ၊ မုဆိုးတစ်ဦးဆီက ဟားထားတဲ့ ကျားသစ်လီမွာတွေပါ၊ ကျွန်တော် ဒီမြို့မှာ မော်ဆရာဖြစ်အောင်ပို့ဆောင်ပေးတဲ့ဖားတပ်ပိုတွေပေါ့"

"ငါတို့လာခဲ့တဲ့မြေအောက်လမ်းက မင်းဆက်ဖောက်ထားထားလား"



www.burmeseclassic.com

www.burmeseclassic.com



"ပထမကတည်းက အိမ်ရှင်က လုပ်ထားတာ၊ ရှမ်းသူပုန်တွေ ခေါင်းကျွန်းစဉ်က လုပ်ထားတဲ့ မြေအောက်လမ်းတစ်ခုလို့ ဆိုရမှာပေါ့၊ ကျွန်တော့်အတွက်တော့ အဆင်ပြေသွားတာပေါ့"

ချောင်းကရေစီးတွေကြမ်းပေမယ့် မုန်ယိုကတော့ ဝါးတစ်လုံးဖြင့် ဖောင်ကို နိုင်နင်းစွာ ထိန်းရင်းမျှောလာကြ၏။

"ဒီကောင်တွေ ဒီပုံနဲ့ဆိုလိုက်လို့မီပါ့မလား"

"ဦးလှိုင်ဘွား...သျှန်းဆိုတဲ့လူက ဒီနယ်မြေကိုအရမ်းကျွမ်းတဲ့ လူတစ်ယောက်ဆိုတာကို မမေ့နဲ့ဗျို့၊ ကျွန်တော်တို့က သူ့ထက် ဆယ်လှမ်းလောက် ဦးမှတော်ရုံကျမှာ"

"ဦးလှိုင်...ဦးလှိုင်.."

"ဟာ...ကိုယ်တော်လေး နိုးလာပြီ"

"ကျွန်တော်တို့ဘယ်ကိုရောက်နေတာလဲ၊ ဟာ...ဖောင်ကြီးပေါ်မှာ"

"ဟုတ်ပါတယ် ကိုယ်တော်လေး"

"ဟာဗျာ...ဘာလို့ကျွန်တော့်ကို ကိုယ်တော်လေးလို့ခေါ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာရှိတဲ့လူတွေကကိုယ်တော်လေးကိုလာပြီးကယ်တင်တဲ့လူတွေပါ၊ စိတ်ချရပါတယ်"

"ဟုတ်ပါတယ် ကိုယ်တော်လေး။ ကျုပ်တို့ကိုဦးလှိုင်ဘွားလို့ပဲ သတ်မှတ်ထားနိုင်ပါတယ်"

"ကျွန်တော်က 'ဟိုစံအိမ်ကြီးထဲက နေထိုင်မှုတွေ၊ အသုံးအနှုန်းတွေကို သိပ်ပြီးမှန်းတာ၊ မခေါ်ကြပါနဲ့ဗျာ"

"ကောင်းပါပြီ၊ စိုင်းမခေါ်စေချင်ရင် မခေါ်တော့ပါဘူး"

"သူတို့က ဘယ်သူတွေလည်းဆိုတာကိုပြောပြဦးလေ"

"သူက မင်းဆက်မဏ္ဍိုင်၊ သူက မှန်ယိုတဲ့ မောင်စိုင်း"

"ကျွန်တော်တို့ နှစ်ယောက်ကို ကယ်တင်ခဲ့တာကို အရမ်းကျေးဇူးတင်ပါတယ် ကိုကြီးမင်းဆက်..."

"ရပါတယ်ကွာ...ကယ်ခွင့်ကြုံကြိုက်သွားလို့ ကယ်ရတယ်လို့ပဲ သဘောထားပါတယ်"

ကလေးတစ်ယောက်ပီပီ ဖောင်ကြီးပေါ်မှ ဘေးဘက်တွေကို ကြည့်ပြီးပျော်ရွှင်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

"ချန်း..."

ဒေါ်ခေတာကလျာ စားပွဲခုံကြီးကို လက်နှင့်ထုချလိုက်ပြီး

"ဘာမှ အသုံးမကျတဲ့ကောင်တွေ၊ အကုန်လုံးကို သတ်ပစ်

ကောင်းတယ်"

"သ...သခင်...ဟို...မော်ဆေရာကြားကာဝင်ပြီး ချပ်ရဲ့ရလို့ လွှတ်

သွားတာပါ"

"ငါ့ကို ဆင်ခြေတွေ လာမပေးနဲ့၊ မကြားချင်ဘူး၊ ငါလိုချင်တာ

သူတို့ကို ပြန်ပြီးဖမ်းမိဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောကလျာ၏မျက်နှာသွင်ပြင်တစ်ခုလုံး နီမြန်းနေပြီး မျက်လုံးမှာ စူးရှစွာနှင့်ဒေါသ၏ပုံရိပ်တွေက လွှမ်းခြုံနေဆဲ

"ကလျာရယ်ဘာလို့ဒေါသတွေဒီလောက်ထွက်နေရတာလဲ၊ ဒီကောင်တွေ မလွှတ်ပါဘူး"

"သျှန်း...ရှင်ကသာ မလွှတ်ဘူးပြောနေတာ၊ခု ဘယ်ကိုရောက်သွားမှန်းတောင်မသိတော့ဘူး"

ဦးရိုးတော်သျှန်းက သောက်လက်စ အရက်ခွက်ကို ဘေးမှာချပြီး ကလျာ၏နားတွင် ဝင်ပြီးထိုင်လိုက်သည်။

"နက်ကျော်.."

"ရှာ...ဦးရိုးတော်"

"ဟိုစားပွဲပေါ်က မြေပုံချပ်ကိုယူခဲ့စမ်း"

"ဟုတ်ကဲ့"

နက်ကျော်ယူလာပေးသော မြေပုံကိုစားပွဲပေါ်တွင် ခင်းလိုက်ပြီး

"မင်းတို့အားလုံးကြည့်ထား။ ဒီကောင်တွေ ထွက်သွားတာ ဘောဒီချောင်းရိုးအတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ဒီလောက် အနီးကပ်ပိတ်ဆို့ထားတဲ့ကြားက အယ်ပေါက်ကနေ ထွက်သွားတာလဲ"

"နက်ကျော်ရယ်... မင်းက တုံးပါဘိ၊ ဟိုက မှော်ဆရာဆိုတော့ မှော်အတတ်နဲ့ ထွက်သွားမှာပေါ့ကွာ"

"မင်းတို့ ပါးစပ်တွေ ပိတ်ထားစမ်း၊ ငါထပြီးထိုးရင် သွားတွေ ကျွတ်တော့မယ်၊ မင်းတို့ပထွေးက ဘာမှော်ဆရာမှ မဟုတ်ဘူး၊ လူ တွေကို ထင်မြင်အောင် လှည့်စားသွားတာ၊ သူတို့ထွက်သွားတာ မြေ အောက်လမ်း ကျဉ်းတစ်ခုကွ၊ ငါဒီမနက်သွားပြီးလေ့လာပြီးပြီ"

"ရှင်ပြောသလို မြေအောက်လမ်းကပဲ ထွက်တယ်ထားဦး ရောင်းအတိုင်းသွားဖို့ဆိုတာ မလွယ်ဘူး၊ ဒီချောင်းရေစီးက ဒီလောက် ကြမ်းတာ၊ ဖောင်ပဲဖြစ်ဖြစ်၊ လှေပဲဖြစ်ဖြစ် သွားလို့မလွယ်တဲ့ချောင်း ဖောင်ကို အစကတည်းက ကြိုတင်ပြီးပြင်ဆင်ထားရမှာ၊ ဒီမှော်ဆရာ လိုကောင်နဲ့ ဦးလှိုင်ဘွားက ကြိုတင်တိုင်ပင်ထားတဲ့သဘောဖြစ်နေပြီ"

"ဒါတော့ ဖြစ်နိုင်တယ်၊ သူတို့(၂)ယောက်ဟာ ကြိုတင်တိုင် ထားပြီးမှ ပြေးကြတာ၊ နောက်တစ်ခုတွေးစရာရှိတာက ဆေးဆရာ ဆို တဲ့ကောင်ဟာ ဦးလှိုင်ဘွားနဲ့ ကိုယ်တော်လေးကို ခေါ်ဖို့ကြိုတင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတဲ့လူဖြစ်နိုင်တယ်"

"ဟင်...ရှင်ပြောတာ သေချာရဲ့လား"

"ဖြစ်နိုင်ချေ အများဆုံးရှိတဲ့ စိတ်ကူးတစ်ခုပါ ကလျာ၊ ငါ တွေး တာတွေက လွဲချော်သွားတာ ရှိဘူးလို့လား"

ဒေါ်စောကလျာ ...ဦးရီးတော်သျှန်း၏ တွေးခေါ်မှုတွေပေါ်မှာ အကြွင်းမဲ့ယုံပြီးသားပင်၊ သံသယဖြစ်စရာမလို။ သျှန်း၏ အကွက်ချ ပြီးစီစဉ်မှုနှင့် နစ်ဆောင်ပြိုင်စံအိမ်ကြီးပေါ်မှာ ထိပ်ထားသခင်မ၀ါစိဦး ဘ၀ကိုရောက်ခဲ့သူမဟုတ်လား။

"ခု...ဘယ်လိုလုပ်မယ်ဆိုတာကို စဉ်းစားပါဦး"

"နက်ကျော်...မင်းနဲ့ဘီလူးတို့အဖွဲ့က ဒီကနေ့ကလူရွာကို သွား ပြီးစောင့်ကြ"

"ဟုတ်ကဲ့"

"စောသာကဦးတို့အဖွဲ့က စက်လှေနဲ့ ချောင်းရိုးအ၀ိုင်း အောက်ကနေလိုက်၊ မိုမှာမဟုတ်ပေမယ့်ဒီကောင်တွေကို ကလူရွာဆီ ထိုးဝင်ပြီး ခိုအောင်းနိုင်အောင် လှည့်တဲ့သဘောပဲ၊ ငါပြောတာ သဘော ပေါက်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ပါတယ် ဦးရိုးတော်"

"သင ့ ဘာပေါက်ရင်စု သွားကြတော့"

"ဟို..ဟို..ဦးရိုးတော်၊ ကျွန်တော်တို့က ကားနဲ့သွားရမှာလား"

"ခွေးမသား နက်ကျော်... မင်းကားနဲ့မသွားလို့ ရဟတ်ယာဉ်နဲ့ သွားချင်လို့လား.. မင်းတော့ကွာ.. သွား...သွား.."

နက်ကျော်တို့အုပ်စုတွေ အားလုံးထွက်သွားမှ

"ကလျာရယ်...စိတ်တွေကိုလျှော့ချလိုက်ပါ"

"ရှင့်ကိုကြည့်လိုက်ရင် ဘာမှမဖြစ်သလိုပဲ၊ ကျွန်မက ဒီဟာလေးကို လွတ်သွားလို့မဖြစ်ဘူးရှင့်၊ ခုပေးရမယ့် လောင်းကစားငွေတွေက သိန်းရာချီနေပြီ၊ ဘာနဲ့ပေးမလဲ၊ ဟိုဟာကြီးထားခဲ့တဲ့ငွေတွေက တစ်နစ်တောင် မသုံးလိုက်ရဘူး ကုန်ပြီလေ၊ ဒီဟာလေးကို ကျွန်မတို့လက်ထဲမှာ ရှိနေမှ အားလုံးကို ရှင်းလို့ရမှာ..ဟင်း..."

"ငါ့အသည်းလေးက အရမ်းကို ပူပင်တတ်တာကိုး၊ ချွန်းဆိုတဲ့ကောင်ဘဝမှာ လုပ်ခဲ့သမျှ၊ ကြံစည်ခဲ့သမျှ မအောင်မြင်တာ ဘာတစ်ခုမှ မရှိဘူး။ မင်း ငါ့ကိုယုံရင် ညိုနေတဲ့မျက်နှာလေးကို ပြင်ပြီး ပြုံးလိုက်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောကလျာဓမ်ပန်းလေးကိုဖက်ပြီးရင်ခွင်ထဲသို့ထည့်မည် အပြု

"လွှတ်စမ်းပါဦး၊ ဟိုအိမ်စေတွေ တွေ့သွားမှဖြင့်"

"ဒီအိမ်ကြီးမှာ ငါ့ကိုလွန်ဆန်ပြီး စကားသံထွက်ရဲတဲ့သူ မရှိပါဘူး"

"မထွက်ရဲလို့ဘဲ လှိုင်ဘွား ရတနာထုပ်ကြီးကို မ.ချီပြီး သွားပြီလေ၊ ရှင့်ကို အစောကြီးကတည်းက ရှင်းပါလို့ပြောထားရက်နဲ့ ခုတော့မပြောလိုက်ရျင်ဘူး"

"ကလျာ.. မင်းရဲ့မျက်လုံးလေးတွေက စပ်ကျဉ်းကျဉ်းလေးပဲ ခြင်ထားတာကိုး၊ လှိုင်ဘွားဆိုတဲ့ကောင်ကိုမရှင်းတာ သနားကရုဏာရှိလို့မဟုတ်ဘူးကွ၊ ဓံအိမ်ကြီးရဲ့သေတမ်းစာထဲမှာ ကိုယ်တော်လေးစိုင်းစပ်နိုင်ကို ဘိုးဘွားအစဉ်အဆက်ပစ္စည်းတွေကိုလွှဲပြောင်းပေးတဲ့နေ့ကျရင် ကိုယ်စားပြုသက်သေနေရာမှာ ပြန်ထည့်ပေးရမှာ၊ သူမရှိတော့ဘူးဆိုရင် ဝတ်လုံတော်ရှေ့နေကြီးဦးကံထက်မျိုးက သူ့နေရာမှာ ကိုယ်စားပြုသက်သေထည့်ရမှာ၊ငါတို့က ဦးလှိုင်ဘွားကိုရှင်းလိုက်ရင် သူ့နေရာကိုကိုယ်စားရောက်လာမယ့် ဝတ်လုံတော်ကြီးကို ဘယ်ပို



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ကိုင်မလဲ၊ မင်း ဒါကိုတွေးစမ်းပါ ချစ်ချစ်ရာ"

"ဦးလှိုင်ဘွားကိုရော ချုပ်ကိုင်လို့ လွယ်ပါ့မလား"

"သိပ်ပြီးလွယ်တာပေါ့၊ သူ့အညာက ကိုယ်တော်လေးပဲ၊ ကိုယ်တော်လေးနဲ့ဖြိမ်းခြောက်ပြလိုက်တာနဲ့ လှိုင်ဘွား ငါတို့ကြိုးဆွဲ တဲ့ အရုပ်တစ်ရုပ်ဖြစ်သွားမှာလေ"

"ကျွန်မ စိုးရိမ်နေတာက ဟိုမော်ဆရာဆိုတဲ့ကောင်ကို၊ သူက ဟို (၂) ယောက်ကို ရအောင်ကာယ်တင်သွားရင်ခက်မယ်"

"သျှန်း နယ်နိမိတ်ထဲမှာ သျှန်းကိုယှဉ်နိုင်တဲ့သူမရှိသေးဘူး ဆိုတာကိုယုံထားစမ်းပါ"

"ရှင့်ကို အားကိုးရမှာပေါ့"

"အားကိုးစမ်းပါ အသည်းလေးရယ်"

"ကဲပါ...လွှတ်ပါဦး၊ အသက်ရှူကျပ်တယ်"

လောဘရမ္မက်သားကောင် (၂) ဦး၏အမှောင်ထုကြီးက [illegible] နက်သထက် နက်လာနေလေတော့သည်...။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

နေမွန်းတည့်ချိန်ကိုရောက်လုလုဖြစ်နေပေမယ့်တောရိပ်နှင့်

ချောင်း၏ အအေးဓာတ်လေးက ရှိနေတုန်းပင်။

"မုန်ယိုရေ..ငါတို့ဒီရေစီးနဲ့ဆိုရင်ညနေလောက်ဆိုရောက်နိုင်

ပြီလား"

"ရောက်နိုင်တယ် ဆက်၊ ရေ့တစ်ကွေ့ကျရင်တော့ ဖောင်နဲ့

ဆက်ပြီး သွားလို့မသင့်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မုန်ယို"

"ဟိုတလောက ဒီချောင်းကွေ့မှာ ရေအောက်ကကျောက်တုံး

တွေ နေရာအနှံ့ပေါ်လာပြီး လှေနဲ့တောင် သတိထားပြီးသွားရတာ၊

အခန့်မသင့်ရင် လှေကိုတောင် ဝမ်းကနေထိုးပြီးခွဲလိုက်တာ၊ ဖောင်နဲ့

ဆိုရင် ဘယ်လိုမှ သွားလို့မရနိုင်ဘူး"

"သွားလို့မရရင်လည်း သွားလို့ရတဲ့လမ်းကနေ သွားကြ တာ

ပေါ့ကွာ၊ ဦးလှိုင်ဘွား၊ ဘာတွေစဉ်းစားနေတာလဲ၊ ဒီကိုလာလေ"

ဦးလှိုင်ဘွား ဖောင်စပ်နှားတွင်ထိုင်ပြီး ရေကစားနေသော

ကိုယ်တော်လေးဘေးတွင် ထိုင်နေသည်ကို မင်းဆက် လှမ်းပြီးခေ

လိုက်သဖြင့်

"မောင်စိုင်းပြုတ်ကျမယ်နော်"

"ဟုတ်ကဲ့ပါ"

"မင်းဆက်ရေ... ကိုယ်တော်လေးရဲ့အနာဂတ်ကို စဉ်းစားနေ

တာပါ"

"ကိုယ်တော်လေး အနာဂတ်ဆိုတာ ဘာကိုရည်ရွယ်ပြီးပြော

တာလဲ၊ ရှေ့ဆက်ပြီးနေထိုင်ရေးလား ဦးလှိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေဆက်နေထိုင်ရေးလည်းပါတယ်၊ နှစ်ဆောင်ပြိုင်စံအိမ်ကြီး နဲ့ပတ်သက်ပြီး ဟိုလူယုတ်မာတွေလက်ထဲမှာ ထားခဲ့ရတာကိုရင်ထဲမှာ မကောင်းဘူးဖြစ်နေတာ၊ နှစ်ဆောင်ပြိုင်အိမ်ကြီးဟာဘိုးဘွားအစဉ်အဆက်ထိန်းသိမ်းခဲ့တဲ့ အိမ်ကြီးလေ၊ ခင်းတို့လက်ထဲမှာဆိုရင်တော့ပျက်စီးသွားမှာ"

"ဦးလှိုင်ဘွားရေ၊ သိပ်ပြီးအဝေးကြီးကိုမတွေးနဲ့ဗျာ၊ မကောင်းမှုတွေ ပြုလုပ်တဲ့ သူတွေအတွက် မကောင်းမှုတွေက အချိန်ကျရင်သူတို့ကို ဖတ်သိမ်းသွားမှာပါ၊ ဦးလှိုင်ဘွားစိတ်ထဲမှာ ဒီလောက်ထိထည့် မထားနဲ့၊ လုပ်သင့်တာကို ဆက်ပြီးလုပ်ရမှာပေါ့ဗျာ၊ ခု ခေါင်းထဲမှာထည့်ထားရမှာက ဒီနယ်မြေက လွတ်မြောက်ဖို့ပဲ"

မုန်ယိုကတော့ချောင်းကမ်းဘေးတစ်ခုသို့ ကပ်နေလေပြီ။

"ကိုယတော်လေးဖောင်အလယ်ကိုသွားပါ"

"ဟုတ်ကဲ့"

မုန်ယို ကိုယ်တော်လေးကို သတိပေးလိုက်ပြီး ဖောင်ကြီးကိုချောင်းကမ်းနံဘေးတွင် ကပ်လိုက်သည်။

"ဒီကနေ နောက်နှစ်နာရီလောက်ခရီးဆက်ရင် ကလုရွာကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပါပြီ"

စတာလမ်းကလေးအတိုင်း ခရီးဆက်လာရင်းကိုယ်တော်လေးကိုမုန်ယိုမှ ပန်းပေါ်တင်ပြီးခေါ်ဆောင်လာသည်။

"ကလူရွာက မုန်ယို...မင်းရွာမဟုတ်လား"

"ဟုတ်တယ်၊ ဇာတိရက်မြုပ်ရွာဆိုရင် မမှားဘူး"

"ငါတို့ရွာမှာ ညအိပ်လို့ရော လုံခြုံစိတ်ချရပါ့မလား"

"ဆက်ရေ... ဒီအတွက်ဘာမှမပူနဲ့၊ ကလူရွာမှာ မုန်ယိုနဲ့ ပတ်သက်ရင် အားလုံးပြီးတယ်"

"မင်းကို အားကိုးရမှာပဲ"

"ဦးဦးမုန်ယို"

"ဘာများလဲ ကိုယ်တော်လေး"

"ဦးဦးမုန်ယိုကို အားနာတယ်၊ အောက်ဆင်းပြီးလမ်းလျှောက်မယ်"

"ရပါတယ် ကိုယ်တော်လေးရယ်၊ ဒီလောက် ကိုယ်လေးလောက်ကတော့ ပါလို့ပါမှန်းတောင်မသိပါဘူး။ စတာလမ်းကြောကြမ်းတယ်၊ ကိုယ်တော်လေး ခြေဖဝါးနဲ့ဆို စံနိုင်မှာမဟုတ်ဘူး၊ လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့နေရာကျတော့ ဆင်းပြီးလျှောက်ပေါ့"

မင်းဆက်တို့ စကားတပြောပြောနှင့် လျှောက်လာကြရင်း ကလူရွာထိပ်နားကိုရောက်ရှိလာခဲ့ကြသည်။ ကိုယ်တော်လေးလည်း အောက်ကိုဆင်းပြီးလျှောက်နေလေသည်။

"ရွာလေးက အိမ်ခြေသိပ်ပြီးမရှိဘူးနော်"

"အိမ်ခြေတစ်ရာလောက်ပဲရှိတာ"

ရွာထဲသို့မဝင်ခင် တံတားလေးပေါ်တွင် ငါးမျှားနေသော လူငယ်တစ်ဦးမှ မုန်ယိုကိုမြင်သည်နှင့်ငါးမျှားနေရာမှအပြေးကလေး ရောက်လာသည်။

"ကိုကြီးမုန်ယို"

"စောသာ..ဘာဖြစ်လို့လဲကွ"

"ကိုကြီးမုန်ယိုတို့ရွာထဲကို မသွားနဲ့ဦး"

"ဟေ..ဘာကြောင့်လဲ"

"ရွာထဲမှာ ဂျစ်ကားတစ်စီးနဲ့လူတစ်စုရောက်နေတယ်"

"ဟင်.."

"သူတို့လူစုကိုဖိုကောင်မြဒင်ခေါ်လာတာဖြစ်မယ်၊ သူ့ပုံသိ



www.burmeseclassic.com

www.burmeseclassic.com



က ကြားရသလောက်တော့ လူကြီး(၂)ယောက်နဲ့ ကလေးတစ်ယောက်ကို လာပြီးစောင့်နေတာတဲ့"

"ဟာ.."

ဦးရှိးတော်သျှန်းက ကြုံတင်ပြီး သူ့လူတွေကို ရှာကဖနေစောင့်နိုင်းခြင်းဟု သဘောပေါက်လိုက်သည်။

"မုန်ယို မင်းဘယ်လိုစဉ်းစားထားလဲ"

"ဒီကောင်တွေနဲ့လွတ်ကင်းတဲ့နေရာကို သွားကြရမှာပေါ့"

"စောသာ..မင်း ပဒီဆီကိုသွား၊ ငါညွှံသည်တွေနဲ့လာခဲ့မယ်လို့၊ ငါတို့နောက်လျှိုဘက်ကနေ ဝင်ခဲ့ကြမယ်"

"ဟုတ်ကဲ့ ကိုကြီးမုန်ယို"

စောသာကိုလွှတ်ပြီး မုန်ယိုနှင့် မင်းဆက်တို့ တစ်ဖက်တော လမ်းဆီသို့ထွက်ခဲ့ကြရတော့သည်။

"မုန်ယို စသွားမယ့်အိမ်က ရှာနဲ့ဝေးလား"

"ရွာအစွန်ဆုံးက အိမ်ပဲ၊ ဒီကောင်တွေ မသိနိုင်ဘူး၊ ပဒီက ရွာမှာ လူတစ်မျိုးလေ၊ ဘယ်သူနဲ့မှ ဆက်ဆံတာမဟုတ်ဘူး၊ ... အကြောင်းသိချင်းမို့ ဆက်ဆံလို့ရတာ၊ ဒေါသကကြီးတယ်၊ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာမတာရှားတာဆို တစ်ခုမှမလုပ်ဘူး။ ဖေစောစောက ဖေသာပြောတဲ့ မြခင်တို့ဆိုပဒီဆိုရင် မျက်နှာတောင်ရဲရဲမကြည့်ရဲဘူး"

"မြခင်ဆိုတဲ့လူက ဘာလဲ"

"သူပုန်၊ ဓားပြတွေနဲ့ပေါင်းပြီး လူမိုက်လုပ်စားနေတဲ့ကောင်ပါ၊ အလကားကောင်၊ ဘာသတ္တိမှရှိတာမဟုတ်ဘူး။ လူအုပ်စုနဲ့သောင်းကျန်းနေတာ၊ ငါနဲ့ကတော့ တစ်နေ့နေ့ သူသေကိုယ်သေ ရှင်းရမှာ၊ အခွင့်မသာသေးလို့စောင့်ကြည့်နေတာ"

"မုန်ယို ရွာထွက်လမ်းဘယ်နှစ်လမ်းရှိလဲ"

"ရွာထွက်လမ်းက (၂)လမ်းရှိတယ်"

"တခြားလမ်းရှောမရှိဘူးလား"

"မရှိဘူးဆက်၊ တခြားလမ်းဆိုရင် ကိုယ်တော်လေးနဲ့ဘယ်လို သွားလို့မရဘူး။ တောင်တက်လမ်းတွေ၊ လူတစ်ကိုယ်တည်းတောင် အန္တရာယ်ကြားက သွားရတာ"

"အင်း... ငါတို့တော့ တစ်ခုခုကို ရင်ဆိုင်ရတော့မယ်လို့ထင်တယ်"

"ရင်ဆိုင်တော့လည်း ရင်ဆိုင်ရုံပေါ့ကွာ၊ ဟိုကောင်မြခင်အုပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းချင်တာနဲ့ အခုတော်ပဲ"

လှိုင်းလမ်းကာလေးဆုံးတော့ ချုံကြီးတွေ အုပ်ဆိုင်းနေသော မြို့ကြီးတစ်မြို့ဆီသို့ ရောက်လာကြသည်။

"မှန်ယို...လာကြပေ့"

"ပဒီ..."

အသက်အရွယ် (၅၀)လောက်ရှိသော ကရင်အမျိုးသားကြီးတစ်ယောက်မှ မြို့တစ်ဖက်ကနေ လှမ်းပြီးခေါ်လိုက်သည်။ အိမ်ကြီးနောက်ဖက်မှ အထဲကိုဝင်ခဲ့ကြပြီး...

"မင်းတို့ကြည့်ရတာ ခရီးပန်းလာသလိုပဲနားကြဦး၊ ငါ့နယ်ထဲရောက်မှတော့ ဘာမှတွေးမနေနဲ့၊ ငါခွင့်မပြုပဲ ဝင်တဲ့ကောင်ကို အရှင်လတ်လတ်ကိုစားပစ်ဦးမယ်၊ စောသာ...ညီ့သည်တွေကို စားသောက်စရာတွေချပေးကွာ၊ ဗိုက်ဆာလာကြမှာပေါ့၊ အဆာပြေလေးစားထားကြ ညနေစာမှ ယုန်သားဟင်းနဲ့ကောင်းကောင်းစားကြပေ့..."

မင်းဆက်တို့ဟန်ပင်မဆောင်နိုင်ဘဲ ပဒီမှ ကျွေးသည်များကိုအားပါးတရစားသောက်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြဒင်နဲ့ ဘာတွေဖြစ်ခဲ့လို့လဲ မှန်ယို"

"ဒီကောင်နဲ့ဖြစ်တာမဟုတ်ဘူး ပဒီ၊ မြဒင်နဲ့ပါလာတဲ့ကောင်တွေနဲ့ဖြစ်ရမယ့်ကိစ္စ"

မင်းဆက်မှကြားကနေ အကြောင်းစုံကိုရှင်းပြလိုက်သဖြင့်

"သျှန်းဆိုတဲ့ ခွေးမသားရဲ့လူတွေပေါ့"

"ပဒီက သျှန်းကို သိတယ်ပေါ့"

"သိရုံတင်မကဘူး၊ ရာဇဝင်ကြွေးတောင် ဆပ်ချင်နေတာ၊ ဒီကောင်က မုဒိန်းကောင်လေ၊ တစ်ချိန်က ရှမ်းသူပုန်ခေါင်းဆောင်လုပ်ပြီး မိန်းကလေးတွေကို အဓမ္မကြံခဲ့တဲ့ လူယုတ်မာ၊ ဒင်းကြောင့် ငါ့ညီမတစ်ယောက် ဘဝပျက်ပြီး အသက်ပါသေခဲ့ရတာ၊ တောက်... ဒီကောင်ပါလာရင်ပွဲကြီးပွဲကောင်းနွှဲလိုက်ချင်တယ်"

"ပဒီ...မနက်ဘယ်လိုထွက်ရင်ကောင်းမလဲ"

"ထွက်လမ်းနှစ်လမ်းကိုလူခွဲပြီးထွက်ရင်ကောင်းမယ်၊ ဒီကောင်တွေက လူအင်အားများလားတော့သာ"

"(၁၀)ယောက်လောက်ပါတယ်၊ သေနတ်တွေတော့ မတွေ့



www.burmeseclassic.com

www.burmeseclassic.com



"လက်နက်တွေ ပါမှာတော့ သေချာတယ်၊ လူသာမြင်မခံတဲ့ သဘောလုပ်ထားတာ၊ ဒီလိုလုပ်မယ်၊ ငါတို့က ဟိုကောင်တွေကို စောစော စီးစီးထွက်ပြီးတိုက်မယ်၊ ငါတို့တိုက်ပြီး နာရီဝက်လောက် ကြာတာနဲ့ဒီက ဦးလှိုင်ဘွားနဲ့မောင်စိုင်းတို့ကိုစောသာမင်းက ကောက် ရိုးတင်တဲ့နွားလှည်းနဲ့ခေါ်ပြီး နံ့သာလမ်းကနေ ထွက်ရမယ်"

"ဟုတ်ကဲ့"

"ငါတို့အုပ်စုထဲမှာ ဒီကောင်တွေ ထင်ယောင်ထင်မှားဖြစ် အောင်မောင်စိုင်းနဲ့ရှယ်တူ ကလေးတစ်ယောက်ကိုဟန်ပြပြီးခေါ်သွား မယ်"

"ဗဒီပြောတဲ့အကြံကောင်းတယ်၊ ကျွန်တော်တို့ တစ်ဖက်မှ တိုက်ပြီဆိုရင် တစ်ဖက်က ကောင်တွေက ကူးလာမှာပဲ၊ ဒါဆို ကိုယ် တော်လေးတို့လွတ်လွတ်လပ်လပ် သွားလို့ရပြီ"

"ငါတောင် ပဒုရာကို ရွာထဲအခြေနေသွားကြည့်ခိုင်းထား တယ်"

"ဟို…ဟိုမှာပဒုရာ ပြန်လာပြီ"

ပဒုရာမှာ ပဒီ၏ မွေးစားသားပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ပဒ္မရာ ရွာထဲမှာ ဘာတွေထူးလဲ"

"ချောင်းရိုးဘက်က လူ(၂)ယောက်ထပ်ပြီးရောက်လာတယ်၊ သူတို့စက်လှေ ဒေါက်ငှဘက်မှာ ဝမ်းပေါက်ပြီးမှောက်သွားတာ၊ (၂) ယောက်တော့ ဝဲထဲကို ပါသွားတယ်လို့ပြောတာပဲ၊ မြဒင်တို့ကတော့ ရွာကို ပိုက်စိတ်တိုက်ပြီး ရှာမလို့ပြောနေကြတယ်၊ လက်စံထားတဲ့ အိမ်ကို မီးရှို့မယ်တဲ့"

"ချောင်းရိုးကနေ ငါတို့နောက်ကိုလိုက်ခဲ့တဲ့ စက်လှေပဲဖြစ်မယ်"

"ဖြစ်နိုင်တယ် မုန်ယို၊ ဒီည ရွာထဲကို မွှေတော့မယ်"

"ငါ့ဆီကိုရောက်အောင်လာခဲ့ကြပေါ့ကွာ၊ ပဒ္မရာ..ငါ့ခြူးလေးကို သတ်ထားစမ်း၊ ငါရထဲကပြောမယ်၊ ဒီည ဒီကောင်တွေ လာရင် ဘယ် သူမှမထွက်ကြနဲ့၊ ငါတစ်ယောက်တည်း ရှင်းမယ်၊ ဒီကောင်တွေ အနုတ်လောက်တော့ ငါ့ခြူးလေးက စာတောင်မဖွဲ့ဘူး"

မင်းဆက်တို့က စိုးရိမ်ပေမယ့် ဝင်ပြီးကူဖို့ပြောမထွက်ပေ။

"ဘာမှ မစိုးရိမ်နဲ့ ပ ဒီရဲ့အစွမ်းအစကို ငါသိတယ်၊ မြဒင်တို့က သိသာပေါက်တယ်၊ ပွဲကောင်းကောင်းလေးကိုသာ ကြည့်ပေ



www.burmeseclassic.com

www.burmeseclassic.com



တော့"

သေနတ်နှင့်အလေးအားပြိုင်ပွဲလေးက စိတ်ဝင်စားစရာပင်။

www.burmeseclassic.com

www.burmeseclassic.com

ပဒီ ဒူးလေးကို ဘေးတွင်ချပြီး ရေစွန်းခါးခါးလေးကို သောက်မြခင်တို့အလာကိုစောင့်နေသည်။ မင်းဆက်တို့ကတော့ အခြေနေ့ကို စောင့်ပြီးကြည့်နေသည်။

ကိုယ်တော်လေးကတော့ ခရီးပန်းလာသောကြောင့် နှစ်ခြိုက်အိပ်ပျော်နေတော့၏။

"ပဒီ...ပဒီ..."

မြဝမှ လှမ်းပြီးခေါ်သံကြောင့် ဒူးလေးထဲကို မြားထည့်ပြီး ပဒီ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါက်ဝမှ ဆင်းသွားသည်။

"သူကြီး...ဘာကိစ္စလဲ"

မြခင်တို့အဖွဲ့က သူကြီးကို အသုံးချပြီး ပဒီအိမ်ကိုလာခဲ့ကြခြင်းဖြစ်သည်။

"ဟို..ဟို...မင်းအိမ်မှာ လူစိမ်း(၃)ယောက် ရောက်နေတယ် သတင်းကြားလို့လာကြည့်တာ"

"သူကြီးကို ဘယ်သူခိုင်းတာလဲ၊ သက်ဆိုင်ရာကလား"

"မ...မ...ဟုတ်ပါဘူး၊ မြခင်တို့အဖွဲ့လူတွေက အကူအညီတောင်းလို့ပါ၊ဒီလူ (၃)ယောက်က ရတနာတွေကိုခိုးပြီးထွက်ပြေးသွားလို့တဲ့"

"ဒါဆို သက်ဆိုင်ရာအကြောင်းကြားပေါ့ဗျာ၊ သူတို့ကိုယ်တိုင်လိုက်ပြီးရှာနေစရာတောင်မလိုဘူး၊ ဒီမှာသူကြီး...ခင်ဗျားဟာ ရွာရဲ့အကြီးအကဲတစ်ယောက်ဖြစ်ပြီး ဘာမှ မဟုတ်တဲ့လူတွေခိုင်းတာကိုလျှောက်ပြီးလုပ်မနေနဲ့၊ ကျုပ်အိမ်ထဲမပြောနဲ့ ကျုပ်ခြံထဲကိုဘယ်သူဝင်နိုင်မလဲဆိုတာကို ကြည့်ချင်တယ် မြခင် မင်းကခေါ်လာတာ ...တော့ မင်းဝင်ရှာလေ...ရှိမရှိသိရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူကြီး ခင်ဗျားဝင်ရှာလေ"

"ဟာမင်းတို့ငါ့ကိုခေါ်လာတုန်းက လှမ်းပြီးခေါ်ပေးရုံပဲဆိုမဝင်နိုင်ဘူး"

"မြဒင်ငါတို့ကသေနတ်တွေနဲ့ သူကအူးလေးတစ်လက်တည်းဘာကိုမှုရမှာလဲဝင်ကွာ"

"နက်ကျော် ဒါဆိုမင်းအရင်ဝင်လေ"

"သိပ်ပြီးဝင်တာပေါ့၊ ဟေ့လူ ခင်ဗျားအသက်ကိုနမြောရင် အေးအေးဆေးဆေး ရှာစွင့်ပြု"

"ငါကသေရမှာကို ဘယ်လိုလဲလို့မေးချင်တယ်"

နက်ကျော် သေနတ်ကိုမောင်းတင်ပြီး မြီထဲသို့လှမ်းပြီးအဝင်

"ဗိုး...ခုတ်...အား"

"ဟာ..."

နက်ကျော်ပေါင်တွင် မြားတစ်စင်းက စိုက်ဝင်သွားသည်၊ သေးမှကောင်တွေကပစ်မည်အပြု

"မ...မပစ်နဲ့၊ အားလုံးမသာပေါ်ကုန်မယ်"

သူကြီးကတော့တစ်ချိုးတည်းပြေးတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ဝင်ချင်သေးလဲ"

မြဒင်__နက်ကျော်ကိုတွဲထူပြီး နောက်ကြောင်းပြန်လှည့်ထွက် ခဲ့ရတော့သည်။

"မြဒင် ဘာလို့မပစ်နိုင်းရတာလဲ"

"သူ့ဒူးလေးက ငါတို့သေနတ်ထက်မြန်တယ်၊ ပြီးတော့ အနှ အပျံအရှောင်အတိမ်းက အရွယ်နဲ့မလိုက်အောင် လျင်တယ်၊ သူ့ကို (၁၀)ကြိမ်လောက် လုပ်ကြံဘူးတယ်၊ ငါ့ကောင်တွေပဲ သေတာတွေ ဒဏ်ရာရတာတွေ ဖြစ်ခဲ့တယ်၊ သူက ဘာမှမဖြစ်ဘူး၊ သူပုန်အဖွဲ့တွေ နဲ့ သူ့ကိုဝိုင်းပြီးဆော်တာတောင် မရဘူး။ ကြောက်ဖို့လည်းကော တယ်"

"ဘာကိုကြောက်ဖို့ကောင်းတာလဲ"

"တစ်ခါက သူပုန်တစ်ဖွဲ့က သူ့ကိုဖမ်းဖို့လုပ်တော့၊ သူပုန် ကော တွေရဲ့လက်ကိုဖြတ်ပြီးမီးဖုတ်စားတာ"

"ဟာ..ဟီး.."

"လူ့ဘီလူးကြီးလားမသိဘူး"

"ဟုတ်ချင်ဟုတ်မှာ၊ နောက်တစ်ခါဆို အစိမ်းစားမယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုဘယ်သူမှမထိရဲတော့ဘူး"

"မြဒင်...အီး.."

"ဘာလဲနက်ကျော်"

"မင်း...မင်းကွာအစောကြီးကတည်းက သိရက်သားနဲ့ ဘာလို့မေးလာတာလဲ၊ တော်သေးတာပေါ့၊ ငါတို့လက်တွေပါဖြတ်ပြီးစားရင်အဝပျက်ပြီ"

နက်ကျော်ညည်းတွားပြီးပါလာလေတော့သည်၊ ပဒီရဲ့အိမ်ထဲမှာတော့ မင်းဆက်တို့ ရေနွေးခါးခါးလေးကို ဝိုင်းဖွဲ့ပြီး သောက်နေဆဲ

"ပဒီကို မေးမယ်၊ မေးမယ်နဲ့ မမေးရသေးဘူး"

"ဘာကိုလဲ မှန်ယို"

"ပဒီတစ်ခါက သူပုန်တွေရဲ့လက်ချောင်းတွေကို မီးဖုတ်ပြီးစားတာ တကယ်လား"

"မှန်ယိုရယ်၊ ငါက လူသားကို စားပုံမလား၊ ရွေးမသားတွေကို ကြောက်သွားအောင် ပဲမြစ်တောင့်တွေကို လက်ချောင်းပုံစံနဲ့စားပြတာပေါ့"

"ဟား...ဟား...ဟား...မသိပါဘူးဗျာ၊ တကယ်များ စားတာ ဘား



www.burmeseclassic.com

www.burmeseclassic.com



လို့ပါ"

"ငါတစ်ခု ဆုံးဖြတ်ချက်ချလိုက်ပြီ"

"ဘာကိုလဲ ပဒီ"

"ဟောဒီက ကိုယ်တော်လေးရဲ့လွတ်မြောက်ရေးကို ငါပါ မင်းတို့နဲ့အတူ စရိုးဆုံးတဲ့အထိ လိုက်ခဲ့မယ်"

"ဟင်...ပဒီ တကယ်ပြောနေတာလား"

"တကယ်ပြောနေတာပေါ့ကွာ၊ ဒီလို မတရားလုပ်တဲ့ကိစ္စကြီးကို အမှန်တရားဘက်က ကူညီပေးရမှာပေါ့"

"ပဒီ...ကျေးဇူးတင်တယ်ဗျာ"

"ငါက မတရားမှုကို မုန်းတီးလို့ မင်းတို့နဲ့အတူလိုက်တာပေါ့ ကျေးဇူးတင်မနေနဲ့၊ ကဲ...အိပ်ရေးဝအောင်သာအိပ်ကြတော့၊ နောက် တစ်ကြိမ်ခွေးကောင်တွေ မလာရဲဘူး"

မင်းဆက်တို့အတွက် ပဒီသည် အရည်အချင်းပြည့်ဝသည့် လူတစ်ယောက်မို့အကြီးမားဆုံးအင်အားတစ်ခုကို ရလိုက်သလို...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

အရှက်အလင်းရောင်မှာ ပုန်းလျှိုးနေဆဲ... မင်းဆက်တို့တွေ ရွာကိုဖောက်ထွက်ဖို့ ပြင်ဆင်နေလေသည်။ နဂိုကာစီစဉ်ထားသလို အခြေအနေမျိုးမဟုတ်တော့ပေ...၊ ပဒီ မြို့ကြီးတစ်မြို့လုံးကို မြှခင်နှင့် ဆောင်းကျွန်းသူအဖွဲ့တွေ ပိတ်ဆို့ကာထားလိုက်ပြီဖြစ်သည်။

"ရွေးကောင်တွေ တယ်ပြီးမိုက်တာကိုး... ငါတို့ထွက်လမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ခုလိုနည်းနဲ့ ပိတ်ဆို့တာကတော့ ဗိုဗြီးတောင်အဆင်ပြေတယ်... မင်းဆက်နဲ့ငါ့ကြ ရှေ့နောက်ထွက်မယ်၊ မုန်ယိုနဲ့ ကိုလှိုင်ဘွားတို့က ကိုယ်တော်လေးကိုအထူးဂရုစိုက်ပြီး နောက်ကလိုက်ပြီးထွက်"

"ဟုတ်ကဲ့"

"စေသံနဲ့ပဒုရာ... ငါရှိနိုင်းတဲ့နေရာကနေ မီးသွားပြီးရှိတော့ ပြီးရင် မင်းတို့လည်း တောင်ရောင်းရွာဘက်ကို ခဏရှောင်နေကြ တော့...၊ တကယ်လို့ငါပြန်မရောက်ခဲ့ရင် ကျန်တဲ့ငါ့ယာမြေတွေကို ဆက်ပြီးလုပ်ကိုင်စားသောက်ကြတော့..."

ပဒီ မှာစရာရှိတာတွေကို မှာပြီးသည်နှင့် အိမ်ကြီးနောက်ဘေး ဘက်မှစတင်ပြီး ထွက်လာသည်။

"ဝုန်း...ရှဲ...ဝုန်း..."

"ဟင်..."

မြို့ကြီးတစ်ခုလုံး မီးတောက်မီးလျှံတွေ ပေါ်ထွက်လာပြီး အပြင် ဘက်ရျှူနှင့် သစ်ပင်တွေဆီကို ကူးစက်သွားလေတော့သည်။

"ဒိုင်း.... ဒိုင်း... ဒိုင်း..."

"နောက်ကိုဆုတ်...မီးတွေဒီဘက်ကိုကူးလာပြီဟွ"



www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးအပြင်ဘက်မှ သေနတ်သံများနှင့် အော်ဟစ်သံများကို ကြားနေရတော့သည်။ ထိုအပြင် ပြေးလွှားသံတွေက ပွက်လောရိုက် နေတော့၏။

"မင်းဆက်...ရှေ့နားမှာ... ငါလုပ်ထားတဲ့ လှိုဏ်ရှိတယ်ဒီကနေ ဆင်းကြမယ်"

"ဟုတ်ကဲ့"

မီးတောက်မီးလျှံတွေကြားထဲမှ ထွက်ပေါက်လမ်းတစ်ခုကို ဖောက်လုပ်ထားသော လှိုဏ်လမ်းကလေးအတိုင်း ဆင်းလာကြတော့ သည်။

"ဟိုမှာဂျစ်ကားတစ်စီး"

ဂျစ်ကားပေါ်တွင် သေနတ်သမား(၂)ယောက်သာစောင့်နေ ကြပြီး တခြားသူတွေက ပဒိုင်မြို့စည်းရိုးမီးတောက်တွေမှာ အာရုံထားနေ ကြတော့သည်။

"ဒီနစ်ကောင်ကို အသံတိတ်ရှင်းမယ်... မင်းဆက်မင်းကား မောင်းတတ်တယ်မဟုတ်လား"

"ကျွန်တော်မမောင်းတတ်တာ လေယာဉ်ပျံပဲရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်ဒီဂျစ်ကားဟာငါတို့အတွက်ပဲပေါ့"

မင်းဆက်နဲ့ ပဒီလူချင်းခွဲလိုက်ပြီး ကားနားဆီသို့ကပ်သွား တော့သည်။

"ဟိတ်"

"ဟာ...မင်း...မင်း...."

"ဖြောင်း...အီ"

မင်းဆက်နှင့်တစ်ပြိုင်တည်း ပဒီကလည်း ဘေးဘက်မှတစ် ယောက်ကိုသာသာလေးပဲ အသံတိတ်အိပ်နိုင်းလိုက်သည်။

"ရှိပြီမြန်မြန်လာကြပေါ့"

ဂျစ်ကားပေါ်သို့အားလုံးတက်ပြီး မင်းဆက်ကားစက်နှိုးကာ ထွက်လိုက်သည်နှင့်..

"ပစ်...ပစ်ကြစမ်း"

"ဒိုင်း... ဒိုင်း... ဒိုင်း..."

ဂျစ်ကားနောက်မှ သေနတ်သံတွေက ထွက်ပေါ်လာပေမယ့် ထိရောက်မှုတော့မရှိချေ။

"ဝူး...."



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆက်ရေလိုက်လာကြပြီဟော့၊ မင်းသာကားကိုအာရုံစိုက်

ပြီးမောင်း...၊ နောက်ကကိစ္စတွေကိုငါရှင်းမယ်"

မင်းဆက်တို့ကားနောက်တွင် ကား(၂)စီးလိုက်ပါလာတော့

သည်။ ပဒီ ဒူးလေးကိုပြင်ဆင်ပြီး နောက်ကကားကိုချိန်ထားပေမယ့်

ဆစ်ဒေသးပေ။

"ဒိုင်း... ဒိုင်း... ဒိုင်း..."

နောက်မှလိုက်လာသောကားမှာ သေနတ်ကိုအဆက်မပြတ်

ပစ်ပေမယ့်မင်းဆက်တို့ကားဆီကိုတည့်တည့်မတ်မတ်မရောက်ခဲ့ကြ

"မင်းတို့အလှည့်ပြီးရင် ငါ့အလှည့်ဟော့"

ပဒီနေရာကောင်းကိုရောက်မှ နောက်မှလိုက်လာသောကား

ဆီတို့ပစ်ရလိုက်သည်။

"ရှီ...ခုတ်..."

"ဟာ...သွား...သွားပြီ..."

ပဒီပစ်လိုက်သောမြှားမှာ ကားဘီးကိုထိုးဖောက်ဝင်သွားပြီး

ကားမှာ ဘေးဘက်သို့ကျသွားသည့်နေရာက...ချောက်လျှိုကြီးတစ်ခု

"ဝုန်း..."



www.burmeseclassic.com

www.burmeseclassic.com



"ဟားဟားဟားတစ်စီးကတော့သူ့စရိုတ်နဲ့သူသွားပြီ လာစမ်း နောက်ထပ်တစ်စီး"

နောက်ထပ်တစ်စီးမှာ ပထမတစ်စီးလိုပင်မှာ ကြောက်သဖြင့် သိပ်ပြီးကပ်မလိုက်တော့ပဲ အဝေးမှလိုက်ခဲ့တော့သည်။

"မင်းဆက်ရေရှေ့တံတားကျရင်ကားကိုရပ်ပါဆင်းမယ်"

"ပဒီဘာလုပ်မလို့လဲ"

"ဒီကောင်တွေကိုချောင်းထဲမှာထားခဲ့မလို့ပေါ့"

မင်းဆက်ချောင်းကူးတံတားရှေ့တွင် ပဒီကိုချထားပြီးတစ်ဘက်တွင်ကပ်ထားလိုက်သည်။

"ဦးမင်းဆက်"

"ဘာလဲ မောင်စိုင်း"

"ကျွန်တော်လည်းဒီကောင်တွေကိုသေနတ်နဲ့ပစ်ချင်တယ်"

"နောက်တော့ပစ်ရမှာပေါ့ကွာ ဦးသေနတ်ပစ်သင်ပေးမယ်"

"တကယ်သင်ပေးနော်"

"အေးပါကွာ...မုန်ယို မင်းတို့ကားဘေးမှာနေရာယူထား ဟိုကောင်တွေလှမ်းပြီးပစ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း... ဒိုင်း... ဒိုင်း..."

ပဒီတံတားကြီးရဲ့အလယ်တိုင်နှစ်ဖက်ကို သူမှာပါလာသည့် ဒဆိန်လေးနှင့်ခုတ်ပြီး ခပ်သွက်သွက်လေးပြောလာတော့သည်။

"မင်းဆက်ရေ၊ လှည့်ကြည့်စရာမလိုဘူး... သွားကြမယ်"

ကားပေါ်သို့ ပြန်တက်၍မောင်းထွက်လာခဲ့ကြပြီး သိပ်မကြာ ဒီတံတားကြီးကျိုးကျသံကိုကြားလိုက်ရတော့သည်။

"ကဲ့ခုကစပြီးအပန်းဖြေခရီးထွက်တယ်လို့ သဘောထားပြီး သာမောင်းတော့ မင်းဆက်ရေ"

"ပဒီဒီကထွက်ရင် ဘယ်ကိုရောက်မှာလဲ"

"ပဒေါင်းဘူးရွာကိုရောက်မှာ"

"မှောင်ခိုသမားတွေနဲ့ ခုစရိုက်ကောင်တွေ ကျင်လည်တဲ့ရွာက သေမဟုတ်လား"

"သိပ်ဟုတ်တာပေါ့ကွာ သေနတ်မပါရင် စကားပြောလို့မရ ဒီရွာတွ...ငါတို့အတွက်တော့နောက်ထပ်အန္တရာယ်နယ်မြေကိုဖြတ် ကျော်ရမှာပေါ့ မင်းဆက်"

"ဒီရွာမှာကြီးစိုးနေတဲ့သူက အမျိုးသမီးတစ်ဦးဆို"



www.burmeseclassic.com

www.burmeseclassic.com



"နေနတ်သမီး(ခ) သမုဒယလို့ခေါ်တယ်"

"အမည်လေးကတော့ ခပ်နွဲ့နွဲ့လေးပဲ နေနတ်သမီးလို့ဘာကြောင့်ခေါ်ရတာလဲ"

"သူရဲ့ဒါသတစ်ချက်ဟာ နေလိုတောက်လောင်စေတယ်ဆိုတဲ့သဘောမျိုးပြောတာပဲ"

"သေနတ်တွေကိုင်ထားတဲ့ ယောကျ်ားရင့်မကြီးတွေကဆက်ကြေးပေးရတဲ့သူဆိုတော့စိတ်ဝင်စားဖို့တော့ကောင်းနေပြီပဒီ"

"စိတ်ဝင်စားတယ်မပြောနဲ့ မင်းဆက် သမုဒယရဲ့အလှကရူးသွတ်စေလောက်အောင်လှတယ်နော်ပြီးတော့ သူ့ဘေးမှာကိုယ်ရံတော်လုပ်နေတဲ့ စကြာခေါင်နဲ့လက်ယာခေါင်တို့သေနတ်ကျည်ဆံကပစ်မှတ်ကို ချိန်စရာမလိုဘူး"

မင်းဆက်အတွေးထဲမှာ ချက်ချင်းရောက်ရှိသွားသူကနေနတ်သမီးခေါ် သမုဒယဆိုသော သူပင်ဖြစ်သည်။

"ရေမှာမြင်နေရတဲ့စားသောက်ဆိုင်မှာအရင်ဆုံးအစားစားပြီးမှ ရွာထဲကိုဝင်မယ်"

"တည်းခိုဖို့အတွက်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မိတ်ဆွေထီးတန်ဆိုတဲ့ကောင်ဆီမှာ တစ်ညအိပ်ပြီးခရီးဆက်မယ်၊မင်းဘယ်ထိမောင်းရမှာလဲမင်းဆက်"

"သိုက်တောမြို့ကလေးထိသွားရမှာ"

"မင်းခရီးက အဓဝးကြီးကိုသွားရမယ့် ခရီးရှည်ကြီးတစ်ခုပဲ၊ အဲ့နှုန်းအတွက်လိုက်လို့ကောင်းတဲ့ နယ်မြေတွေပဲ"

အပြင်ဘက်မှာသီးသန့်ဖွင့်ထားသော စားသောက်ဆိုင်လေးအစ်ရှေ့တွင် ကားထိုးရပ်ပြီး ဆိုင်ကလေးထဲသို့ဝင်လာခဲ့ကြပြီး... ခဏအခွင်သေနတ်သမား(၅)ယောက် ရောက်လာခဲ့ကြသည်။

"ဒေါ်စော...ဒေါ်စော"

"ဘာများလဲ...ကျောက်ဖိုး"

"ဒီကားကိုဘယ်သူတွေမောင်းလာတာလဲ"

"ဟို...ဟို..."

မင်းဆက်တို့ဝိုင်းဘက်ကို ဆိုင်ရှင်ကလက်ညှိုးထိုးပြလိုက်သဖြင့်မင်းဆက်နှင့်ပဒီဆိုင်ပြင်သို့ထွက်လာခဲ့ကြသည်။

"ကားကိုမောင်းလာတာမင်းတို့လား"

"သိပ်ဟုတ်တာပေါ့ ဘာများဖြစ်ရလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကားကပါတဲ့တင်ကကားကွမ်းတို့နိုးလာတာမဟုတ်လား"

"နိုးလာတာမဟုတ်ဘူးယူလာတာ"

"ဘာကွ"

"ရှောက်...ရှောက်..."

သေနတ်သမားတွေက သေနတ်မောင်းတင်ပြီး မင်းဆက်တို့ကိုချိန်ရွယ်လိုက်သည်။ မင်းဆက်နှင့်ပဒီ တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ပြီး...

"မင်းတို့ကသေနတ်ကြီးတွေနဲ့ဆိုတော့ သိပ်ပြီးမတရားဘူးလို့ထင်တယ်ကွာ"

"စကားရှည်မနေနဲ့ခုလိုက်ခဲ့ကြစမ်း"

"ခေါ်ရင်တော့လိုက်ရမှာပေါ့ကွာ၊ ကဲ..လိုက်ပြီဟေ့"

"ဖြောင်း...အင့်... ခွပ်....အား"

သေနတ်များကိုကိုင်ထားကြသော်လည်း မင်းဆက်တို့အား ကပ်လျှပ်ရှားလိုက်သဖြင့် ပစ်ချိန်ပင်မရလိုက်ကြပါ။ မင်းဆက်နှင့်ပဒီ တို့၏ တိုက်ခိုက်မှုတွေက အလွန်မြန်ဆန်သဖြင့် သေနတ်သမား ယောက်လုံး မှောက်သွားချိန်တွင်၊



www.burmeseclassic.com

www.burmeseclassic.com



"ရွှေမသား(၂)ယောက်သေဖို့သာပြင်တော့"

"စိုင်းလုံ..."

"ဟာ...သ...မှ...ဒ...ယ..."

"ဟင်"

မင်းဆက်ကြားလိုက်ရသောအသံမှာ နူးညံ့သလိုရှိပေမယ့် ရှုရှလှသောအသံတစ်ခု မင်းဆက်တို့ကို တစ်ချက်လှည့်ကြည့်ပြီး အောက်ကိုကျနေသောဦးထုတ်ကိုပြန်ပြီးကောက်ယူလိုက်သည်။

"စိုင်းလုံ မင်းကောင်တွေကိုခေါ်ပြီးသွားတော့၊ မင်းတို့ရာဇဝင်တွေကို ငါမသိဘူး။ ငါ့ရှေ့မှာသေနတ်သံမကြားချင်ဘူး"

"ဟေ့ကောင်တွေသွားမယ်"

စိုင်းလုံ...သူ့လူတွေကိုခေါ်ပြီးထွက်သွားတော့သည်။

"ရှင်တို့နှစ်ယောက်စလုံး လက်တွေခြေတွေသွက်လှချည်သား ချီးကျူးပါတယ်"

"ကျေးဇူးတင်ပါတယ်"

"ရှင်တို့ဒီရွာကိုအလည်လာကြတဲ့သူတွေတော့မဖြစ်နိုင်ဘူး"

"ခရီးသွားရင်းနဲ့ ဓာကိုနှုးမှာရောက်လာကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့နဲ့ပါလာတဲ့ကလေးက ကိုယ်တော်လေးစိုင်းစပ်နိုင်ဆိုတာပေါ့"

"ဟင်"

"ဟာ"

"ဒီလောက်ဆိုရင် ရှင်တို့သဘောပေါက်မှာပါ၊ ကျွန်မကတော့ ခုနကကောင်တွေလိုတော့ စကားလုံးမကြွမ်းဘူး၊ ဒါပေမယ့် ကျွန်မ ဘေးကသ သနတ်သမားတွေက စိတ်ဆိုးလွယ်တယ်"

"မင်းကငါတို့ကို ဖမ်းတဲ့သဘောပေါ့"

"ရှင်တို့ကိုစိတ်မဝင်စားဘူး၊ ကျွန်မစိတ်ဝင်စားတာက ကိုယ်တော်လေးစိုင်းစပ်နိုင်တစ်ယောက်တည်းပဲ၊ ရှင်တို့ဘက်က ကိုယ်တော်လေး ကိုထားပြီး ပြန်သွားမယ်ဆိုရင် ရှင်နဲ့ကျွန်မကြားမှာ သွေးစွန်းမယ့်ကိစ္စလေးတွေမရှိတော့ဘူး"

"မင်းနာမည်ဘယ်သူလဲဆိုတာတောင်ငါမသိဘူး၊ တစ်ခုတော့ မင်းကိုပြောလိုက်မယ်"

"ရှင်ပြောကြည့်ပါ"

"ကိုယ်တော်လေးကိုငှက်တလေးကြွက်ကလေးလိုလွယ်



www.burmeseclassic.com

www.burmeseclassic.com



တကူဖမ်းပြီးခေါ်သွားဖို့ဆိုတာ စိတ်ကူးယဉ်တာပဲဖြစ်မယ်"

"စကြာခေါင် နေဦး"

ဘေးမှ စကြာခေါင်ဆိုသူက သူ့ခါးကြားဆီသို့လက်ရောက်သွားတာကို သမုဒယ လှမ်းပြီးတားလိုက်ကာ မင်းဆက်မျက်နှာသို့ ထပ်ပြီးရွှန်းလဲ့နေတဲ့ မျက်လုံးနှင့်ကြည့်လိုက်သည်။

"ဒီနယ်မြေမှာ ကျွန်မကိုဒီလိုစကားတွေကိုကြားဝံ့အောင်ပြောခဲ့တာ ရှင်တစ်ယောက်ပဲရှိတယ်၊ ရှင်ကဘာမှမသိတဲ့လူဆိုတော့ ကျွန်မ သမိုင်းကို ပြောမပြတော့ပါဘူး"

"နေနတ်သမီးရဲ့ရာဇဝင်ဟာ ကျုပ်အတွက်မဟုတ်ဘူး"

"တောက်....ဒီကောင်တော့ကွာ"

"လက်ယာခေါင်"

"ရှင်တို့ဘက်ကစကားကုန်သွားပြီလား"

"ဟုတ်တယ်ပဲဆိုရမှာပေါ့"

"ကောင်းပြီ...လက်နက်မဲ့သူကိုလက်နက်နဲ့အနိုင်ကျင့်သလို အောာမလုပ်ချင်ဘူး...ရော့"

မင်းဆက်ကို သမုဒယမှ သေနတ်တိုတစ်လက်ကို ပစ်ပြီးပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်ကိုမင်းဆက်လှမ်းယူလိုက်၏။

"ရှင့်သေနတ်တော့ပစ်တတ်မှာပါ"

"လက်ကလေးကွေးရင်ကျည်ဆံထွက်တဲ့ကိစ္စပဲ သိပ်ပြီး မခဲယဉ်းလှပါဘူး"

"ရှင့်ပုံစံနဲ့ကျွန်မလူကိုယုဉ်ဖို့ဆိုတာ သိပ်ပြီးကွာနေမလားဘဲ"

"အဆုံးအဖြတ်ဆိုတာ ပြီးဆုံးသွားပြီးမှမှန်တာပါ"

"ရှင်ကြိုက်တဲ့လူကိုရွေးလိုက်"

"ကျုပ်ဘက်ကရွေးချယ်စရာမရှိဘူး မင်းပဲရွေးချယ်နိုင်တယ်"

"လက်ယာခေါင်"

မင်းဆက်သေနတ်ထဲမှ ကျည်ဆံ(၅)တောင့်ကိုထုတ်ပြီး မြေပြင်ပေါ်သို့ ပစ်ချလိုက်သည်။ သေနတ်ထဲတွင် ကျည်တစ်တောင့်သာချန်ထားပြီး ခြောက်လုံးပြူးအိမ်ကိုလက်နှင့်ပွတ်ကာ လှည့်လိုက်လေသည်။

"မင်းလူဘက်က ဒီလိုမလုပ်ချင်ရင်ရတယ်"

လက်ယာခေါင်ကျည်ဆံထုတ်ပြီး တစ်တောင့်ချင်းကိုချိန်ပြီး ပစ်လို့ရနိုင်မယ့် ခြောက်လုံးပြူးကျည်အိတ်ကိုလှည့်ပြီးကျည်ဆံတ



www.burmeseclassic.com

www.burmeseclassic.com



နေရာမှန်ရောက်အောင်တော့မလုပ်နိုင်၊ ဒါပေမယ့် သမုဒယစရှေ့တွင် အိတ္တာကျုံမှာစုံးသဖြင့်မင်းဆက်လုပ်သလို လုပ်လိုက်သည်။

"မင်းနဲ့ငါလောင်းကြေးက ဘာလဲ"

"ရှင့်ဘက်ကအရင်ပြော"

"ငါ့ကိုမင်းလှကသေအောင်ပစ်နိုင်ပြီဆိုရင် ကိုယ်တော်လေး ကိုခေါ်သွားလို့ရပြီ၊၊ မင်းလှရှုံးရင်ရော"

"မင်းတို့ကို ရွာကနေထွက်ခွင့်ပြုမယ်"

"မင်းစကားကိုငါယုံတယ် စလို့ရပြီ"

မင်းဆက်တို့နှစ်ယောက်သီပ်ပြီးမကွာသောနေရာတွင် နေရာယူလိုက်ကြပြီးနောက်၊

"တစ်...နှစ်...သုံး..."

"ခလျက်.."

"ဒိုင်း"

"ဟင်"

လက်ယာခေါင်သေနတ်မှကျည်မထွက် မင်းဆက်သေနတ်ကျည်ဆံမှာ လက်ယာခေါင်၏ဦးထုပ်ကို ထိမှန်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း... ဖြောင်း... ဖြောင်း"

သမုဒ္ဒယလက်ခုပ်ကလေးတီးပြီး အပြုံးပွင့်လေးတစ်ခုနှင့်

ဂုဏ်ပြုလိုက်သည်။

"လေးစားလောက်တဲ့လူတစ်ယောက်ပါ၊ ရှင်နိုင်သွားပြီ ကျွန်

ကတိအတိုင်း ဒီရွာမှာလွတ်လပ်စွာနေပြီး ကိုယ်လိုရာခရီးကို ဆက်

သွားနိုင်ပါတယ်"

"ကျေးဇူးထပ်ပြီးတင်ပါရစေ သမုဒ္ဒယ သွားခွင့်ပြုပါဦး"

မင်းဆက်လှည့်ပြီးအထွက်တွင်...

"နေပါဦး"

"ဘာများလဲ"

"ရှင်ကကျွန်မနာမည်ကိုတော့သိနေပြီး ရှင့်နာမည်လေး

တစ်ဆိတ်လောက်ပြောခဲ့ပါဦး"

"မင်းဆက်မဏ္ဍိုင်"

"ကျွန်မမှတ်ထားလိုက်ပါ့မယ်၊ ကြောခေါင်သွားမယ်"

လက်ယာခေါင်က သူ့အရှုံးကြောင့်ရှက်ကာခေါင်းငုံ့ပြီး

မှလိုက်ခဲ့ပေမယ့် မင်းဆက်ပေါ်မှာ အခဲမကျေပေ။ ...ရှုံးသူ့ခဲ့ကော



www.burmeseclassic.com

www.burmeseclassic.com



ကိုပစ်ရလိုက်ရသလိုခံစားလိုက်ရသည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com

ပဒီ မိတ်ဇေ့ တိတန်အိမ်တွင် မင်းဆက်တို့တစ်ညတာနားနို ကြတော့၏။ ညစာထမင်းစားပြီး ဝိုင်းဖွဲ့စကားပြောနေကြသည်။

"မင်းဆက်ဒီတစ်ခါပွဲကိုတော့ တကယ်ရိုးကျူးတယ်ကွာ"

"ပဒီ သိပ်ပြီးအထင်ကြီးမနေနဲ့၊ လက်ယာခေါင်နဲ့ သေနတ်ချင်း ယှဉ်ပြီးပစ်ရင် ကျုပ်မလွယ်ဘူး။ ဒါကြောင့် ကျုပ်ကျွမ်းကျင်တဲ့ဘက် ကနေစိန်ခေါ်လိုက်ရတာ"

"သမုဒယကတော့ မင်းကိုသဘောကျသွားတယ်ဗျ"

"သမုဒယ သဘောကျတာထက် ဟိုကောင်လက်ယာခေါင်



www.burmeseclassic.com

www.burmeseclassic.com



နှတ်လုံးတွေကတောက်ကျစ်မှုတွေပါနေတယ်"

"ငါတို့သတိတော့ထားရမယ် ဆက်"

"ဟုတ်တယ်မုန်ယို၊ ဒီညကို စိတ်ချပြီး အိပ်လို့မရဘူး၊ ငါတို့

ဒေါ်မှာစိုင်းလုံ့တို့အဖွဲ့ကလည်း စောင့်ချင်နေတာ"

ဓေးတံကြီးကိုခဲပြီး နားထောင်နေသော ဦးတီးတန်မှ

"မင်းတို့ပြောသလိုသိမ်ပြီးဖြစ်နိုင်တယ်၊ ရွာမှာ လက်ယာခေါင်

နဲ့ ကြာခေါင်က သမုဒယကို ဘူသိမ်းမယ်၊ ငါသိမ်းမယ် ဖြစ်နေတာ၊

သမုဒယအတွက် အခြေအနေက မကောင်းတော့ဘူး။ တစ်ကောင်

ကောင် သေတာနဲ့တစ်ကောင်က ကျိန်းသေသိမ်းပိုက်မှာ.."

"သမုဒယက သိမ်းပိုက်တာကို ခံပါ့မလား"

"သမုဒယ ရလိုရပီတည်နေနိုင်တာ သူတို့(၂)ယောက်ကြောင့်

ဆိုရမယ်၊ သမုဒယ ဖခင်ကြီးက တစ်ချိန်က နာမည်ပဲရှိတော့တာ၊ ရ

ဟုခါသည်ကြီးဖြစ်နေပြီ၊ သမုဒယကို ကာကွယ်ပေးဖို့ မဖြစ်နိုင်တော့

ဘူး၊ သမုဒယက သူတို့(၂)ယောက်ကြားမှာ ပါးပါးနပ်နပ်နဲ့နေနေရ

တာ"

"လက်ယာခေါင်နဲ့ ကြာခေါင်က ဘယ်လိုလုပ်ပြီး သမုဒယ

www.burmeseclassic.com



နားကိုရောက်ခဲ့ကြတာလဲ"

"ဒီနှစ်ကောင်ကို သမုဒယ ဇခင် ဝိုလ်တိမ်ညိုက ငယ်ငယ်က တည်းက မွေးစားခဲ့တာ၊ မွေးစားတယ်ဆိုပေမယ့် ကယ်တင်ထားတာ ဆိုရင် မမှားဘူးပေါ့ကွာ၊ တစ်မှတော်စစ်ကြောင်းနဲ့ ရှမ်းသူပုန်တွေ တိုက်ပွဲဖြစ်ပြီး သူတို့(၂)ယောက်ရဲ့မိခင်ရော၊ ဖခင်ရော တိုက်ပွဲမှာ ကျ သွားတာကို ဝိုလ်တိမ်ညိုက ခေါ်ယူပြီးကျွေးမွေးစောင့်ရှောက်ထားခဲ့ တာ၊ ဒီကျေးဇူးတရားကိုတောင် မထောက်ထား၊ သမုဒယကို ကြံစည် နေကြတာ"

"လူမိုက်ဆိုတာ ဒီလိုပါပဲ၊ အသိတရားကင်းမဲ့ပြီး အမှားဆိုတာ ကို ရှိုးမြိန်နေကြတာ၊ တစ်နေ့နေ့တော့ နောင်တတရားက အဆုံးသတ် ပေးသွားမှာပါ"

"အလှည့်ကျစောင့်ပြီး အိပ်ကြတာပေါ့"

"မင်းဆက်... မင်းကအိပ်ပါ၊ ငါတို့က တားပေါ်မှာ ငိုက်ပြီး လိုက် လို့ရတယ်၊ မင်းက တားမောင်းရမှာ"

"ပဒီရေ... မင်းလူတွေကိုလုံခြုံတဲ့နေရာတစ်ခုမှာ ထားနေတယ်"

"ကောင်းတာပေါ့ တီတန်ရာ၊ အရေးကြီးတယ် ဟိုကလေး



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးပဲ"

"ဝါ့နောက်ဘက်မှာ အခန်းတစ်ခုရှိတယ်၊ ဘယ်သူမှ မသိနိုင်ဘူး၊ ငါ့ရှမ်းသူပုန်တွေ ကြီးစိုးတုန်းက လျှို့ဝှက်လုပ်ထားတာ"

"ဦးလှိုင်ဘွားက ကိုယ်တော်လေးကို ခေါ်သွားပြီးနေလိုက်ပါ၊ တကယ်လို့ ရင်ဆိုင်မှုတွေရှိရင် စိတ်ချစွာနဲ့ ရင်ဆိုင်ရတာပေါ့"

"အေး..အေး.."

"ကျွန်တော်က ဦးဦးတို့ရတာကို ကြည့်ချင်သေးတာ"

"ကဲပါမောင်စိုင်းရယ်.. နောက်တော့မှ တဝကြီးကြည့်နော်"

ဦးလှိုင်ဘွားမှာ ကိုယ်တော်လေးကိုခေါ်သွားပြီး ဦးဝီတိန်နောက်ကိုလိုက်သွားလေသည်၊ အိမ်ထဲမှာတော့ မင်းဆက်တို့အပြင်တို့နားစွင့်ရင်း စောင့်နေကြသည်၊ အိမ်ကြီးထဲမှာ မီးတွေကိုငြိမ်းလိုက်လေသည်၊

"မင်းဆက်..ဒီမှာလာပြီးကြည့်"

အိမ်ကြီးခြံဝန်းထဲသို့ မှောင်ရိပ်ခိုပြီးလာနေကြသည့် သဏ္ဍာန်တွေကို တွေ့လိုက်ရသည်၊

"ဝါတို့ထင်ထားတဲ့အတိုင်းပဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"လူအင်အားများတယ်"

"တစ်ယောက်ချင်းကို လူခွဲပြီးဖြိုရမှာပဲ၊ မင်းဆက်ဒီကနေခံပြီး ပစ်ရင် သူတို့အင်အားနဲ့ဆို မလွယ်ဘူး"

"ဟုတ်တယ်ပဒီအပြင်ထွက်ပြီး တစ်ယောက်ချင်းဖြိုရမယ်"

မင်းဆက်၊ ပဒီနှင့်မုန်ယိုတို့(၃)ဦး အိမ်ကြီးနောက်ဖေးဘက်မှ နေ ချုံကွယ်ဝေ့မှာခွဲပြီးစောင့်နေလိုက်ကြသည်။

"ကဲ..စပြီးဖွင့်ပြီ.."

"ရှိ... ခတ်...အား"

"ဟင်..ပစ်...ဒိုင်း...ဒိုင်း.."

ပဒီက သူ့ဒူးလေးဖြင့် တစ်ယောက်ကိုပစ်လိုက်၊ ရှောင်ထွက် လိုက်နှင့်လုပ်နေသလို မင်းဆက်နှင့်မုန်ယိုမှာလည်း တစ်ယောက်ချင်း ကို အနီးကပ်ရှင်းရတော့သည်။

သေနတ်သမားတွေက အိမ်ကြီးထဲကို အတင်းထိုးဖောက်ပြီး ဝင်ပေမယ့် အိမ်ကြီးထဲတွင် ဘာကိုမှ ရှာမတွေ့ကြပေ။ အပြင်ဘက်မှာ တော့ တစ်ယောက်ပြီးတစ်ယောက်ကျနေလေပြီ။

"အိမ်ကိုမီးရှို့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"လက်ယာခေါင်…နင်…ဒါဘာလုပ်တာလဲ၊ ရပ်စမ်း"

"မင်းအဓိပ္ပါယ်တွေကို ငါနားမလည်ဘူး"

"မင်း…ဒိုက်ရိုင်းလှချည်လား လက်ယာခေါင်"

"စကြာခေါင်…မင်းကိုယ်မင်း သူတော်စင်ကြီးလုပ်ပြီး အမှတ်တွေ ယူမခံနဲ့၊ မင်းလည်းငါ့လိုပဲ၊ သမုဒယကို သိမ်းပိုက်ဖို့ကြံစည်နေတဲ့ကောင်ပဲ၊ ဒီနေ့ပွဲမှာ မင်းနဲ့ငါပါ စာရင်းရှင်းကြတာပေါ့"

လက်ယာခေါင်တစ်ယောက် အစွယ်များကို လုံးဖွတွေကန်းပြီး အစ်ကိုဖြစ်သူကို စိန်ခေါ်နေလေပြီ။

"မင်းဘက်က စိန်ခေါ်မှတော့ သိပ်ပြီးရတာပေါ့၊ ကဲ…သေနတ်ထုတ်လိုက်တော့"

"ထုတ်ပြီပေါ့…ဒိုင်း…အား"

"ဟင်…စကြာခေါင်…"

"ဟား…ဟား…ဟား…ဟား…"

"မင်း…မင်း…လူယုတ်မာ…"

စကြာခေါင်ဘက်မှသေနတ်ထုတ်ချိန်ထိမစောင့်ဘဲ အရောက်ကြီးတာ လက်ယာခေါင် ပစ်လိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ..သမုဒယ မင်းဘာမှ စဉ်းစားမနေနဲ့တော့၊ မင်းကို အကာအကွယ်ပေးနိုင်တဲ့ကောင်ကတော့ ဘဝပြောင်းသွားပြီ၊ မင်းအဖေကိုလည်း ငါရှင်းခဲ့ပြီးပြီ"

"နင်...ခွေးထက်မိုက်တဲ့ ကျေးဇူးကန်းတဲ့ကောင်"

"ငါက နင့်အဖေကို ရောဂါဝေဒနာကြီးခံစားနေရတာကို သိပ်ပြီးသနားလို့ပါ..ဟား..ဟား...ဟား.."

"နင်...လွှတ်..လွှတ်.."

သမုဒယကို လက်ယာခေါင်းအတင်းဆွဲပြီးခေါက်.

"ဟေ့ကောင်တွေ.. သူ့ကိုခေါ်သွားစမ်း၊ ဟိုအိမ်ကြီးထဲက ငွေထုပ်ကြီးကို ရအောင်ဖမ်းရမယ်၊ ဒီငွေထုပ်ကြီးရမှ ဒီမဒီလေးနဲ့ အပျော်ကြီးပျော်ရမှာကွ... ဟိုခွေးမသားတွေကို တစ်ယောက်မကျန် ရှင်းရမယ်"

"ရှီ...ဒုတ်...အီး...အား...အင့်..."

ပဒီ၏မြားတွေက အမှောင်ထုထဲမှ ဆက်တိုက်ကြီးထွက်လာကာ တစ်ယောက်ပြီးတစ်ယောက် မွေကျသွားသည်၊ ဘယ်နေရာက ပစ်မှန်း မသိသောမြားတစ်စင်းကြောင့် ကျန်လူများ ပုန်းပျို့ပြီးနေ



www.burmeseclassic.com

www.burmeseclassic.com



ကြရတော့သည်။ ထိုထဲတွင် လက်ယာခေါင်နှင့်စိုင်းလုံလည်း ပါလေသည်။

"ဟိုကောင်တွေ အိမ်ကြီးကိုမီးရှို့တော့"

လက်ယာမေါင်သူ့ကောင်တွေကိုမီးရှို့ဖို့လှမ်းပြီးအော်သည်နှင့်ဓါတုတ်သမားတွေက အိမ်ကြီးနားကိုကပ်သွားပေမယ့် ပစ်ချိန်မရလိုက်ပါ၊ မင်းဆက်နှင့်မုန်ယိုတို့၏သေနတ်ကျည်အောက်တွင်ကျဆုံးကုန်ကြသည်။

"ဟိုကောင်တွေ...ဟိုကောင်တွေ"

တစ်ယောက်မှ လက်ယာခေါင်၏ အမိန့်သံကိုနားမထောင်တော့ဘဲနောက်ထပ်မြားနှင့်ကျည်တွေမထိဖို့အတွက် နောက်ကိုဆုတ်ကြတော့သည်။ ကျန်ခဲ့သူက လက်ယာခေါင်၊ စိုင်းလုံနှင့်သမုဒယ

"သတ္တိရှိရင်ခုထွက်ခဲ့...ခိုးကြောင်ခိုးဝှက်နဲ့ပစ်မနေနဲ့...ကွ"

"ထွက်ခဲ့ပြီ..."

မင်းဆက်...အေးဆေးသောခြေလှမ်းတို့နှင့်ထွက်လာပြလိုက်သည်။ ပဒိကတော့အမှောင်ထုထဲမှာ ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲလက်ယာခေါင် မင်းကထပ်ပြီးယှဉ်ချင်သေးလို့လား ဒီတစ်ခါကော့ငါ့ဘက်ကမင်းကိုညှာမှာမဟုတ်ဘူးနော်"

လက်ယာခေါင်...စကြာခေါင်ကို ပစ်ခဲ့သလိုပဲ အလစ်အငိုက် ကိုစောင့်ပြီး...ကွယ်ပြီးပစ် ဖို့ပြင်ပေမယ့်

"ရှီ... ဒိုင်း... အား..."

ပဒီမြားက လက်ယာခေါင်၏ပခုံးကိုထိမှန်ပြီး သေနတ်ပါလွှတ် ကျသွားတော့သည်။ စိုင်းလုံ...သမုဒယကိုဝံသေနတ်နှင့်တော့ပြီး ဓားစာ လုပ်လေသည်။

"မင်းတို့ကပ်တာနဲ့ပစ်လိုက်မှာနော်"

"ဟာစိုင်းလုံ ...သမုဒယက ငါ့ရဲစ်သူမဟုတ်ဘူး မင်းသတ် တော့ရောဒါကဝမ်းနည်းရမှာလား။ သတ်ချင်ရင်သတ်ပေါ့ကွာ"

"အဲ"

မင်းဆက်စကားကြောင့် စိုင်းလုံတွေဝေသွားပြီးရှိန်တွင်

"ဒိုင်း... အား..."

မင်းဆက်သေနတ်ကျည်ဆံက စိုင်းလုံရင်ဝကိုထိမှန်ပြီးနောက် ပြန်ကျသွားတော့သည်။ မင်းဆက်တို့တိုက်ပွဲကပြီးဆုံးသွားခဲ့လေပြီ



www.burmeseclassic.com

www.burmeseclassic.com



"ရွှေဇကောင်...နင့်ကိုသတ်မယ်"

"သမုဒယ"

မင်းဆက်ထွက်လာပြီးတားပေမယ့်ဖနောက်ကျသွားခဲ့ပြီ...

"နင်...နင်...ဘား..."

သမုဒယဘားမြှောင်မှာလက်ယာခေါင်း၏ရင်ညွှန့်ထဲသို့စိုက်ဝင်

သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

မင်းဆက်တို့တွေ ရွာကြီးကိုကျော်နိုင်ပြီး ကားတစ်စီးဖြင့် ဆက်ပြီးခရီးဆက်လာခဲ့ကြသည်။

"ပဒီရေ...ကျုပ်တို့တော့ တကယ့်ပွဲကြီးပွဲကောင်းတစ်ခုကို နွှဲလိုက်ရတာပဲဗျ"

"တစ်ရွာလုံးအတွက် ကောင်းသောနေ့တွေကို ရောက်သွားတာပေါ့မှန်ယိုရေ"

"စိတ်မကောင်းစရာတစ်ခုကတော့ ကျန်ခဲ့တယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကဘာကိုပြောတာလဲမှန်ယို"

"ဟို...ဟို...သမုဒယဆိုတဲ့ နေနတ်သမီးလေးအတွက်ပါ"

"သူမှာဘာအန္တရာယ်မှမရှိတော့တာပဲ"

မင်းဆက်က ပဒိုနှင့်မှန်ယိုပြောနေသော စကားဝိုင်းထဲမှာ ဝင်ပြီးမပါဘဲ ကားကိုသာဂရုစိုက်ပြီး မောင်းနေသည်။

"ဒီနယ်မြေတွေက လုံခြုံရေးစိတ်ချရတဲ့နယ်မြေတွေမဟုတ်ဘူး။ ကြွယ်ဝသောင်းကျန်းသူတွေ၊ ဓားပြတွေ၊ မှောင်ခိုလောကသားတွေက သမုဒယအလှကိုမက်မောကြမှာပဲ"

"သူ့ဖူးစာပါတဲ့သူနဲ့ ညားသွားမှာပဲမှန်ယို၊ တွေးပြီးစိတ်မကောင်းဖြစ်မနေနဲ့"

"စိတ်မကောင်းဖြစ်တာက သူ့အလှနဲ့ထိုက်တန်တဲ့ဘဝတစ်ခုကိုပိုင်ဆိုင်စေချင်လို့ပါ"

"ဟားဟားဟား...မှန်ယိုဆိုတဲ့ကောင်က ခုတော့လည်း စကားလုံးတွေကဗျာဆန်နေပါလားဟေ့"

"မင်းဆက်"

"ဘာလဲမှန်ယို"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသဘောမကျဘူးလား"

"မုန်ယိုမင်းကလုပ်ချလိုက်ပြန်ပြီပဲ၊ ဒါကသဘောကျတော့ ရော မင်းကပေးစားမှာမို့လား"

"ခုနေချိန်မှာ သူ့ဘဝလေးကမိုးရိပ်ရာမဲ့ဖြစ်နေတာဆိုတော့ မင်းသာခေါ်ခဲ့မယ်ဆိုရင် လိုက်မှာသေချာတယ်"

"မုန်ယိုတော်တော့ ဒါနလုံးသားအတွက် စိတ်ကူးယဉ်ခွင့်ရှိတဲ့ အချိန်မဟုတ်ဘူး"

"ဦးဦး..."

"ဘာလဲမောင်စိုင်း"

"ဦးဦးဟိုမမကိုယူရင် ကောင်းမှာဗျ"

"ဟော...ဘာလို့လဲ"

"ဦးဦးနဲ့မမက သိပ်ပြီးလိုက်တာ၊ ယူလိုက်ပါလား..."

"အေးနောက်တစ်ခါဒီရွာကိုပြန်ရောက်ရင်ယူပေးမယ် စိတ်ချ ပြီးသာနေ"

ဂျစ်ကားကလေးမှာ တောင်ကြားကျောက်လမ်းကလေးအတွင်း ကိုကွေ့ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာခရုမှာမိန်းကလေးတစ်ယောက်"

"သမုဒယနဲ့ခပ်ဆင်ဆင်ပဲ"

"ဟာ"

မင်းဆက်မှာ သမုဒယပုံရိပ်စကားကြောင့်ရင်ကိုတုန်လှုပ်သွားစေခဲ့သည်။ ကားကမိန်းကလေးနားသို့ရောက်တော့ သမုဒယပင်ဖြစ်နေသည်။ သူမဘေးတွင် ကားထိုးရပ်လိုက်ပြီး..

"ငါတို့ဘာကူညီရမလဲ သမုဒယ"

"ကျွန်မကို.. ကိုမင်းဆက်တို့နဲ့လိုက်ခွင့်ပြုပါ"

"ဟော.. ဟင်... ဟာ.."

"မဖြစ်ဘူးထင်တယ် သမုဒယ ငါတို့ခရီးကဝေးတယ်၊ အရှင်းဆုံး ပြောရရင် အန္တရာယ်များစွာကို ဖြတ်ကျော်ပြီးသွားရမယ့် ခရီးတစ်ခုဖြစ်နေတယ်"

"ဘယ်လိုအန္တရာယ်တွေပဲဖြစ်ဖြစ် ကျွန်မရှင်တို့နဲ့အတူတူရင်ဆိုင်ပါ့မယ်၊ ဒီရွာမှာကျွန်မဆက်ပြီးနေလို့မဖြစ်တော့လို့ပါ"

"ဦးဦးမင်းဆက်ရယ်....ခေါ်ခဲ့ပါဗျာ"

"ဟူး..."



www.burmeseclassic.com

www.burmeseclassic.com



မင်းဆက်သက်ပြင်းမှုကို မှတ်ထုတ်ပြီး ပဒီဘက်ကိုလှည့်ပြီး ကြည့်တော့ ပဒီခေါင်းကလေးညိတ်ပြီး လိုက်ခွင့်ပြုသောသဘော ပြလိုက်သဖြင့်..

"ကောင်းပြီ... လိုက်ခဲ့ပါသမုဒယ"

"အရမ်းကိုကျေးဇူးတင်ပါတယ် ကိုမင်းဆက်"

"ဒီမှာရှိတဲ့လူတွေအားလုံးထဲမှာ ယောဒီက ကိုယ်တော်လေး ဆုံးဖြတ်ချက်ကို ဘယ်သူမှလွန်ဆန်ခွင့်မရှိဘူး သမုဒယ"

"ကျွန်မသိထားပါတယ်၊ သျှန်းဆိုတဲ့လူကြီးက ကျွန်မတို့ ဘက်ကိုကိုယ်တော်လေးနဲ့ရှင်တို့ မဖြစ်မနေရောက်လာမယ်ဆိုတာ သိထားပြီး ကျွန်မဆီကို သူ့လူတစ်ယောက်လွှတ်ပြီး ငွေသိန်း (၂ နဲ့စာတစ်စောင်ပို့လိုက်တယ်၊စာထဲမှာကရှင်တို့ကိုဖမ်းထားပေးဖို့ ကျွန်မ...သျှန်းဆီက ငွေသိန်း(၂၀)ကို လက်မခံသေးဘဲ ဘာကြော လဲဆိုတဲ့အဖြေကိုအရင်လိုက်ရှာတော့ကိုယ်တော်လေး စိုးစံ သျှန်းတို့က သိမ်ပိုက်အငမ်းမရဖြစ်နေတာ၊ ဘာကြောင့်လဲ ဆိုတာ လည်းသိထားလိုက်တယ်၊ကျွန်မကလက်မခံချင်ပေမယ့်လက်ခံ ကအကြံကြီးကြံပြီး... တစ်ချက်ခုတ်နှစ်ချက်ပြတ်ဖို့ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လက်ခံလိုက်တယ်"

"ဘယ်လိုအကြံအစည်မျိုးလဲ"

"ကိုယ်တော်လေးကိုဖမ်းပြီး သျှန်းကိုသိန်း(၂၀)မကတဲ့ ငွေကြေးတွေကိုတောင်းမှာလေ၊ အမှန်တိုင်းပြောရရင် ကျွန်မဟာ စကြာခေါင်နဲ့လက်ယာခေါင်နစ်ယောက်ကြားမှာ လိမ္မာပါးနပ်စွာနဲ့ နေနေရသူပါ။ ကျွန်မအစွမ်းအစ အရည်အသွေးဆိုတာ ဘာမှမရှိဘူး။ ကျွန်မဖေဖေ ရောဂါသည်ဘဝကိုရောက်ပြီးကတည်းက ကျွန်မဟာ သူတို့လက်ထဲက အရုပ်တစ်ရုပ်ဖြစ်ခဲ့ရသူပါ"

သမုဒယ၏ကြေကွဲဖွယ်စကားလုံးတွေက မင်းဆက်နလုံးသားတို ရိုက်ခတ်လျက်…

"ဒီရွာမှာ ကျွန်မဆက်နေရင် ကျွန်မဘဝဟာ ဘာလုံခြုံမှုမှမရှိနိုင်ပါဘူး။ သူပုန်မယား၊ ဓားပြမယား၊ မှောင်ခိုသမားတွေရဲ့မယား ဖြစ်ခဲ့ရင်တောင်မယားငယ်အဆ ိုကိုပဲရောက်ရမယ့်သူပါ၊ ဒါကြောင့် ကျွန်မကိုမင်းဆက်တို့နဲ့ဘယ် ိုပဲရောက်ရောက်လိုက်ခဲ့ဖို့ဆုံးဖြတ်ခဲ့တာပါ"

"မဘာမှမပူနဲ့ မမကိုကျွန်တော်ကာမွေးစားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းရောကွာ"

ကိုယ်တော်လေးစကားကြောင့် ရယ်မောစရာလေးတစ်ခုဖြစ်သွားခဲ့ကြရသည်။

"အခင်းလေး...မင်းဆုံးဖြတ်ပြီးပြီဆိုရင် ငါတို့သွားရမယ့် ခရီးကြမ်းမှာ ကျောချင်းကပ်ပြီး ဖြတ်ကျော်ရတာပေါ့၊ ပဒီကျွန်တော်တို့ ခုဖြတ်ရမယ့်ရွာ အခြေအနေကဘယ်လိုလဲ"

"ဒီရွာအခြေအနေကို ငါသိပ်ပြီးမသိဘူး မင်းဆက်"

"ကျွန်မ သိပါတယ်၊ ရွာအမည်က 'ဘူးခါးရွာ'လို့ခေါ်တယ်၊ တစ်ချိန်က ဘိန်းခင်းတွေ သီးသန့်စိုက်တဲ့ရွာလေးတစ်ရွာပါ၊ နောက် ပိုင်း ရှမ်းသောင်းကျန်းသူတွေ အလင်းဝင်ပြီး အစိုးရကနေ ဘိန်းခင်းတွေကို ဖျက်လိုက်တယ်၊ ဒါပေမယ့် ဘိန်းတွေကို ခုထိ ခိုးစိုက်ပြီး လုပ်ကိုင်နေကြတာပဲ"

"နယ်မြေကို အစိုးရက တိုက်ရိုက်ချုပ်မကိုင်ထားဘူးလား"

"အလင်းဝင်တဲ့ ရှမ်းတပ်ဖွဲ့ကို တဆင့်လွှဲပေးထားတယ်၊ ပ
တော့ အစိုးရထံမှာ ငြိမ်းချမ်းရေးယူထားတဲ့ စိုင်းလောအင်လ
ကတော့ ဘိန်းကို မတွေ့ရပေမယ့်၊ စိုင်းလောအင် သေဆုံးပြီး သူ့ရဲ့သ

www.burmeseclassic.com



စိုင်းကနက် တက်လာတော့မှ စည်းကမ်းမဲ့ကုန်တာ၊ ဘိန်းတွေစိုးပြီး ချက်တယ်၊ တစ်ဖက်နိုင်ငံဘက်ကိုပို့တယ်၊ ပြီးတော့တောထဲက သူပုန်တွေကိုလက်နက်ရိက္ခာတွေထောက်ပံ့ပြီးအစိုးရကို သစ္စာဖောက်နေတာ"

"စိုင်းကနက်ဆိုတဲ့ကောင်ဟာ ဒေါ်စောကလျာနဲ့တရုတ်ပြည်ထူနန်ဘက်မှာ ဆုံဘူးတာတော့ကြားဖူးတယ်ပဒီ"

"ကိုမင်းဆက် ကြားဖူးတာ ဟုတ်ပါတယ်၊ စိုင်းကနက်နဲ့ ဒေါ်စောကလျာဟာ ဆက်နွယ်နေတဲ့သူတွေပဲ"

"ပဒီ…ကျွန်တော်တို့ရွာကိုဝင်ဖို့မသင့်ဘူးထင်တယ်"

"ဟုတ်တယ်မင်းဆက်၊ ငါတို့ ပဒေါင်ဆူးရွာကနေ ထွက်လာအောကို ချုန်းတို့ သတင်းပေးလေးချောပေါက်ရမှာပဲ၊ ဒီတော့ ဆူးခါးရွာအတ်ကနေဖြတ်ပြီးထွက်ရမှာကိုကြိုတင်ပြီးစိုင်းကနက်ကိုအကြောင်းကြားထားမှာသေချာတယ်"

"ဘယ်လိုလုပ်မလဲပဒီ"

"ငါက ဒီနယ်မြေကို မကျွမ်းကျင်ဘူး။ သမုဒယလေး"

"ကျွန်မ ငယ်ငယ်ကတည်းက ဆူးခါးရွာမှာ ကျောင်းလာပြီး



www.burmeseclassic.com

www.burmeseclassic.com



တက်ခဲ့ရသူဆိုတော့နယ်မြေကိုကျွမ်းကျင်ပါတယ်၊ထွက်လမ်းတစ်
တော့ရှိတယ်၊ ဒီလမ်းကို စချိန်မှာဖြတ်မယ်ဆိုရင်တော့ မရနိုင်ဘူး
တစ်နေရာမှာညအိပ်ပြီးမနက်ပိုင်းကိုဖြတ်ထွက်ရမယ်"

"ညအိပ်ဖို့နေရာကရော ဘယ်လိုစဉ်းစားထားလဲ"

"ဒီကနေ နောက် နာရီဝက်လောက်မောင်းရင် လမ်းချိုး(၂)
ကိုတွေ့မယ်၊ ညာဘက်ကိုမောင်းဝင်ပြီး အင်္ဂလိပ်ခေတ်က ဆောက်
ထားတဲ့ဘိုတဲပျက်ကြီးတစ်ခုရှိတယ်၊အဲဒီမှာဦးပလိုင်တူဆိုတဲ့ဆေး
ဆရာကြီးတစ်ယောက်နေတယ်၊သူ့ကိုခွင့်တောင်းပြီးညအိပ်ကြ
မယ်"

"မင်းနဲ့ ဦးပလိုင်တူ ရင်းနှီးလား"

"ရင်းနှီးပါတယ်"

"မင်းဆက် ငါတို့ ဒီညမှ ရွာခါးရွာကိုမရောက်ဘူးဆို
စိုင်းကနက်က ငါတို့ကိုထွက်ပြီး ရှာနိုင်တယ်ဆိုတော့ ငါတို့သွား
နေရာကိုခြေရာဖျောက်နိုင်ဖို့တော့လိုတယ်နော်"

"သူတို့ စသွားမယ့်နေရာကို ခြေရာမခံနိုင်ပါဘူး၊ ဘာ
လည်းဆိုတော့ကျွန်မတို့မောင်းဝင်သွားမယ့်လမ်းက ချောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပါ၊ ရေကာ မြေဆစ်လောက်ပဲ စီးနေတာပါ"

"ဒါဆိုရင်တော့ အဆင်ပြေတယ်"

"ပဒီ...ကျွန်တော့်နားထဲမှာ ဆိုင်ကယ်သံတွေကြားနေရသလို
ဒါရှေ့ဘက်က လာနေတာ"

"ဟုတ်တယ်၊ ရှောင်ပြီး အခြေအနေကိုကြည့်ရင်ကောင်းမယ်၊
မင်းဆက်"

"အင်း..."

မင်းဆက် ကားကို ဘေးဘက်တောလမ်းတစ်ခုထဲသို့မောင်း
ဆင်လိုက်ပြီး ရပ်ထားလိုက်သည်။

"ဝူး...ဝူး...ကျွီ...ကျွီ..."

"ဟင်..."

ဆိုင်ကယ်(၂)စီးရပ်သံက မင်းဆက်တို့နှင့် သိပ်ပြီးမဝေးသော
နေရာတွင်ထိုးရပ်သွားလေသည်။ ပြီးမှ

"ကားသံက ဒီနားတင်ပျောက်သွားတာကွ"

"ဟိုမှာ ဘီးရာတွေ၊ ဒီတောလမ်းထဲကို ဝင်သွားတာ သေချာ
တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆလိုင်း သေနတ်တွေကို အသင့်ထုတ်ထားတော့.. ဆရာ စိုင်းကာနက်ပြောတဲ့ကောင်တွေဆိုရင်ကာလေးကာလှဲပြီး ကျွန်တဲ့ကောင် တွေကိုဆော်သာဆော်.."

"ဟာ.. ဟိုအဘိုးကြီးတစ်ယောက်လည်းပါတယ်"

"အဘိုးကြီး အရေးမကြီးဘူး။ သူကလည်း ငါတို့ကို ဆော်ရင် ဆော်ရမှာပဲ"

စကားသံတွေက မင်းဆက်တို့နားကို နီးကပ်လာနေသည်။ သစ်ပင်ကွယ်တွေဆီမှာကပ်ပြီးအခြေအနေကိုကြည့်တော့ စုစုပေါင်း သေနတ်သမား (၅)ယောက်။

"ဟိုမှာ ကားတွေပြီ"

"ဒီကောင်တွေ ကားကိုထားပြီးခြေလျင် လစ်တာပဲ ဖြစ်မယ် ကွ"

"ဒါဆိုရှေ့ဆိုရင် ပြေးလို့မရတော့ဘူး၊ချောက်စံနေပြီကွ၊အမြန် လိုက်ကြမယ်ဟေ့"

"ရှိ...ခုတ်...အီး..ခုတ်...အင့်..ခုတ်...အား"

မင်းဆက်နှင့်မုန့်ယီတို့ တားမြှောင်ပေါက်ချက်တွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သမားတွေကိုပစ်မလွဲခဲ့။

"ဟင်း..ဟား.."

သေနတ်ကိုင်ပြီးကျန်နေသော (၂)ယောက်မှာအမှတ်မထင်

အိတ်နိုက်ခြင်းကိုခံလိုက်ရပြီးနောက် ဘာလုပ်ရမှန်းမသိဖြစ်သွားတော

အီ အခွင့်ကောင်းယူပြီး မင်းဆက်နှင့် မုန်ယိ ဝင်ပြီးတိုက်ခိုက်လိုက်

ကြသည်။

"ဖြောင်း...ခွပ်..အင့်..အား.."

စိုင်းကနက် တပည့်နစ်ယောက်လုံး မြေပြင်ပေါ်တွင် ခြေကန်

နတ်ကြောင့် စိုက်ကျသွားပြီး ပြန်ပြီးထမည်အပြု

"မင်းတို့သေနတ်တွေက မင်းတို့ကို မှတ်မိမှာမဟုတ်ဘူးနော်"

"မ..မသတ်ပါနဲ့ဗျာ"

"ရှိကြီးခိုးပါမယ်"

"မင်းတို့သေမှာကိုတကယ်ကြောက်တတ်လား"

"ဟုတ်..ဟုတ်ကဲ့၊ ကြောက်...ကြောက်တတ်ပါတယ်"

"ဒါဆိုရင် ငါတို့မေးတာကို အမှန်အတိုင်းပြော"

"ပြော..ပြောပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆရာ စိုင်းကနက် ရွာမှာ ဘာတွေစီစဉ်ထားလဲ"

"ဆရာတို့လာရင် အသင့်ဖမ်းနိုင်ဖို့ ရွာလမ်းကြောင်းတွေမှာ ပိတ်ဆို့ထားပါတယ်၊ မနက်ကျရင်ဘိန်းသယ်မယ့်ကောင်တွေက လည်း ရောက်လာပြီး ဘိန်းတွေသယ်ကြမှာဆိုတော့ ဆရာတို့တွေကို ဒီည ကတည်းက မိအောင်ဖမ်းကြမှာပါ"

"ဘိန်းသယ်မယ့်လမ်းကြောင်းက ဘယ်လမ်းကြောင်းလဲ"

"ဆူးခါးရွာရဲ့တောင်ဘက် ဟိုင်ကိုလမ်းကနေ တောထဲကို သယ် ကြမှာပါ"

"ဘိန်းကုန်သည်တွေလား၊ စိုင်းကနက်ကောင်တွေလား"

"ဘိန်းကုန်သည်တွေပါ၊ သူတို့ဘက်က လူအင်အား (၂၀) နဲ့ လက်နက်ကိုယ်စီပါတယ်၊ အရင်ကတော့ ကားတစ်စီး လူ(၅)ယောက် လောက်နဲ့လာကြတာ၊ ခုနောက်ပိုင်း စိုင်းကနက်ကို စိတ်မချလို့ လက် နက်ကိုင်တွေပါခေါ်လာတာ"

မင်းဆက်နှင့် ပဒီ သူတို့ပြောတဲ့စကားတွေပေါ်မှာ သေချာ နားထောင်ပြီး ဘာလုပ်ရမလဲဆိုတာကိုတွေးနေကြသည်။

"မင်းတို့ကို ဖမ်းတဲ့ သဘောတော့ မဟုတ်ဘူး၊ ဒီညတော့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ထားမယ်"

"မသတ်ဘူးဆိုရင်ခေါ်ထားပါဆရာ"

"ငါတို့ကအကြောင်းမဲ့လူမသတ်ဘူးကွ..သွားကြမယ်"

www.burmeseclassic.com

www.burmeseclassic.com

စိုင်းပလိုင်တူ၏ ဘိုတဲပျက်ကြီးတွင် မနက်ရင်ဆိုင်ရမည့် အ
အစဉ်တွေကို ဝိုင်းဖွဲ့ပြီး ဆွေးနွေးနေကြသည်။

သမုဒယနှင့် ကိုယ်တော်လေးက မီးဖိုဘေးတွင်ထိုင်ပြီး မီး
နေလျက်..

"မင်းတို့ လက်ရှိလူနဲ့ရင်ဆိုင်လို့ဖြစ်ပါ့မလား"

"ပလိုင်တူရယ်...လူကဒါပဲရှိတာလေ၊ဒါနဲ့မှ ရင်မဆိုင်ရင် ဘာ
လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကို ငါတစ်ခုကူညီမယ်"

"ဘယ်လိုကူညီမှာလဲ ပလိုင်တူ"

"စိုင်းကနက်ကို လုံးလုံး မကျေနပ်နေတဲ့ လူငယ် (၁၀)ဦး လောက်ရှိတယ်၊ သူဟို့တွေက လူအင်အားနဲ့လက်နက်တွေကို စုဆောင်းနေကြတယ်၊ဆော်ချင်တာမှလက်ကိုယားနေကြတာ"

"သူတို့ပါမယ်ဆိုရင် အဆင်ပြေတာပေါ့"

"ခဏကြာရင် သူတို့ထဲက ခေါင်းဆောင်လုပ်တဲ့ စိုင်းဝေဠု ရောက်လာရင် ဆက်ပြီးစကားပြောကြပေါ့ကွာ၊ ကဲ... ရေနွေးပူပူလေးနဲ့ ရိုးသားခြောက်လေးစားကြဦးဟေ့"

"မောင်စိုင်းနဲ့ သမုဒယ ဒီမှာလာပြီးစားကြဦး"

ဦးလှိုင်ဘွားမှ လှမ်းပြီးခေါ်လိုက်သဖြင့် သမုဒယတို့ရောက် လာပြီးမင်းဆက်ဘေးတွင် ဝင်ပြီးထိုင်လေသည်။

"အင်း...ဒီကလေးမအတွက်တော့မင်းတို့နဲ့ပါသွားတော့ စိတ် အေးရတယ်၊ နို့မို့ဆိုရင် ဘယ်ကောင်ရဲ့မယားငယ်ဖြစ်မလဲ မသိဘူး"

"ဦးကြီးရဲ့မမက ဘယ်သူ့မယားငယ်မှ မဖြစ်တော့ပါဘူး၊ အခုဆိုရင် ဦးဦးမင်းဆက်ရဲ့ဇနီးပဲ ဖြစ်မှာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အယ်.."

"ဟာ..မောင်...မောင်စိုင်း"

သမုဒယ မျက်လုံးကလေးဝိုင်းသွားပြီး ရုက်သွေးလေးဖြာသွား သလိုမင်းဆက်မှာ စကားတွေ ထစ်ထစ်ငေါ့ငေါ့နှင့် တားနေပေမယ့်

"ခုနက မမသမုဒယနဲ့ကျွန်တော်ကဆွေးနွေးပြီးပြီ ဦးဦးမင်းဆက် ရဲ့အားလုံးအဆင်ပြေတယ်"

"မောင်လေး စိုင်း.."

"မမကလည်း ခုကတည်းက ရှင်းရှင်းလင်းလင်းပြောထား ဖြစ်မှာဗျ၊ ဘာလို့လဲဆိုတော့ ဦးဦးမှန်ယိုကလည်း မမကိုကြိုက်ရှင် သလိုဖြစ်နေတာ"

"ဟော့..ဟော့..ကျေးဇူးရှင်၊ ကျုပ်ကိုဆွဲပြီးမထည့်နဲ့၊ ကျုပ်မှာ လည်း လက်ထပ်ရမယ့်သူ ရှိပြီးသားပါဗျာ၊ မင်းဦးဦးမင်းဆက်ကို တစ်ခုတည်းကို ပြောပါဗျာ"

ကိုယ်တော်လေးစကားကြောင့် အားလုံး ရယ်ရမလို၊ ငိုရ ဖြစ်နေကြသည့်ထဲတွင် နေရခက်သူနှစ်ဦးကတော့ မင်းဆက်နှင့် သမုဒယ..



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးမင်းဆက်ပဲပြောထားတယ်လေ၊ကိုယ်တော်လေးဆုံးဖြတ်ချက်ဆိုရင် အားလုံးခေါင်းညိတ်ရမယ်ဆို၊ စုခေါင်းမညိတ်ဘူးလား"

"မောင်စိုင်း...စုကိစ္စက ရှုက်ရှင်းကြီးဖြစ်နေတယ်ကွ"

"ရှီ..."

"ဟော...စိုင်းဝေဠုတို့လာနေကြပြီ"

"ဟူး..."

ပလိုင်တူးဆီကိုစိုင်းဝေဠုတို့ရောက်လာသဖြင့် မင်းဆက်ရောဒမှုအယပါ အသက်ရှူချောင်သွားရသည်။

"ဝေဠု...လာကွာ၊မင်းနဲ့မိတ်ဆက်ပေးရမယ်"

ပလိုင်တူ...မင်းဆက်တို့နှင့်မိတ်ဆက်ပေးပြီး အကြောင်းစုံကိုနှင်ပြလိုက်တော့သည်။

"သိပ်ပြီးကောင်းတာပေါ့၊ ဒီကောင်တွေကို ကျွန်တော်တို့ကချောက်ရှင်နေတာ၊ စုတော့ အဆင်သင့်သွားပြီ"

"မင်းတို့က နယ်မြေခံတွေဆိုတော့ စုသွားပြီးတိုက်မယ့်နေရာကိုမင်းတို့ စီစဉ်ပါ"

"ငါတို့ဘက်က ဒီကောင်တွေကို တိုက်ရင်းနဲ့ တစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရမှာ"

"အစ်ကိုမင်းဆက်တို့က ဘယ်လိုပုံစံနဲ့တိုက်မှာလဲ"

"စိုင်းကနက်ကိုတစ်ဖက်က အထင်လွှဲစေတဲ့ပုံစံနဲ့ အရင်ဆုံး ဘိန်းကုန်သည်တွေကို ပစ်ခတ်မှာလေ၊ သူတို့ချင်းအထင်လွဲပြီး ပစ် တာကို အခွင့်ကောင်းယူပြီးထွက်ရမှာ"

"သိပ်ကောင်းတဲ့အစီအစဉ်ပဲ ကိုမင်းဆက်၊ ဒါဆို မနက်ကျရင် ကျွန်တော့်ကောင်တွေနဲ့ သွားကြဖို့ သွားပြီးစီစဉ်စရာတွေကို စီစဉ် လိုက်ဦးမယ်"

"စိုင်းဝေဠုမင်းတို့ဆီမှာ မိုင်းတွေရှိလား"

"လက်လုပ်မိုင်းတွေတော့ ရှိတယ်၊ ထိရောက်မှုတော့ သိပ်ပြီး မရှိဘူး၊ မီးခိုးလုံးတွေကတော့ ကောင်းတယ်"

"ဒါတွေကို အသုံးပြုချင်တယ်ကွာ"

"မနက် ယူလာခဲ့ပါ့မယ်၊ စိတ်တိုင်းကျသာ သုံးပါ၊ သွားမယ်"

"အေး..."

စိုင်းဝေဠုထွက်သွားပြီး အားလုံးမနက်တိုက်ပွဲအတွက် ပြင် ဆင်စရာတွေကို ပြင်ဆင်နေရတော့သည်၊ မင်းဆက် တေးနား ဆီသို့



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး တတ်ဆီတိုင်ကီကို တိုင်းကြည့်တော့ ဆီက သိပ်ပြီးမရှိတော့

သေး

မနက်တိုက်ပွဲလမ်းကြောင်းကိုလက်ကျန်ဆီနဲ့ဖြတ်ကျော်ရမှာ

ဘာ အလွန်ပင် အန္တရာယ်ကြီးနေလေသည်။ ဒါပေမယ့် မင်းဆက်

အောင်ဖြတ်ကျော်ရမှာ သူ၏တာဝန်ပင်ဖြစ်သည်။

"ကိုမင်းဆက်..."

"ဪ...သမုဒယ၊ မအိပ်သေးဘူးလား၊ ကိုယ်တော်လေး

ရော"

"သူပြောချင်တာတွေပြောပြီး အိပ်နေပြီလေ"

"သမုဒယ ပြောစရာရှိလို့လား"

"ဟုတ်ကဲ့"

"ကဲ...ကားပေါ်မှာထိုင်လေ"

ဂျစ်ကားရှေ့ခန်းတွင် နစ်ယောက်သား ဝင်ထိုင်လိုက်ကြပြီး

မင်းဆက် ... သမုဒယပြောမည့်စကားကို နားစွင့်နေလိုက်သည်။

"ကျွန်မဘဝရဲ့ရှေ့ဆက်ခရီးတွေပေါ်မှာ စဉ်းစားပြီး ရပ်တည်

တစ်ခုကို ရှာဖွေနေမိပါတယ်၊ အကယ်၍ကိုယ်တော်လေးဘို့လုံ



www.burmeseclassic.com

www.burmeseclassic.com



မြို့စိတ်ရှုရကဲ့နေရာထိ ပို့ဆောင်ပေးနိုင်တဲ့နောက်ပိုင်းကိုပြောတာပါ

"ငါပြောနိုင်တာတစ်ခုတော့ရှိတယ် သမုဒယ၊ တကယ်လို့

ကိုယ်တော်လေးသာ မင်းနဲ့အတူ ခရီးဆုံးကိုရောက်ခဲ့ရင် မင်းဘဝ

အတွက် အကောင်းဆုံး ခြေရှုနိုင်မှုကို ကိုယ်တော်လေး လုပ်ပေးနိုင်

မှာပါ၊ ကိုယ်တော်လေးက မင်းကို အစ်မတစ်ယောက်လို ခင်တွယ်နေ

တယ်၊ သူ့ဘဝမှာက အစ်ကိုတွေ၊ အစ်မတွေနဲ့နေခဲ့ရတာ မဟုတ်တော့

မင်းရဲ့ဂရုစိုက်မှုပေါ်မှာ သံယောဇဉ်တွယ်နေပါတယ်"

"ကျွန်မ...ကိုယ်တော်လေးကို အသုံးချပြီးဘဝကိုရပ်တည်

သလိုကြီး မနေချင်ဘူး ကိုမင်းဆက်ရယ်"

"ငါတို့အသက်တွေက ခရီးဆုံးထိ ပါနိုင်ပါ့မလား၊ မပါနိုင်ဘူး

လားဆိုတာကို မပြောနိုင်ဘူးသမုဒယရယ်၊ ဒါကြောင့် မင်းအတွက်

ကတိတွေ မပေးနိုင်တာပါ"

"ကျွန်မ ဆုတောင်းမိပါတယ် ကိုမင်းဆက်ရော၊ ခုအတူ

ပါလာတဲ့သူတွေနဲ့အတူ ခရီးဆုံးထိကို ရောက်ချင်ပါတယ်"

"မင်းဆုတောင်းပြည့်ပါစေလို့ပဲ ထပ်ဆင့်ပြီး ဆုတောင်းပေး

လိုက်ပါ့မယ်၊ ဒြော်... သမုဒယ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပြောပါ"

"ကိုယ်တော်လေးစကားတွေပေါ်မှာ စိတ်မရှိပါနဲ့နော်"

"ကျွန်မဘက်က စိတ်ကွက်စရာ စကားတွေမဟုတ်ပါဘူးရှင်၊ ကိုယ်တော်လေးဟာ ရိုးသားတဲ့ကလေးတစ်ဦးဆိုတော့ သူ့ရှင်ထဲက ဆန္ဒလေးတွေအတိုင်းပြောတာပဲ၊ ကျွန်မ နားလည်ပါတယ်၊ ကျွန်မ ဘက်က စကားကျွံသွားတာလည်းပါပါတယ်"

"သမုဒယက ဘာစကားတွေများကျွံသွားလို့လဲ"

"ကျွန်မ ခုချိန်မှာ ဒီစကားတွေကို ဝန်မခံချင်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မ အသုံးချပြီး ခိုကိုးရာတစ်ခုကို ရှာသလိုဖြစ်သွားမှာကို စိုးရိမ်လို့ပါ၊ ဒီလောက်ဆို ကိုမင်းဆက်သဘောပေါက်မှာပါ"

မင်းဆက် ခေါင်းလေးကိုသာ ညိတ်ပြလိုက်ပြီးနောက်

"သမုဒယ"

"ရှင်..."

"မင်းယုံကြည်တယ်ဆိုရင် ငါ့ပခုံးထက်ပေါ်မှာ ခေါင်းမှီပြီး နား ခိုလို့ရပါတယ်"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မျက်လုံးတွေကိုတစ်ယောက်က မျက်တောင်ပင် မခတ်ဘဲ စိုက်ကြည့်ပြီး သမုဒယ ခေါင်းလေးမင်းဆက်ပန်းဆီသို့ ယိမ်းမည်အပြု

"ဆက်ရေ..ပဒီက ခဏတဲ့"

"ဟာကွာ..အေး..လာခဲ့မယ်"

မင်းဆက်စိတ်ထဲမှာ မုန်ယိုကို ဒေါသဖြစ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

စိုင်းဝေဠုလှုတွေနှင့်ပဒီ၊ မုန့်ယိုတို့ကဘိန်းတွေကိုကားပေါ်သို့ ...င်မည့် နေရာဒေါးမှ တောင်ကုန်းပေါ်တွင် နေရာယူပြီး သမုဒယ၊ ...သိတော်လေး၊ ဦးလှိုင်ဘွားတို့ကိုမင်းဆက်မှ ကားနှင့်ဖြတ်ပြီးတွက် ...ချစ်သည်။

စိုင်းကနက်တပည့်တွေက ဘိန်းထုပ်တွေကို ကားပေါ်သို့တင် ...သူကတင်၊ ဒေါးတွင် လက်နက်ကိုင်ပြီး စောင့်နေတဲ့သူက စောင့် ...ကြသလို ဘိန်းကုန်သည်အဖွဲ့ကလည်း စိုင်းကနက်တို့ကို အသေစ်



www.burmeseclassic.com

www.burmeseclassic.com



မပေးဘဲသေနတ်တွေကို အသင့်ပြင်ထားသည်။

"စိုင်းကာနက်"

"ပြောပါ ဗိုလ်ခွန်ပေါ"

"မင်းတို့ကောင်တွေကို မင်းတာဝန်ယူရမယ်နော်"

"စိုင်းတာနက်ပေါ်မှာ သံသယရှင်းစမ်းပါ"

"မင်းဟိုတလောက ဇာလျှံတို့အဖွဲ့ကို ထော်လိုက်တာ ငါတို့ သိတယ်"

"ဒါ..ဒီကောင်တွေက သက်သက်ခွက်ကျလို့ပါ ခွန်ပေါ"

"ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ကိစ္စမဟုတ်ဘူး၊ ငါတို့ကိစ္စက ငါတို့ပေါ်မှာ သစ္စာမဲ့ရင်တော့ ခွန်ပေါတပ်တွေက သည်းခံမှာ မဟုတ်ဘူးဆိုတာတော့ သိထား"

"သိပါတယ်ဗျာ"

"ရှေ့..ငွေ..မြန်မာငွေတစ်သိန်း၊ တရုတ်ငွေတစ်သိန်း မင်းတို့တောင်းထားတဲ့ဈေးအတိုင်းပဲ"

"ခွန်ပေါ.. ကျုပ်တို့ လက်နက်တွေ ဝယ်ချင်သေးတယ်၊ ကျုပ်တို့ကောင်တွေ တိုက်ပွဲတွေကြောင့် လက်နက်အားနည်းနေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါနောက်မှ စီစဉ်ပေးမယ်"

"သိပ်ပြီးမကြာစေနဲ့ရှာ"

"မင်းသာငါ့ပေါ်မှာသစ္စာရှိရှိဆက်ဆံရင်ငါတို့တက်ကအကောင်းဆုံးကူညီပေးမယ်၊ပြီးရင်သွားကြမယ်"

ရပ်ထားသော ကား(၃)စီးပေါ်သို့ ခွန်ပေါ်တို့ တက်ပြီးမောင်းထွက်သည်။

"ဝုန်း..."

"ဟာ..."

"ဒိုင်း...ဒိုင်း...ဒိုင်း..."

စိုင်းဝေဠုနှင့် ပဒီတို့ ယမ်းမိုင်းတွေကို ဖောက်ခွဲပြီး ပစ်ခတ်သဖြင့်

"ခွေးမသားသစ္စာမဲ့တဲ့ကောင် ပစ်ကြစမ်း"

တစ်ဖက်နဲ့တစ်ဖက် သံသယဝင်ကာ ပစ်ခတ်မှုတွေ ဖြစ်ကုန်တော့သည်။ မင်းဆက်အတွက် အခွင့်ကောင်းယူပြီး

"သမုဒယ...ဒီမိုင်းတွေကို ပစ်ပေးနော်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



မင်းဆက် ကားပေါ်သို့မတက်ခင် အဝေးဆီမှ လှမ်းပြီးတွေ့ရ
သော ဓာတ်ဆီပုံးကြီးဆီကို အရင်ဆုံးပြေးလွှားသွားစဉ် သမုဒ္ဒယ
သေနတ်နှင့်ကာပြီးပစ်ပေးနေသည်။ နစ်ဇက်တိုက်ပွဲက ပြင်းထန်နေ
သောကြောင့်မင်းဆက်၏နောက်ပိုင်းလှုပ်ရှားမှုကို သတိမပြုမိကြပေ

"ကိုမင်းဆက်...ဘာဖြစ်သေးလဲ"

"ဘာမှမဖြစ်ဘူး သမုဒ္ဒယ"

မင်းဆက် ကားထဲကို ဓာတ်ဆီထည့်လိုက်ပြီး ကားပေါ်တက်
လိုက်သည်။

"ဦးလှိုင်ဘွာ။ ကိုယ်တော်လေးကို အခေါ်ကနေဖိပြီး လိုက်
ပေတော့၊ သမုဒ္ဒယ မိုင်းတွေကို အသင့်လုပ်ထားတော့"

"ဟုတ်..."

"ရှူး..."

မင်းဆက် ကားကို စက်နှိုးပြီး အရှိန်နှင့်မောင်းထွက်ခဲ့တော့
သည်။

"ဝုန်း...ဝုန်း...ဝုန်း..."

ပဒီတို့ဆီမှ မိုင်းတွေနှင့် သမုဒ္ဒယ ပစ်သော မိုင်းတွေကြော



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဖြစ်နေသော ပတ်ဝန်းကျင်တစ်ခုလုံးမည်းမှောင်ကျသွားတော့သည်။ ယမ်းနံ့မှာ စူးစူးရှရှဖြစ်သောကြောင့် သေနတ်သံတွေပင် တိတ်သွားပြီး မီးခိုးငွေ့လွှတ်ရာသို့ နှစ်ဖက်လုံး ရောက်ကြလေသည်။

"ရှူး...ရှူး..."

မင်းဆက် မီးခိုးလုံးကြီးကြားကနေ မောင်းထွက်ခဲ့ရသော ရှန်စားမှုဟာ အန္တရာယ်ကြီးမားလှသည်။

"ဒိုင်း...အား.."

"ဟင်..."

မင်းဆက်လက်မောင်းကို မီးခိုးတွေကြားမှ ကျည်ဆံက ထိမှန်သွားသည်ကို ဂရုမပြုနိုင်ဘဲ လွှတ်အောင်မောင်းထွက်ခဲ့ရတော့သည်။

"ဒိုင်း...ဒိုင်း... ခုတ်...ခက်...ဝုန်း..."

အနောက်ဘက်တွင် တိုက်ပွဲက ပြင်းထန်နေဆဲပေ၊ တိုက်ပွဲနှင့် အဝေးဆုံးနေရာကိုရောက်မှ ကားကိုရပ်ပြီး ပဒီနှင့်မုန်ယိုတို့ကို စောင့်နေလိုက်သည်။

"ကိုမင်းဆက်..လက်မောင်းကို ပတ်တီးလေးစည်းထားလိုက်"

"ရတယ်..သမုဒယ"



www.burmeseclassic.com

www.burmeseclassic.com



"ရတာယ်လုပ်မနေနဲ့၊ သွေးထွက်လွန်မယ်"

"ဦးဦးမင်းဆက်ကလည်း စည်းဆို စည်းထားလိုက်မေ့ါ"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

သမုဒယ စည်းပေးသော ပိတ်စအပိုင်းပတ်တီးလေးကို လက်မောင်းတွင် အစည်းခံပေးလိုက်ရသည်။

"မင်းဆက်ရေ..အနူရာယ်ကင်းတယ်မဟုတ်လား"

"ကင်းပါတယ်ပဒီ၊ လက်မောင်းကို ရှပ်ပြီးထိတာလောက်ပါ"

"တော်သေးတာပေါ့၊ စိုင်းဝေဠုနောက်မှပြန်ပြီးဆုံကြတာပေါ့"

"ကောင်းပါပြီ၊ ဟိုအဖွဲ့နှစ်ဖွဲ့တော့ အသေအကျေကို ချနေပြီဗျ"

"ဒီအတိုင်းဆို စိုင်းကနက် အခြေအနေမကောင်းနိုင်ဘူး"

"သေချာတာပေါ့ ကိုမင်းဆက်ရယ်၊ ခွန်ပေါ်ဆိုတဲ့ကောင်ဟာ ဘိန်းသမားပီပီ ရျမ်းသာတယ်၊ သူ့နောက်မှာ ကြေးစားတပ်တွေမနည်းဘူး။ ပြီးတော့ လက်နက်ကောင်းတွေ ကိုင်ကြတာ၊ စိုင်းကနက်အတွက် နောက်ဆုံးဖာတ်သိမ်းပဲ"

"သွားပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းဝေငြူတို့ကို နှုတ်ဆက်ပြီး ခရီးကြမ်းကိုဆက်ပြီး ထွက်လာခဲ့ကြရပြန်သည်။

"မင်းဆက်ရေ...ကျော်ဖြတ်ခဲ့ပြန်ပြီပေါ့"

"နောက်ထပ် ကျော်ဖြတ်ရမယ့်နေရာတွေအတွက် အားသစ်တွေ ထပ်ပြီးမွေးမြူရဦးမှာပေါ့ဗျာ"

"ဆက်..မင်းက အားသစ်တွေရနေတဲ့ကောင်ဆိုတော့ ပြောအား ရှိမှာပေါ့ကွာ"

"မင်းစကားက ဘာလဲ မုန်ယို"

"မင်းဘာသာမပြန်တတ်ရင် ကိုယ်တော်လေးကိုမေးကြည့်"

"ဦးဦးမင်းဆက်ကလည်း ညံ့ပါဘိဗျာ၊ ဦးဦးမုန်ယိုပြောတာက မေသမုဒယ...ဦးဦးမင်းဆက်ဘေးမှာ ရှိနေတာကို ပြောတာဗျ"

ဒီတစ်ခါတော့ နစ်ယောက်လုံးပြုံးလိုက်ကြတော့သည်။

ပြင်းနိုင်စွမ်းမရှိသော သံယောဇဉ်တွေက နလုံးသားကိုယ်စီမှာ ချည်နှောင်လျက်...။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၅)

မင်းဆက်တို့ရောက်ရှိလာသောရွာကလေးအမည်မှာပန်းကြံ့
မျော်ရွာလေးဖြစ်သည်။ ရွာ၏ဘေးပတ်ဝန်းကျင်တွင် ဖြံရံထားသော
တောင်တန်းနှင့်တောကြီးတွေမှာ မြန်မာနိုင်ငံတွင် အလှဆုံးပန်းတွေ
ဖူးပွင့်သော ဒေသလေးဖြစ်သောကြောင့် ပန်းကြံ့မျော်ရွာကလေးနှ
လိုက်ဖက် ဆုံးတွင်ရစ်နေခြင်းဖြစ်သည်။

ထိုရွာကလေး၏ရာဇဝင်လေးကိုသိသူက သမုဒယပင်ဖြစ်၏
"သမုဒယက ဒီနားဒေသကရွာတွေ တော်တော်များများ
သမိုင်းကြောင်းကို သိနေတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဖေဖေနဲ့သွားလာခဲ့တာကြောင့်သိနေတာပါ..တစ်ချိန်တခါဖေဖေဟာဒီဒေသတစ်ပိုက်မှာကျင်လည်ခဲ့သူလေ"

"သမုဒယမေမေကရော"

"မေမေကကျွန်မကိုမွေးပြီးမီးတွင်းထဲမှာတိမ်းပါးသွားတယ်.."

"မွေးချင်းတစ်ယောက်မှ မရှိဘူးပေါ့"

"မရှိခဲ့ပါဘူး"

"ပန်းကြွဲပျော့ရွာကလေးအကြောင်းကို ပြောပါဦး"

"ဒီရွာကလူတွေဟာ တကယ်ကို ပန်းလေးတွေလိုပဲ ဖြူစင်နူးညံ့သူတွေတယ်၊ သူတို့ဝမ်းရေးကိုပန်းတောင်တန်းကြီးထဲက သဘာဝ တပေးတဲ့ပန်းကလေးတွေနဲ့ရပ်တည်ခဲ့ကြတာ..၊လယ်ယာနဲ့သီးနှံခင်း တွေတော့ရှိတယ်၊ အပြင်ကိုမရောင်းချခဲ့ကြဘူး..၊ သူတို့ရွာလေး အတွက်ပဲဝေမျှပြီးစားသုံးကြတယ်..တစ်ဦးပေါ်တစ်ဦး ရိုင်းပင်းကူညီ ကြပြီးချစ်ချစ်ခင်ခင်နေတဲ့ရွာကလေးပါ..၊ဒီရွာမှာဒီဇင်ဘာလရောက် ပြီဆိုရင် ပန်းပွဲတော်လေးတစ်ခုကိုကျင်းပကြတယ်၊ သိပ်ပြီးပျော်ဖို့ ကောင်းတာ၊ မြို့တွေမှာသကြန်ကျသလိုပဲ သူတို့က ပန်းတွေနဲ့ကစား ကြတာ၊တစ်ရွာလုံးကိုပန်းတွေဖွေးနေတာပဲ ကိုမင်းဆက်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခုဒီဇင်ဘာလဆိုတော့ ပန်းပွဲတော်နဲ့ကြုံရင်ကောင်းမယ်"

"ဒီနေ့...(...)ရက်...အင်း...သန်ဘက်ခါဆိုပန်းပွဲတော်နေ့ပဲ"

"ဦးဦးမင်းဆက်နဲ့ မမ"

"ဘာလဲမောင်လေးစိုင်း"

"ကျွန်တော် အဲ့ဒီပန်းပွဲတော်ကိုကြုံချင်တယ်"

"ကိုယ်တော်လေးကြုံချင်တယ်ဆိုရင်ကြုံရမှာပေါ့ဗျာ"

ပန်းကြုံပျော်ရွှာ တောင်ကြားလေးအတိုင်း မောင်းလာခဲ့ရ ခေါ်ပတ်ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်နေသည်ကိုတွေ့နေရသည်။ တောစပ်နားတွင်ပွင့်နေသော ပန်းရောင်စုံလေးက တကာယ်ကို ပန်းချီ ကားကြီးတစ်ချပ်လိုပင်

"တကယ်လှတဲ့ပန်းလေးတွေပဲ"

"အခုမြင်နေရတဲ့ ပန်းတွေကဈေးကွက်မဝင်ဘူး အညွှံ့ဆုံးပန်း တွေလေ...၊ ဘယ်သူမှမစုးကြဘူး သဘာဝအတိုင်းထားကြတာ"

"ဒီပန်းတွေတောင်ဒီလောက်လှနေရင် တောထဲကပန်းတွေ ရင်ဒီထက်ပိုပြီးလှမှာသေချာတယ်"

"လှတာထက် နိုင်ငံခြားဈေးကွက်ထိတောင် ရောက်တဲ့ပန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သစ်ခွမျိုးနွယ်ပန်းတွေက အများကြီးပဲ"

ရွာအဝင်ဝနားရောက်ရှိလာပေမယ့်လူရိပ်လူယောင်ကိုမတွေ့ရသေးပေ။

"မင်းဆက် တစ်ခုခုတော့ထူးခြားမနေဘူးလား"

"ထူးခြားနေတယ်ပဲ...၊ သမုဒယ အရင်ကရောဒီလိုပဲလူတွေ ပျောက်ပြီးတိတ်ဆိတ်နေတတ်လား"

"ဟင့်အင်း ခုလိုပွဲတော်ရက်နီးပြီဆိုရင် လူတွေရှုပ်ထွေးနေတာပဲ တိုမင်းဆက်၊ တောထဲကိုဝင်ပြီး ပန်းရှာသူတွေကိုကျွေးဖို့အတွက် ဖြစ်နေတဲ့သူတွေနဲ့ စည်ကားနေတတ်တာ၊ ခုကျွန်မတို့ဝင်မယ့်အဝင်ဝ နားဆို ပန်းပေါင်းစုံနဲ့ဆင်ထားလိုက်တာ အရမ်းကိုငေးမောဖို့ကောင်းတယ်၊ ခုဘာတွေဖြစ်နေတာလဲ မသိပါဘူး"

မင်းဆက်ကားကိုရွာအဝင်ဝတွင်ရပ်လိုက်ပြီး ကားပေါ်မှဆင်း အရွာထဲသို့လှမ်းပြီးကြည့်တော့ လူကိုမဆိုထားနှင့် တိရစ္ဆာန်တစ်ကောင်တောင်မတွေ့ရပေ။

"မင်းဆက် မင်းဘယ်လိုမြင်လဲ"

"အိမ်တွေကိုကြည့်ရတာ အရေးပေါ်တစ်ခုခုရာကို ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားကြတဲ့ပုံစံမျိုးပဲပဲဒီ...၊ အိမ်တွေမှာ လူအသုံးဆောင်ပစ္စည်းတွေ ရှိနေတယ်"

"အန္တရာယ်တစ်ခုခုကိုကြောက်ပြီးပြေးကြတာလား"

"ဖြစ်နိုင်တယ်ပဒီကားမောင်းပြီးဆက်ဝင်ကြည့်တာပေါ့"

ကားပေါ်သို့ပြန်တက်ကာ ရွာထဲသို့မောင်းဝင်လာခဲ့သည်၊ တစ်ရွာလုံးလူသူကင်းမဲ့သော ရွာကြီးဖြစ်နေသည်၊

"ဟူး ဘယ်လိုစဉ်းစားရမှန်းတောင်မသိတော့ဘူး"

"ဟိုမှာလူကြီးတစ်ယောက်"

မင်းဆက်တို့ရပ်ထားတဲ့ကားဆီကို လာနေသော ခရစ်ယာန်ဘုန်းကြီးတစ်ပါးကို တွေ့လိုက်ရသည်၊ မင်းဆက်တို့အနားဆီသို့ ရောက်တော့၊

"လူလေးတို့ကဧည့်သည်တွေထင်တယ်"

"ဟုတ်ပါတယ် ဖာသာ၊ ဒီနားမှာဘာတွေဖြစ်နေကြတာလဲ၊ လူလည်းတစ်ယောက်မှမတွေ့ဘူး"

ဖာသာကြီးမျက်နှာတွင် ဝမ်းနည်းကြေကွဲမှုတွေ ထင်ဟပ်သွားပြီး.....



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားသခင်နဲ့ဆန့်ကျင်တဲ့ နတ်ဆိုးတစ်ကောင်ရဲ့ရက်စက်မှုတွေကို ခံရတော့မယ့် လူသားတွေလိုဖြစ်နေပါတယ်"

"ဇာသာပြောပြလို့ရရင် ပြောပြပါလား"

"ဟုတ်ပါတယ် ကျွန်မတို့ကူညီနိုင်တာဆို ကူညီပါ့မယ်"

ခရစ်ယာန်ဘုန်းကြီးမှ မင်းဆက်တို့အားလုံးကို တစ်ယောက်ချင်းလိုက်ကြည့်ပြီး..

"လူလေးတို့ဟာ ဘုရားသခင်ရဲ့တမန်တော်စစ်သည်တွေဟုတ်ဘဲနဲ့တော့ ဒီအန္တရာယ်ကြီးကို ကာကွယ်နိုင်မှာမဟုတ်ပါဘူး...၊ ဒါပေမယ့် သိချင်တယ်ဆိုရင်တော့ ဇာသာပြောပြပါ့မယ်...၊ ဘုရားကျောင်းကိုလိုက်ခဲ့ကြ..."

ခရစ်ယာန်ဘုန်းကြီးမှ မင်းဆက်တို့အားလုံးကို ဘုရားကျောင်းဆီသို့ခေါ်သွားပြီးနောက်...၊

"ဇာသာနာမည်က ဂျိန်းလို့ခေါ်တယ်၊ ဒီမှာနေထိုင်ခဲ့တာ နှစ်(၂၈)တိတိရှိခဲ့ပါပြီ...၊ အရမ်းကိုသာယာလှပပြီး ဘုရားသခင်ကဧဝံဂေလိတရားတွေကိုဖန်ဆင်းပေးထားတဲ့ရွာကလေးတစ်ခုလို့တောင် ခံမှတ်ထားခဲ့တယ်၊ ဒီရွာကလေးသတင်းကိုမင်းတို့လည်းကြားဖူး



www.burmeseclassic.com

www.burmeseclassic.com



ကြွမှာပေါ့

"ဟုတ်ကဲ့ကြားဖူးပါတယ်"

"ရှမ်းသူပုန်တွေသောင်းကျန်းတဲ့ကာလမှာတောင် ရွာကဒေ... ကိုဒေါ်ဘုရားသဘောပေးပြီး ဘယ်လက်နက်ကိုင်အဖွဲ့မှ ဒုက္ခမပေးခဲ့ဘူး... စကျေတော့ကွယ်.."

ဘုန်းတော်ကြီးဂျိုန်းစကားကိုမဆက်ဘဲ နာကျင်ခြင်း ခံပြ... ခြင်းတွေ ရောယှက်နေတဲ့ အကြည့်တွေနဲ့ ကောင်းကင်ကြီးကိုမျှော်... ကြည့်နေသည်။

BURMESE CLASSIC

"ရော်နွားဝါးဆိုတဲ့ မိစ္ဆာကောင်ကျမှာပဲ ရွာကို လစဉ် ဆေး... ကြေးကောက်တယ်၊ ရွာကမိန်းကလေးတွေကိုအဓမ္မသိမ်းပိုက်တယ်... လူငယ်တွေကို သူ့အဖွဲ့မှာ အတင်းဝင်ခိုင်းပြီး စစ်တိုက်ခိုင်းတယ်... ဒီအခါ ကိုရွာသူရွာသားတွေလည်း ကြောက်လန့်ပြီး ပေးနေရတာကြာ... စားဖို့အတွက် စားစရာကလည်းကုန်နေပြီ၊ မြို့ကိုတက်ပြီး ပန်းဆေး... ရောင်းဖို့ကလည်း သူပုန်တွေနဲ့တစ်ကတိုက်ပွဲတွေ ဖြစ်နေကြ... ဘာမှပေးစရာမရှိဘူးဖြစ်နေကြတယ်၊ ဒါကိုရော်နွားဝါးကမ... ငွေ(၁၀)သိန်းနဲ့ ရွာကအချောဆုံး မိန်းကလေးကိုပေးရမယ်ဆို...



www.burmeseclassic.com

www.burmeseclassic.com



တောင်းခဲ့တယ်…မပေးခဲ့ရင်တစ်ရွာလုံးကိုမီးရှို့ပစ်မယ်ဆိုတာ ကြောင့်လွတ်ရာကိုပြေးနေကြတာပါ"

"ဟင်"

ရိုးသားဖြူစင်တဲ့ရွာသူရွာသားတွေပေါ်မှာ အနိုင်ကျင့်ဗိုလ်ကျမှုကြီးကိုမင်းဆက်တို့အားလုံး စံပြင်းလိုက်ကြသည်၊

"ဖာသာက ဘာလို့လိုက်ပြီးမပြေးတာလဲ"

"ဖာသာ ဒီရွာလေးကိုသိပ်ပြီးချစ်တယ်၊ ဒါကြောင့်ဒီရွာနှင့်အတူဘုရားသခင်ထံမှာအိပ်စက်တော့မယ်လို့ဆုံးဖြတ်ပြီးနေခဲ့တာပါ"

"ဖာသာ သူတို့လူအင်အားဘယ်လောက်ရှိလဲ"

BURMESE CLASSIC

"အရင်ကတော့အင်အားကောင်းတယ်၊ ခုဆိုတပ်တွေနဲ့တိုက်ပွဲတွေဖြစ်ပြီး လူ(၂၀)ယောက်ပဲရှိတော့တယ်၊ သူကောင်တွေလည်းအခြေတွေကယိုင်နေကြပါပြီ"

"ဘာကြောင့်လဲဖာသာ"

"တိုက်ပွဲတွေကဆက်တိုက်ဖြစ်၊ အစားအသောက်တွေကမမျှနဲ့ထွက်ပြေးချင်တဲ့ကောင်ကများနေပြီ၊ သူ့ကိုကြောက်လို့မပြောရဲကြတာ… ဒီကောင်ကလူမဟုတ်ဘူး ဘီလူးမိစ္ဆာလိုပဲ ရက်စက်ကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြုတ်တယ်ကွယ့်... သူကိုရှောင်ကြပါ... လူလေးတို့ဒီကနေ အပြင်ထွက်သွားဖို့ဖာသာမေတ္တာရပ်ခံပါတယ်"

မင်းဆက်တို့အားလုံးအမှန်တရားအတွက် အဖြေ တစ်ခု ကို ပေးရန် အတွေးတွေဝင်ရောက်လာခဲ့တော့သည်။

"မင်းဆက်ဘယ်လိုသဘောရလဲ"

"ခရီးသွားရင်းကုသိုလ်ယူကြတာပေါ့ပဲဒီသဘောတူလား"

"ဒါဆိုရင် ပဒီတို့ ဒူးလေးကမျှော်ဝင်နေဆဲပေါ့... ဘယ်လိုရင်ဆိုင်မယ်ဆိုတာကို စဉ်းစားကြတာပေါ့"

"ဖာသာတို့အတွက် ကျွန်တော်တို့အစွမ်းရှိသလောက်ကာကွယ်ပေးခဲ့ပါမယ်"

"လူလေးတို့စဉ်းစားကြပါဦးကွယ်"

"စဉ်းစားပြီးပါပြီ...ဖာသာ...ဒီလို့မတရားမှုကြီးကိုကျော နိုင်းပြီးသွားရမှာကိုစိတ်မသန့်လှပါဘူး"

"လူကလေးတို့အားလုံးကိုဘုရားသခင်ကစောင့်ရှောက်မှာပါ... ဖာသာဘာလုပ်ပေးရမလဲပြောပါ"

"ဖာသာဟောဒီကလေးနဲ့ လူတစ်ယောက်ကို လုံခြုံတဲ့ နေရာ



www.burmeseclassic.com

www.burmeseclassic.com



ဘာခေါ်ထားပေးပါ"

"ဖာသာစီစဉ်ပေးပါ့မယ်"

"ဦးဦးမင်းဆက် ကျွန်တော်ကြည့်ချင်တယ်ဗျာ"

"မကြည့်ပါနဲ့မောင်စိုင်းရယ်"

"ကဲပါသားရယ် နောက်ဆိုရလိုပွဲတွေအများကြီးကိုတွေ့ရမှာ သားကြီးလာရင်ဦးဦးတို့လိုသေနတ်ကိုင်ပြီးပစ်ပေါ့ကွာ"

"သားကြီးလာရင်သေနတ်ပစ်ရမှာနော်"

"အေးပါကွာ"

ဦးလှိုင်ဘွားမှ ရှောမော့ပြီး ကိုယ်တော်လေးကို ခေါ်ဆောင်သွားတော့၏။ မင်းဆက်တို့ကရင်ဆိုင်ရမည့်တိုက်ပွဲအစီအစဉ်များကို ဆွေးနွေးကျန်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ညဏ်တီတ်ဆိတ်ခြင်းက မြောက်လှန့်ခြင်းတစ်ခုအသွင်ကို
ဆောင်လျက်...ညဥ့်ငှက်တို့၏တီးတိုးအော်မြည်သံလေးတွေက ဒေ
အပေါ့နဲ့တစ်ချက်တစ်ချက်တိုးဝှေ့လျက်...၊ ဂျော်နူးဝါးချိန်းဆိုထား
သောညကိုပင် ရောက်ခဲ့လေပြီ...။

"မုန်ယိုမင်းဘက်ကမိုင်းတွေကို သေသေချာချာစစ်ပြီးပြီလား
တစ်ချက်လေးမှ ဟာလို့မရဘူးနော်"

"စိတ်ချဆက် ငါသေသေချာချာကိုလုပ်ထားတယ်"

"ဒီကောင်တွေထွက်လမ်းဆိုတော့ အရေးကြီးတယ်"

"ငါကတော့ စိတ်တိုင်းကျနေရာကောင်းယူပြီး ဆော်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့...အားရစရာကြီးပဲဟေ့"

ပဒီသူဒူးလေးနှင့်မြားကို မြင်ဆင်နေရင်းက လှမ်းပြီးပြော လိုက်သည်။

"တူ...တူ...တိ..."

"ဟင်...ဒါအချက်ပေးသံ"

ရှာသားတစ်ဦးက ရော်နှုးဝါးတို့ကို ကင်းထောက်ကြည့်နိုင်း ထားခဲ့သာကြောင့် အချက်ပေးလိုက်ခြင်းဖြစ်သည်။

"ကိုယ့်တာဝန်ကိုယ်ကျေကြတော့...ဟေ့"

မင်းဆက်တို့ကိုယ်စီနေရာယူချိန်တွင် သမုဒ္ဒယကတော့ င်းဆက်ဘေးတွင်ရပ်လျက်။

"သမုဒ္ဒယ သတိမပေါ့နဲ့နော်"

"စိတ်ချပါဆက်ရယ်၊ သမုဒ္ဒယအတွက် သိပ်ပြီးမဆန်းတဲ့ပွဲ တွေပါ..."

"ဝူး...ဝူး..."

ရှာထဲသို့ဆိုင်ကယ်(၂)စီး လူ(၄)ယောက်အရင်ဝင်လာပြီး နောက်မှ ဂျစ်ကားအမိုးပြတ်နှစ်စီးဝင်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း...ဖောင်း...ဖောင်း..."

ဂျစ်ကားပေါ်မှ ခေါင်းဆောင်ဖြစ်သူ ဂျော်နီဝါးမှသေနတ်ကို မိုးပေါ်ထောင်ဖောက်ပြီး ကားကိုထိုးရပ်လိုက်သည်။

"ရွာကကောင်တွေ ဘယ်ရောက်ကုန်ပြီလဲကွ၊ ခုထွက်ခဲ့ကြ စမ်း။ မထွက်ရင်တစ်ရွာလုံးပြာပုံဖြစ်မှာနော်၊ ဟို ဘုန်းကြီးကျောင်း... ခင်များ လူတွေကို ခုခေါ်ထုတ်စမ်း။ ကျုပ်လိုချင်တာ မရမချင်းပြေးလို့လွတ်ကြ မယ် မထင်နဲ့၊ တစ်ရွာလုံးကို သတ်မှာ"

"လူလေး... ဂျော်နီဝါး..."

ဘုန်းတော်ကြီးကျောင်းက အေးစက်သော ခြေလှမ်းတို့ဖြင့် ထွက် လာပြီး ဂျော်နီဝါးကားနှင့် သိပ်ပြီးမဝေးသောနေရာတွင် ရပ်နေလိုက် သည်။

"ဘာလဲ ဘုန်းကြီးကျောင်း"

"ဒီမှာ မင်းတို့လိုချင်တဲ့ငွေထုပ်"

"ဒါနဲ့ရမလား။ ကျုပ်အတွက် သိပ်ကိုအရေးကြီးတဲ့ပစ္စည်း လေးက ဘယ်မှာလဲ"

"ဟိုမှာပါ..."



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးကျောင်းမှ သမုဒယကို လက်ညှိုးထိုးပြလိုက်သည်နှင့်

"အလားလား... နတ်သမီးလေးပါလားဟော့၊ သိပ်ကိုတော်သွားကြပြီဟော့"

ရော်နှုးဝါး ကားပေါ်မှဆင်းပြီး သမုဒယဆီသို့ ရမ္မက်ပြင်းထန်သော ခြေလှမ်းတို့ဖြင့်လျှောက်လာခဲ့သည်။ သမုဒယ နားသို့ရောက်တော့ ခြေမှ ခေါင်းအထိ စူးစူးရှုရှုကြည့်ပြီး

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"နတ်သမီး"

"ကောင်းကင်ဘုံကနေ ပြုတ်ကျလာသလားကွယ်"

သမုဒယ လက်မောင်းလေးကို ဆုပ်ကိုင်ကြည့်ပြီး

"တကယ်နူးညံ့လှတဲ့ နတ်သမီးလေးပဲကွယ်၊ ကိုကိုနဲ့ တစ်အတ်လုံးပျော်ပျော်ကြီးနေရအောင်၊ ဟော့ကောင်တွေ ငွေထုတ်ကိုစစ်ဦးယူလိုက်"

ရော်နှုးဝါး တပည့်တစ်ယောက်ကို ငွေထုပ်ယူခိုင်းပြီး စစ်ခိုင်းလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



"တာ..ဆ..ရာ..ငွေ..ဒုတ်..အီး"

"တာ..."

ငွေထုပ်ယူပြီးကြည့်သော ကောင်၏လည်ပင်းတွင် မြားစိုက်ဝင်သွားပြီးနောက်သို့လန်ပြီး ကျသွားသည်နှင့်

"ဝုန်း..."

ပေါက်ကွဲသံကြီးကပါထပ်ဆင့်ပေါ်ထွက်လာသဖြင့် ရော်နူးဝါးတို့ ဘာလုပ်ရမှန်းမသိဖြစ်သွားချိန်တွင် သမုဒယသည်ရော်နူးဝါး၏ ရင်ဝဆီသို့ခြေစုံကန်ပစ်လိုက်သည်။

"အွတ်...မင်း.."

သမုဒယ... မင်းဆက်ရှိရာသို့ပြေးထွက်ခဲ့ပြီး သေနတ်သံတွေက ဆက်တိုက်ပင်ထွက်သွားတော့သည်။

"ရွှေးကောင်တွေ..ယစ်..ပစ်ကြစမ်း"

"ဝုန်း...ဖောင်း"

မင်းဆက်တို့ကြိုတင်ပြီးစီစဉ်ထားသည့်ထောင်ချောက်ထဲ ရော်နူးဝါးတို့အလူးအလဲ ခံနေရတော့သည်။

"ဆရာ...ဒီကောင်တွေအင်အားများတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဓားပတ်လည်တွင် ပေါက်ကွဲမှုတွေနှင့် ပဒီ၏ ပြေးလွှားပစ်ခတ်မှုတွေကြောင့် လူအင်အားနှင့်ပစ်ခတ်နေသလိုပင် ထင်ရသည်။

"ရုတ်ကြမယ်...ရုတ်..."

မင်းဆက်တို့ဖွင့်ပေးထားသောထွက်ပေါက်လမ်းမှ ရော်နူးဝါး အိုလက်ကျန် သေနတ်သမားတွေကားနှင့်ပြေးထွက်ပေမယ့် မုန်ယို၏ ပစ်ကြားတွင် အဆုံးသတ်သွားတော့သည်။

"ဝုန်း..ဝုန်း..."

ရော်နူးဝါးအပါအဝင် အားလုံးဒဏ်ရာကိုယ်စီနှင့်မြေပေါ်မှာ ဆောက်နေကြလေပြီ။

"ရော်နူးဝါး..."

"ကျွန်...ကျွန်တော့်ကို မ...မသတ်ကြပါနဲ့ဗျာ"

မုန်ယို..ရော်နူးဝါးအင်္ကျီစကိုကိုင်ပြီး ဆွဲထူလိုက်သည်။

"မင်းလိုကောင်မျိုးကို လူ့လောကကြီးမှာ အသက်ရှင်ခွင့်ပေး ထိုက်ရင် ရိုးသားဖြူစင်တဲ့သူတွေအတွက် အန္တရာယ်က ကြီးသွားမှာ ပေါ့ရော်နူးဝါးရယ်..."

"ကျွန်တော်...နောက်..ဒါမျိုးတွေကိုမလုပ်တော့ပါဘူးလို့ကတိ



www.burmeseclassic.com

www.burmeseclassic.com



ပေးပါတယ်"

"မင်းလိုကောင်မျိုးဆီမှာ ကတိသစ္စာဆိုတာရှိရောရှိခဲ့လား

တော်စမ်းပါကွာ၊ ပဒီဘာလုပ်မလဲ"

"မကောင်းမှု ကျူးလွန်တဲ့ကောင်ကို မကောင်းတဲ့နေရာကို

ပေးရမှာပေါ့၊ ကျည်ဆံ အကုန်မစံနဲ့၊ ငါရှင်းမယ်"

"လှလေး...ပဒီ..."

"ဂျိန်း..."

ဘုန်းတော်ကြီးကျိန်းရောက်လာပြီး

"ဒီလူမိုက်ကောင်တွေကို အလှူခံပါရစေ..."

"ဟာ...ဖာသာ...ဒီကောင်တွေဆီမှာ နောင်တဆိုတာ မရှိ

နော်၊ ဖာသာ စဉ်းစားဦး..."

"ဖာသာ သိပါတယ်ကွယ်... သူတို့ဇာတ်သိမ်းကို သူကိုယ်တိုင်

စီရင်ပါစေ...တော့..."

"ကောင်းပြီလေ...ဖာသာ့လက်ထဲကို အားလုံးအပ်လိုက်

"ဂျော်နီဝါး...မင်းကောင်တွေကို ကားပေါ်ပြန်တင်ပြီး

နိုင်ပါပြီ..."



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးကျိန်းဟာ...မြွေဆိုးတစ်ကောင်ကို အသက်ရှင် ခွင့်ပေးလိုက်ပြီဖြစ်သည်။ ကျော်နူးဝါး သူ့ကောင်တွေအားလုံးကို ကား ပေါ်သို့ဆွဲတင်ပြီးကား(၂)စီးမောင်းထွက်သွားလေတော့သည်။ ကျော်နူးဝါး တို့ မောင်းထွက်သွားသော နေရာမှာ ဝင်လမ်းမဟုတ်၊ ရွာ၏ နောက် အက်ထွက်လမ်းပင်ဖြစ်သည်။

"ဘုရားသခင် တပည့်တော်ကိုခွင့်လွှတ်တော်မူပါ"

"ဝှန်း...ဖြောင်း.."

"ဟင်...ဟာ...အို..."

တုန်ဟီးသံကြီးက ပဲ့တင်ရိုက်ထွက်သွားပြီး တံတားကျိုးသံ ကြီးကိုကြားလိုက်ရတော့သည်။

"ဖာသာ...ဘာဖြစ်တာလဲ"

"သူတို့ရဲ့အကုသိုလ်တွေကို အဆုံးသတ်ပေးသွားတာပါ၊ဒီတံ တားဟာ ပန်းကြိုပျော်ရွာသားတွေ နေ့စဉ်သွားနေကြတဲ့တံတားကြီး တစ်ခုဆိုပေမယ့် ကားနဲ့ဖြတ်သွားရင် ဘယ်လိုဖြစ်မလဲဆိုတာကို ဖာသာ မသိဘူး၊ ဒါပေမယ့် မနစ်ထဲက တံတားကြီးအောက်ပိုင်းတိုင် တွေမကောင်းဖြစ်နေတာတော့ဖာသာသိတယ်၊ရွာသူရွာသားတွေက



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်နေ့ရောက်ရင် တံတားကြီးကို ပြင်ကြမှာလေ၊ ကျော်နူးဝါးတို့က လောကကြီးက ဂဲကြမ္မာကြီးက နောက်ထပ်အခွင့်အရေး ပေးမပေးဆိုတာ ကိုသိချင်လို့ဖြတ်ကျော်မိုင်းလိုက်တာပါကွယ်..."

"ရောက်ကြီးက တော်တော်နက်လား"

"သိပ်မနက်ပေမယ့်ဝ အောက်ကိုရောက်ရင် အသက်ရှင်လမ်း တော့ မရှိနိုင်ဘူး၊ အောက်မှာရှိတဲ့ ကျောက်ချွန်တွေဟာ စနစ်တကျ စိုက်ထားသလို ထင်ရတယ်"

"ဒီအလောင်းတွေကို ရှင်းရဦးမှာပေါ့"

"ရှင်းစရာမလိုပါဘူး၊ မနက်ဆိုရင် တောင်ကျရေ ကျမယ့်နေ ရောက်ပါပြီ၊ သဘာဝရေစီးကြောင်းကြီးက သူတို့ကို သယ်ဆောင်သွား ပါလိမ့်မယ်"

"ကျော်နူးဝါးတို့ ဒီလမ်းက မသွားဖူးကြဘူးလား"

"မသွားဖူးကြဘူးလေ၊ လူလေးတို့ကိုဖာသာ ရွာသူရွာသားတွေ ရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်"

"ခရီးကြုံသွားတဲ့ အမှန်တရားတစ်ခုကို ရှာဖွေပေးခဲ့တာပါ"

"ဟင်...ဟိုမှာ"



www.burmeseclassic.com

www.burmeseclassic.com



အဝေးဆီမှ မီးတုတ်များစွာနှင့်လာနေကြသော လူတွေအများ

ကြီးကိုတွေ့လိုက်ရသည်။

"ရွာသူရွာသားတွေပါ..ခြေဘ်...လူလေးတို့က မနက်ကိုတစ်ခါ

တည်း ခရီးထွက်မှာလား"

"ဟုတ်ကဲ့ဖာသာ"

"ဖာသာတစ်ခုလောက် တောင်းဆိုချင်တယ်ကွယ်"

"ဘာတောင်းဆိုမှာလဲ"

"ဖာသာတို့ပန်းကြီးပျော်ရွာကလေးရဲ့ပန်းပွဲတော်ရက်ကလေး

တို့ အတူပါဝင်ပါဦးကွယ်"

မင်းဆက်...သမုဒ္ဒယနှင့် အားလုံးမျက်နှာကိုကြည့်တော့

အဓိပ္ပာယ်ရှိသောအကြည့်တွေကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ကြောက်လန့်ခြင်းမှ ကင်းဝေးခဲ့သောပန်းကြံပျော်ရွာ ကလေးမှာပန်းပွဲတော်အတွက် တစ်ရွာလုံးပျော်ရွှင်ခြင်းတွေနှင့်ပြင် ဆင်လုပ်ကိုင်နေကြသည်။ ကိုယ်တော်လေးနှင့် သမုဒယတို့တွေက ရွာသူရွာသားများနှင့်ရောပြီး လုပ်ကိုင်နေလျက်... စိတ်ရှမ်းမြေ့စရာနေ့ကလေးတစ်နေ့ဟုဆိုရမည်။

မုန်ယိုတစ်ယောက်ကတော့ ပန်းပွဲတော် ကျင်းပမည့် နေရာတွင် ပန်းအလှဆင်ခြင်း၊ ပဒီဆို ကခုန်ရေးစင်ကွေကို ပိုင်းပြီးတည်ဆောက်ပေးနေ၏။

မင်းဆက်၊ ပဒီနှင့် ရွာလူကြီး ခွန်စိုင်းတို့က ကွင်းပြစ်ပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ထိုင်ပြီးစကားပြောနေလေသည်။

"မောင်မင်းဆက်တို့အားလုံးရဲ့ကျေးဇူးကိုတစ်သက်မမေ့ပါဘူး"

"ကျေးဇူးစကားတွေကိုပြောမနေပါနဲ့တော့သူကြီး၊ ကျွန်တော်တစ်ခုတော့အကြံပြုချင်တယ်"

"ပြုနိုင်ပါတယ်ကွယ်"

"ရွာသူရွာသားတွေဟာ ခုလိုအနိုင်ကျင့်လာသမျှကိုအမြဲတစေခေါင်းငုံ့ခံတာမျိုးတွေကို နောက်မဖြစ်ရအောင်တော့ ပြင်ဆင် လုပ်ကိုင်ထားစေချင်တယ်"

"ကျုပ်လည်း စဉ်းစားပြီးပါပြီ၊ ရွာကလူငယ်တွေကို တိုက်ခိုက်ရေးအတတ်တွေကိုသင်ပေးပြီး ရွာလုံခြုံရေးနဲ့ကာကွယ်ရေးအဖွဲ့တွေဖွဲ့မယ်၊ မောင်မင်းဆက်တို့က ခရီးဆက်ရမယ့်သူတွေဆိုတော့ကြာကြာအကူအညီမတောင်းချင်တော့ပါဘူးကွယ်"

"ကျွန်တော်တို့လည်းကူညီချင်ပါတယ်သူကြီး၊ သွားရမယ့်ခရီးကျန်နေသေးလို့ပါ"

"ရွာအတွက် လုပ်ပေးနိုင်တဲ့လူတစ်ယောက်တော့ရှိပါတယ်"

"ဘယ်သူလဲပဒီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူရှိရမလဲ သူကြီးရယ်၊ ဘုန်းတော်ကြီးဂျိန်းပေါ့"

"ဟာ...ဟုတ်ပါ့မလား

"သူကြီးတို့ကို သူ့ဘဝရဲ့နောက်ကြောင်းကိုမပြောပြထား

ဘာမှ မသိကြတာပါ၊ ဂျိန်းဟာ စစ်ပြန်ကြီးတစ်ဦးပါ၊ သူ့လက်တွေ

သေနတ်ကိုင်ပြီး လူသတ်ရမယ့်ဘဝကို နာကြည်းမုန်းတီးပြီး သူ

အတိတ်ကို ဖျောက်ထားတာပါ၊ မနေ့ညကမှ သူ့နောက်ကြောင်း

ပြောပြခဲ့လို့ သိခဲ့ရတာ"

"သူလုပ်ကိုင်ပေးမယ်ဆိုရင် သိပ်ပြီးကောင်းတာပေါ့"

"ကျုပ် ဆုံးဖြတ်ပြီးပါပြီ"

"ဟင်...ဖာသာ..."

မင်းဆက်တို့ဗိုင်းဆီသို့ ဘုန်းတော်ကြီးဝတ်စုံနှင့်မဟုတ်ဘ

ဘဲ စစ်ဝတ်စုံကြီးကို ဝတ်ဆင်ပြီးလာနေသော ဂျိန်းကိုတွေ့လိုက်ရခြ

ဖြစ်သည်။

"ကျုပ်စိတ်ထဲမှာ အကြောင်းအရာ (၂)ခုရောက်ခဲ့တယ်၊ ပထ

အကြောင်းအရာက ရော်နီးဝါးတို့ကို တံတားကျိုးကျပြီးသေသွားစေခဲ့

ဟာ ကျုပ်ရဲ့ကြီးစည်မှုတစ်ခုရယ်လို့ စိတ်ထဲမှာထင်နေမိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးဘောင်ထဲမှာရှိနေတဲ့လူတစ်ယောက်အနေနဲ့ ခုလိုသူတစ်ပါးကို သေစေတဲ့အပြုအမူတွေဟာ မသင့်လျော်ဘူး။ ဒါကြောင့် သာသနာ့ ဘောင်က ထွက်လိုက်ပြီး အမြဲတမ်းအနိုင်ကျင့်ခြင်းကိုခံနေရတဲ့ ရွာသူ ရွာသားတွေကို ကာကွယ်နိုင်ရေးတစ်ခုကို လုပ်ပေးတော့မယ်လို့ ဆုံး ဖြတ်ပြီး လူ့ဘောင်ထဲကို ပြောင်းလိုက်တာပါ"

"စိတ်မကောင်းခြင်းနဲ့ ကြုံရဆိုပါတယ် ရှိန်း"

မင်းဆက်...ရှိန်းကို လက်ဆွဲနှုတ်ဆက်လိုက်တော့သည်။

"ကဲ...သူကြီးရွာထဲကိုထွက်ပြီး စစ်ဆေးတော့လေ"

"ဟုတ်ပါ့ဗျာ၊ ဒီမှာ စကားကောင်းနေတာနဲ့ ကျုပ်တာဝန်ကို မေ့ တော့မယ်၊ သွားကြရအောင်"

"ကျွန်တော်တို့က သူကြီးနောက်လိုက်ပြီး ဘာလုပ်ရမှာလဲ"

"ဘာမှ မလုပ်ရဘူး။ လိုက်ပြီး စားပေတော့"

"ဟာဗျာ..."

"ဒါ...ပန်းကြံဖျော်ရွာရဲ့ ရိုးရာဓလေ့တစ်ခုပဲ၊ မောင်မင်းဆက်..."

ရွာသူကြီး ဦးစွန်စိုင်းနောက်မှ အားလုံးလိုက်လာခဲ့ကြတော့ သည်။ ရွာသူရွာသားများ၏ ရိုးသားခြင်းနှင့် ဖော်ရွေစွာ ဆက်ဆံရေး



www.burmeseclassic.com

www.burmeseclassic.com



လေးတာတော့ချစ်ခင်ဖွယ်ကောင်းလှသည်၊ တစ်အိမ်ပြီးတစ်အိမ် ရိုးရေ့ ,

အစားအသောက်တွေကိုစားသောက်ရင်းထက်ပြီးမစားနိုင်ကြတော့ပေ၊ ,

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တော်လေးနှင့် သမုဒယတို့ ရွာအပြင်ဘက် ကျောက်ရေအိုင်နန်းလေးရှိရာသို့ထွက်လာကြသည်။

"ဟယ်...မမ...ဟိုမှာကြည့်စမ်း....လှလိုက်တာ"

"ဟုတ်ပါရဲ့..."

ကျောက်တောင်ပူလေးပေါ်တွင် ပေါက်နေသော ပန်းနုရောင်နန်းကလေးနှစ်ပွင့်၊ တစ်ပွင့်ကကြီးကြီး၊ တစ်ပွင့်က မတိမ်းမယိမ်းလေးသေးတာကိုတွေ့လိုက်ရသည်။

"ကြာပန်းလေးလား မသိဘူးနော်မမ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်စိုင်းရယ်..ကြာပန်းဆိုတာ ရေမှာပဲပေါက်တာကွဲ"

"ကြာပန်းလေးနဲ့တော့တူတယ်၊မမခေါင်းမှာပန်ရင် သိပ်ပြီးလှ

မှာပဲ"

"မမမောင်ကတော့ ပြောက်နေပြန်ပါပြီ"

"တကယ်ပြောတာ မမရဲ့ သွားပြီးရူးပါလား"

ပန်းကလေး ပေါက်နေသောနေရာမှာ သိပ်ပြီး မမြင့်တာမို့

သမုဒယ ကျောက်ကမူလေးတွေပေါ်သို့တစ်ထစ်ချင်းတက်ပြီး ရူးလိုက်

တော့သည်၊ ပြီးမှ ခေါင်းတွင် ပန်လိုက်သည်။

"ကဲ...လှရဲ့လား"

"မမက အရမ်းကိုလှတာပဲ"

"မင်းမှမပြောက်ရင် ပြောက်မယ့်သူမရှိတော့ဘူး"

"ဟင်...မမတို့ ပန်းရူးလိုက်တယ်"

"အယ်..."

ရွာသူလေးတစ်ယောက် ပြေးလာပြီး သမုဒယကို ကြည့်က

အံ့အားသင့်စွာနှင့်မေးလိုက်ခြင်းဖြစ်သည်။

"ဒီပန်းက မရူးရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှုလို့တော့ရတယ်၊ ဟို...ဟို.. ဒါ နတ်ပန်း... ဖူးစာပန်းလို့ခေါ် ဘယ်မမ"

"ဘယ်လို နတ်ပန်း၊ ဖူးစာပန်း...ဘယ်လိုအဓိပ္ပာယ်လဲ"

"ဒီလိုမမရဲ့ နတ်ပန်းဖူးစာပန်းကို ရှုတဲ့သူဟာ ပထမဆုံး သူမှာ ချစ်သူရှိရတယ်၊ ရှုလိုက်ပြီဆိုတာနဲ့ လက်ထပ်ပေါင်းသင်းခွင့်ကို တောင်းတာနဲ့အတူတူပဲ"

"အဲ..ခုကျွပါပဲ"

"ကျွန်မတို့ရွာမှာ တစ်နှစ်တစ်ခါမင်္ဂလာဆောင်ပွဲတွေကို လုပ် ယ် ဆိုရင် သတို့သားပဲဖြစ်ဖြစ်၊ သတို့သမီးပဲဖြစ်ဖြစ် ဒီပန်းလာပြီး ရှုကြတယ်၊ပြီး သစ္စာပြုပြီး ဆုတောင်းကြတယ်"

သမုဒယ.. ရွာသူလေးဆီမှ ကြားရသော စကားတွေကြောင့် န်းလေးကို ကိုင်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေမိတော့သည်။

"ညီမကို တစ်ခု မေးချင်တယ်"

"မေးပါ မမ"

"ဒီပန်းကိုရှုပြီး ဘာမှမလုပ်ကြဘူးဆိုရင် ဘာဖြစ်တတ်လဲ"

"ကျွန်မ အဘတွေပြောတာတော့ နတ်ပန်းဖူးစာပန်းကို ရှုပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘာမှလေလုပ်ဘူးဆိုရင် ခုဘဝတင်မကဘူး နောက်ဘဝတိုင်းမှာ ချစ်သူ နဲ့ဆုံရခြင်း မရှိတော့ဘူးတဲ့၊ ဒါတင်မကဘူး ခုလက်ရှိဘဝမှာလည်း ဘေးအန္တရာယ် များစွာကိုကြုံတတ်တယ်၊ တချို့ရှာကလူငယ်တွေက မယုံကြည်လို့ စမ်းသပ်ကြဘူးတယ်၊ တစ်ယောက်ဆိုခုထိ ရူးသွပ်နေ တယ်၊ နောက်တစ်ယောက်ကတော့ ကျားဆွဲလို့သေတယ်လို့ကြား တယ်"

"ဟင်"

ဒဂ္ဂျာရီဆန်ဆန်ပုံပြင်လေးတစ်ခုပဲလား၊ တကယ့်မှတ်တမ်း တင်တဲ့ဖြစ်စဉ်လားဆိုတာကိုဝေခွဲမတတ်ဖြစ်သွားပေမယ့် စိတ်ထဲမှာ တော့စိတ်ထဲမှာတော့ကြောက်ရွံ့နေမိတော့သည်။

"မမမှာ ချစ်သူမရှိဘူးလား"

"ဟို...ဟို..."

သမုဒယမျက်လုံးထဲတွင် မင်းဆက်မဂ္ဂျိုင်ကို မြင်ယောင် သော်လည်း သူတို့(၂)ယောက်က ချစ်သူတွေအဆင့်ထိကို မရောက် ကြတဲ့ ချစ်သူ(၂)ဦးဆင်း။

"မမကလည်းဘာလို့မရှိရမှာလဲ ရှိတယ်လေ ဦးမင်းဆက်



www.burmeseclassic.com

www.burmeseclassic.com



"မောင်စိုင်း"

"ဒါဆိုရင် မမရယ်သူ့ကိုခေါ်လာပြီး မင်္ဂလာပွဲလေးတစ်ခုကို လုပ်လိုက်ပေါ့"

"အဲ…မ…မဖြစ်သေးဘူး"

"ဘာလို့မဖြစ်ရမှာလဲဦး။ဖြစ်ကိုဖြစ်ရမယ်။ကျွန်တော်ပြောပေးမယ်လာ၊ခုသွားမယ်"

"မောင်…မောင်စိုင်း"

ကိုယ်တော်လေးလက်ဆွဲပြီး ခေါ်သည့်နောက်ကို သမုဒယလိုက်ပါသွားရင်း ရွာလမ်းကြားတစ်ခုတွင် မင်းဆက်နှင့်သွား ပြီးဆုံလေသည်။

"ဦးဦးမင်းဆက်"

"ဘာလည်းမောင်စိုင်း"

"ဦးဦးမင်းဆက်ကိုပြောစရာရှိတယ်"

"ပြောလေကွာ"

သမုဒယကတော့မျက်နှာလေးကိုတခြားဘက်လွှဲထားလိုက်သည်။ ရင်တွေမှာ တလှပ်လှပ်ဖိုနေသည်။ ကိုယ်တော်လေးက



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းဖူးစာနှင့်ပတ်သက်ပြီးပြောပြလိုက်သည်။

"သမုဒယ"

"ရှင်..."

သမုဒယ တုန်တုန်ယင်ယင်နှင့် ထူးမိလေသည်။

"သမုဒယ ရှေးရိုးစွဲအယူအဆတွေကို ယုံကြည်သလား"

"ကျွန်မမပြောတတ်ဘူး ဆက်"

"တစ်ခုတော့ရှိတယ် သူတို့ယုံကြည်သူကို ယုံကြည်တာ မယုံကြည်တာထက် ကိုယ့်ဘက်ကစော်ကားသလိုဖြစ်သွားမှာတော့ မသင့်ဘူး"

"ကျွန်မလည်းဒါကိုတွေးမိပါတယ်၊ ဒါပေမယ့် ဘယ်လိုဖြေရှင်းမလဲ"

"ဒီလိုလုပ်ကြရအောင် သမုဒယ"

"ဆက် ပြောပါ...ကျွန်မက ဘာမှစဉ်းစားလို့မရတော့ဘူး"

"သမုဒယနဲ့ငါက သူတို့ရိုးရာအတိုင်း သစ္စာပြုမင်္ဂလာဆောင်ကြမယ်...တရားဝင်တော့ မသတ်မှတ်နဲ့ဦး၊ နောက်ပိုင်းကျမှ သူ့ဆန္ဒအတိုင်းလုပ်ပါ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဆက်စီစဉ်သလိုပါပဲ"

"ဟော့...ဟို(၂)ယောက်မင်္ဂလာကိစ္စတိုင်ပင်ပြီးပြီလားကွ"

"ဟင်...သူကြီး"

သမုဒယသတင်းကရွာထဲအထိပျံ့နှံ့သွားခဲ့လေပြီ...။

"ဒီနတ်ပန်းဖူးစာဟာ မယုံမရှိနဲ့ပေါ့ တကယ်ကို တန်ခိုးကြီး အာလွန်ခဲ့တဲ့( )နှစ်လောက်က တောင်တက်ကျောင်းသားတွေ ဒီတို့ရွာကိုရောက်ပြီးနတ်ပန်းဖူးစာကို စမ်းသပ်ခဲ့ကြတယ်"

"ဘာမှမကြာပါဘူး သူတို့အုပ်စုထဲက စမ်းသပ်တဲ့ကောင်လေး တစ်ယောက်တောင်ပေါ်ကပြုတ်ကျပြီးသေဆုံးခဲ့ရတယ်"

"ဟင်"

သမုဒယကိုခြောက်လှန့်နေသော သတိပေးမှုတွေပင်ဖြစ်နေတော့သည်။

"မင်းတို့(၂)ယောက် တစ်ခါတည်းသွားပြီး သစ္စာပြုကြလေ၊ နက်ဖြန်ဆိုနေ့ကောင်းတဲ့မင်္ဂလာရက်ပဲ"

"သူကြီးမင်္ဂလာပွဲကိုဘယ်လိုဒီမှာကျင်းပကြလဲဟင်"

"မင်္ဂလာပွဲမတိုင်မီ တစ်ရက်ကိုငါတို့ရွာရဲ့အပြင်မှာ ဓလေ့



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ မင်္ဂလာအိမ်ကလေးမှာ နေရတယ်၊ နောက်နေ့ကျမှ မင်္ဂလာ မဏ္ဍပ်မှာမင်္ဂလာပြုကြတာ"

"အဝတ်အစားလဲကြတာရော"

"တို့တောင်ပေါ်ဝတ်စုံတွေကို ဝတ်ကြရတာ၊ ဘာမှဒီအတွက် မပူနဲ့၊မင်းတို့သွားပြီးနေတဲ့ အိမ်ပေါ်မှာ သတို့သမီး၊ သတို့သားမင်္ဂလာ ဝတ်စုံကိုအသင့်လုပ်ထားတယ်၊ဘယ်သူပဲမင်္ဂလာပြုပြု ဒီဝတ်စုံလေး ကို ဝတ်ဆင်ပြီးဆောင်ရတယ်၊ ပြီးရင် တစ်သက်တာ သိမ်းဆည်းကြ ရတာပေါ့လေ၊ သွား...သွားကြ၊ မိုးမချုပ် ခင်လေး"

သူကြီးကိုကျောခိုင်းပြီးမင်းဆက်၊သဲမှုအယနှင့်ကိုယ်တော်လေးတို့ နတ်ပန်းဖူးစာနေရာဆီသို့ပြန်လာခဲ့ကြတော့သည်။

"မမနဲ့ဦးဦးမင်းဆက်က သိပ်ကိုလိုက်တာဗျ"

"မောင်စိုင်းရယ်..ဒီမှာ အသက်ရှူတွေတောင် ကျပ်နေရတဲ့ ကြားထဲ"

"မမက ဘာလို့အသက်ရှူကျပ်ရတာလဲ၊ ခုဆို မမနဲ့ ဦးဦး မင်းဆက်က လင်မယားဖြစ်ကြတော့မယ်"

"မောင်စိုင်းရေ...တော်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"မပေါ်နိုင်ဘူး။ ပြောစရာရှိသေးတယ်"

"ကဲ...ပြောပေတော့မောင့်"

"ခုနက သုံကြီးပြောတဲ့အိမ်ကြီးကိုသွားပြီးအိပ်ရင် ကျွန်တော်ပါ

လိုက်ပြီး အိပ်မယ်နော်"

"စိတ်ချ...ခေါ်ကိုခေါ်သွားမယ်"

"ဟော့...ဒါမှ တို့ဦးဦးမင်းဆက်ကွ"

ကိုယ်တော်လေးမှာ ပျော်ရွှင်နေပေမယ့် ရင်မောခြင်းတွေနှင့်

ယောက်လုံးပင့်သက်လေးတွေကို ရှုနေမိသည်။

သမုဒယ ရှုးယူခဲ့သော နတ်ပန်းဖူးစာ ကျောက်တောင်လေးပေါ်

နှင့်နှစ်ယောက်သားထိုင်လျက်..

"ဆက်...ဆုတောင်းလေ"

"ဟာ...ငါက ဘာကိုဆုတောင်းရမှာလဲ၊ သမုဒယပဲ ဆုတောင်း

လိုက်ပါ"

"ကျွန်မက ဘယ်လိုဆုတောင်းရမှာလဲဟင်"

"ရင်ထဲမှာ ရှိတာကို ဆုတောင်းပေါ့"

"ဆုတောင်းတာက ပြဿနာ မရှိဘူး၊ သစ္စာဆိုရမှာက ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ဆက်ရဲ့..."

"ဟူး...ကဲ...ငါရှေ့က ဆိုသလိုသာ လိုက်ပြီးဆိုတော့"

"အင်း..."

"ကျွန်တော်...ကျွန်မတို့ (၂) ဦးသည် ဤဘဝမှစပြီး ဘဝ အဆက်

ဆက်မပျက်သော မေတ္တာတွေနဲ့သာ သစ္စာရှိရှိ ပေါင်းသင်းပါမည်"

မင်းဆက်... သစ္စာပြုသည့်အတိုင်း သမုဒယလိုက်ပြီး သစ္စာ

လေသည်။ ထိုသစ္စာဆိုစကားသည် ဟန်ဆောင်လိမ်ညာခြင်း စကား

တွေ မဟုတ်ဘူးဆိုတာကို နှစ်ယောက်လုံး နှလုံးသားက သိနေကြခြင်း

ပင်ဖြစ်သည်။

"သွားကြရအောင် သမုဒယ"

"ဟုတ်ကဲ့...ဆက်..."



www.burmeseclassic.com

www.burmeseclassic.com

ပန်ကြံ့ပျော်ရွာတွင် ရှိသည့် ကာလသား ကာလသမီးတွေက
ဆက်နှင့်သမုဒယကို အမွှေးနံ့သာရည်ဖြင့် သန့်စင်အောင်ပြုလုပ်
ကြပြီး မင်္ဂလာအကြို့ဝတ်စုံကို ဝတ်ဆင်ပေးကာ မင်္ဂလာ အိမ်ကြီး
သို့ ခေါ်ဆောင်လာခဲ့တော့သည်။ တစ် ယောက်လက်ကို တစ်
ယောက်ချိတ်ပြီး ပန်းပေါင်းစုံခင်းကျင်းထားတဲ့ လမ်းထိမှ အိမ်ကြီး ဆီ
လာခဲ့ကြရသည်။

"ဤနေ့ ဤရက်မှစပြီး ဇနီးမောင်နှံတို့သည် သက်ထက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ကြွင်းနှာချစ်ခင်စွာနှင့်ပေါင်းရပါစေ"

"ဟေး..."

မင်းဆက်တို့ပေါ်သို့ ပန်းတွေကို မိုးရွာသလို ဖြန့်ကြဲပြီး အား
အိမ်ကြီးထဲမှ ပြန်သွားကြလေတော့သည်။

ညနေခင်း နေလုံးကြီးမှာ တောင်စွယ်တွင်းသို့ ဝင်ရောက်
ပျောက်လုလုပင်ဖြစ်နေလေပြီ။ အိမ်ကြီးပေါ်ရောက်တော့ ည
အတွက် အကောင်းဆုံးစားသောက်ဖွယ်ရာများကို ပြင်ဆင်ထား
ရှိုးရာ ခေါင်ရည်တွေကို ဝါးဆစ်ဘူးအတွင်းထည့်ထားတာကို
လိုက်ရလေသည်။

အိမ်ကြီးတစ်အိမ်လုံးတွင် မီးအိမ်ကလေးတစ်လုံးကိုသာ
ဆွဲထားပြီး ရှေးဟောင်းကြေးမီးခြစ်တစ်လုံးအောက်တွင် ချထား
သည်။

နစ်ယောက်သား မင်္ဂလာအခန်းဆီသို့ ပြိုင်တူကြည့်လိုက်
ရင်ခုန်သံတွေက မြန်ဆန်နေတော့သည်။

"သမုဒယ ဘာမှ တွေးမနေနဲ့၊ ငါ့ကိုနင်ယုံပါ"

"ကျွန်မ ဆက်ပေါ်မှာ မြူတစ်မှုံလောက်တောင် သံသယ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါဘူး။ ကျွန်မတို့နှစ်ယောက်အတွက် အိပ်မက်ဆန်လှတဲ့အခပေါ်မှာ အံ့ဩနေတာပါ၊ တကယ်တော့ ကျွန်မရဲ့အပြစ်တွေလို့ပဲ ဆိုရမှာပေါ့နော်"

"ခုချိန်မှာ နှောင်တ ရစရာစကားတွေကို ပြောမနေနဲ့တော့ သမုဒယရေ..ငါနဲ့မင်းကြားမှာ ဆန္ဒတူညီမှုအားလုံးနဲ့ ခရီးဆက်မှာပါ"

"ကျွန်မလည်း ဆက်နဲ့ထပ်တူပါပဲရှင်.."

"ကိုယ့်ဘက်က မငြင်းချင်တဲ့ စကားလေးတစ်ခုကိုပြောပြချင်ပါတယ်၊ ဒါပေမယ့် ဒီအချိန်...ဒီနေရာမှာတော့ မပြောချင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ကိုယ့်ဘက်က အခွင့်အရေးတစ်ခုကို ယူချင်လို့ပြောတဲ့စကားဖြစ်မှာ စိုးရိမ်တယ်"

"ကျွန်မ..ဆက်ပေါ်မှာအကြွင်းမဲ့ယုံကြည်တယ်၊ အပွင့်လုံးဆုံး ပြောရရင် ကျွန်မရဲ့ဘဝနဲ့ထပ်တူယုံကြည်သူပါ"

သမုဒယဆီမှ စကားတွေက ခရီးအဆုံးထိကို ပြောလိုက်ပြီဖြစ်တာမို့..

"ငါ...သမုဒယကို စတွေ့ကတည်းက ခင်တွယ်ခဲ့တယ်၊ ငါ့ဘဝ ဘပထမဦးဆုံး နှလုံးသားရဲ့ စိန်ခေါ်မှုတစ်ခုကို ခံခဲ့ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ရဲ့နှလုံးသား စိန်ခေါ်မှုဆိုတာကို ရှင်းပြပါဦး"

"နှလုံးသားရဲ့စိန်ခေါ်မှုဆိုတာ သမုဒယဟာ ကိုယ်တော်လေး၏ ဖမ်းဆီးမယ့် ငါ့ရဲ့ရန်သူတစ်ယောက်ကို ချစ်ခဲ့မိခြင်းဟာ ကိုယ်ဆော ရှက်ရမယ့် တာဝန်တစ်ရပ်နဲ့ ဆန့်ကျင်ဘက်ကြီးဖြစ်နေတယ်၊ နှလုံးသား ထက် တာဝန်ပေါ်မှာ သစ္စာစောင့်သိပြီး နှလုံးသားကို စတေးလိုက်ခဲ့ တယ်...သမုဒယ"

"တကယ်လို့ သမုဒယက ကိုယ်တော်လေးကို အတင်းအဓ ဖမ်းမယ်ဆိုရင် သမုဒယကို ဆက်က သတ်မှာပေါ့"

"ငါ မညာချင်ပါဘူးလေ"

"ဆက်ရယ်... အမှန်တရားအတွက် ရပ်တည်ပြီးချစ်တဲ့သူ မှာ ရက်စက်ရဲတာ သူရဲကောင်းတွေရဲ့ ဝါဒတစ်ရပ်၊ ကျွန်မဘက်က အရိုးသားဆုံးဖွင့်ဟဝန်ခံရရင်လည်း ဆက်ကို စပြီးတွေ့တဲ့နေ့က ဆက် ရဲ့ရဲရင့်တဲ့သတ္တိနဲ့ ယောကျ်ားပီသတဲ့ စိတ်ဓာတ်ပေါ်မှာ ချစ်ခဲ့မိ ပါတယ် ရှင်ရယ်..."

"ချစ်ခြင်းတူတဲ့ ချစ်သူတွေပေါ့"

"ဟုတ်တယ်လို့ပဲ ဝန်ခံပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



သမုဒယ၏ခေါင်းတလေးမင်းဆက် မစုံးပေါ်သို့ လိမ့်ကျရင်း

"ချစ်သူချင်းမို့မေးချင်တယ်"

"သမုဒယ သိချင်တာတွေအားလုံးကို မှသားမပါဘဲ ပြောပြမယ် ...မေးလေ"

"တခြားတော့ မဟုတ်ပါဘူး၊ ကိုယ်တော်လေးနဲ့ပတ်သက်ပြီး ဆက်ပါဝင်ခဲ့ရတဲ့အကြောင်းလေးပါ၊ ငွေကြေးကြောင့်တော့ မဖြစ်နိုင်ဘူး ဟုတ်တယ်မဟုတ်လား"

"ဟုတ်တယ် သမုဒယ...ကိုယ်တော်လေးကို ကိုယ်ကာယ်တင်ခဲ့ရတာ ကျေးဇူးတရားကြောင့်ပါ၊ ကိုယ်တော်လေးမှာ မိဘနှစ်ပါးလုံး မရှိတဲ့နောက် မောင်နှမ အတူတွေဖြစ်တဲ့ ကိုယ်တော်လေးမိတွေးနဲ့ ဒေါ်တေကလျာနဲ့ အစ်ကိုယောင်ဆောင်ထားတဲ့ သျှန်းဆိုတဲ့လူကြီးတွေက ကိုယ်တော်လေးကို ဒုက္ခတွေပေးတော့မယ်ဆိုတာကို ကိုယ်တော်လေး ဖခင် ဆလိုင်းခေါ်ရဲ့ ငယ်သူငယ်ချင်း စိုင်းထွန်းရင်က တိုယ့်ကိုကာယ်တင်ဖို့ လွှတ်ခဲ့တယ်၊ ကိုယ်တော်လေး နယ်မြေထဲမှာ တစ်နှစ်လောက်အချိန်ယူပြီး စောင့်ခဲ့ရတယ်"

"ဆက်ရဲ့ကျေးဇူးရှင်က စိုင်းထွန်းရင်ပေါ့နော်..."

www.burmeseclassic.com



"အင်း...စိုင်းထွန်းရင်က ကိုယ့်မိဘနှစ်ပါးနဲ့ကိုယ့်ဘဝကို ကယ်ထင်ပေးခဲ့တဲ့သူပါ၊ ကိုယ်တို့မိသားစုဟာ သူဌေးတစ်ယောက် အိမ်မှာနေထိုင်ပြီး သူတို့အမိုးအဝေအောက်မှာ နေခဲ့ကြတယ်၊ ဒီတုန်းက ကိုယ်ဟာ(၅)နှစ်သားအရွယ်ရောက်နေပြီ၊ ဒီလိုနေထိုင်ချိန်မှာ ဦးစိုင်းထွန်းရင်ဟာ ကိုယ်တို့နေထိုင်ရတဲ့ သူဌေးဦးကျောင်စိုင်းနဲ့ စီးပွား လုပ်ဖော်ကိုင်ဖက်ဆိုတော့ အိမ်ကို ခဏခဏလာရင်း ကိုယ့်ကို သံယောဇဉ်ဖြစ်ခဲ့တယ်၊ ဦးစိုင်းထွန်းရင် လာတိုင်း ကိုယ့်အတွက် အဝတ်အစားနဲ့ မုန့်တွေပါလာတတ်တယ်၊ ကိုယ်တို့သူဌေးကိုကိုယ့်ကို ကျောင်းထားပေးဖို့ပြောပေမယ့် မထားပေးခဲ့ဘူး၊ ကျွန်ဟာ ကျွန်နေရာပဲ နေရမယ်ဆိုတဲ့ သဘောနဲ့ပေါ့"

"တကယ့်ကိုရက်စက်တဲ့စိတ်ဓာတ်တစ်ခုပဲနော် ဆက်ရယ်"

"ဒီထက်ရက်စက်ယုတ်မာတာကတော့ ဦးကျောင်စိုင်းရဲ့သားဘိန်းသမားဟာ ကိုယ့်ဖေဖေကို ဘိန်းဖြူဝယ်နိုင်းရင်း သက်ဆိုင်ရာကဖမ်းမိသွားခဲ့တာကို ဖော်ထုတ်မှာကြောက်ပြီး ကိုယ်တို့ သားအမိကိုသတ်ပစ်မယ်လို့ ခြိမ်းခြောက်ပြီးဖေဖေ့ကို ဝန်ခံခိုင်းတယ်၊ ဖေဖေဟာသားနဲ့ဇနီးကို ငဲ့ကွက်ပြီး အချုပ်ထောင်ကျခံခဲ့တယ်၊ ဒီကျေးဇူးတရားကို



www.burmeseclassic.com

www.burmeseclassic.com



ခင့်ညှာဘဲ ဦးကျင်စိုင်းဟာ ကိုယ်တို့သားအမိ နောက်ထပ် ပစ္စည်း နီးတယ် ဆိုပြီး မြဲထဲက မောင်းထုတ်ခဲ့တယ်"

"ထက်တို့ဘဝက ဆိုးလိုက်တာ"

"နိုက်ကိုးရာမဲ့ ကိုယ်တို့သားအမိဘဝကို ဦးစိုင်းထွန်းရင် သိသွားပြီး တွေ့အောင်ရှာခဲ့တယ်၊ ပြီးတော့ သူ့ဘဝထဲမှာ မိသားစုလိုထားခဲ့တယ်၊ ဖေဖေ့ အမှုနဲ့ပတ်သက်ပြီး ရှေ့နေတွေနဲ့တိုင်ပင်ပြီး ဦးကျင်စိုင်း တို့သားအဖကို တရားပြန်ပြီး စွဲခဲ့တယ်၊ မကောင်းတဲ့သူတွေကို မကောင်းသောအရလဒ်တွေ ဒဏ်ပြန်ပြီးဝေခဲ့တာပဲ၊ ဦးကျင်စိုင်းဟာ ဖေဖေ့ကို မြိမ်းခြောက်အကျပ်ကိုင်မှုနဲ့ထောင်ကျသွားသလို သားဖြစ်သူဟာ အဖမ်းမခံဘဲ ထွက်ပြေးရင်းကာနေ ကားမှောက်ပြီးသေဆုံးခဲ့တယ်"

"သူတို့အကုသိုလ်တရားက သူတို့ကိုစီရင်တဲ့သဘောပေါ့"

"ကိုယ်လည်း ဦးစိုင်းထွန်းရင်ရဲ့ပျိုးထောင်ပေးမှုအောက်မှာ ဘွဲ့ရတဲ့အထိ ပညာသင်ကြားခဲ့ရပြီး သူ့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်ခဲ့ရတယ်"

"ဦးစိုင်းထွန်းရင်မှာ မိသားစုမရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ် သမုဒယ၊ သူ့မိသားစုဆိုပေမယ့် သူ့ဖေါ်မှာ ကောက်ကျစ်စဉ်းလဲတဲ့သူတွေဖြစ်တာကြောင့် ဘယ်ဆွေမျိုးသားချင်းနဲ့မှ မဆက်ဆံတော့ဘဲ တစ်ယောက်တည်းနေခဲ့တယ်"

"အိမ်ထောင်တောင် မရှိဘူးပေါ့"

"အိမ်ထောင်ရှိခဲ့ဘူးပါတယ်၊ သူ သိပ်ပြီးချစ်တဲ့ဇနီးတစ်ယောက်ကို သူ့ဦးလေးဖြစ်သူက သူစရိုးသွားနေတုန်း မကောင်းကြံတာကြောင့် လှေကားပေါ်က ပြုတ်ကျပြီးဆုံးပါးသွားခဲ့တယ်၊ ဒီကတည်းက ဆွေမျိုးတွေကိုစိတ်နာသွားခဲ့တယ်ဆိုရမှာပေါ့"

"ကိုယ်တော်လေးကိစ္စဆက်ပါဦး"

"ကိုယ်တော်လေး ဖခင် မသေခင်မှာ ဦးစိုင်းထွန်းရင်ဆီကို စာတစ်စောင်ရေးပြီးပို့လိုက်တယ်၊ ဒီစာထဲမှာ သူ့သားလေးဘဝကိုကယ်တင်ပေးဖို့နဲ့ ကိုယ်တော်လေးအမွေကိစ္စတွေကို ကိုင်တွယ်ပေးဖို့မှာခဲ့တာပါ၊ ဦးစိုင်းထွန်းရင်ကိုယ်တော်လေးကိုခေါ်ယူဖို့ပြင်ဆင်တုန်းမှာပဲ ကာကားရျင်းတိုက်မိပြီး ခြေထောက်နှစ်ဖက်လုံး အရာပြင်းထန်ဆုံးခဲ့ရတယ်၊ ဆေးကုနေရတဲ့အချိန်တွေ ကြာခဲ့ရတယ်၊ ဒီအတွက် ဒေါ်စောကလျာတို့ဘက်ကနေ ကိုယ်တော်လေးကိုအဆက်အသွယ်ကြံပြီး



www.burmeseclassic.com

www.burmeseclassic.com



အမွေတွေကိုမတရားယူဖို့အရိုန်တွေရခဲ့တယ်၊နောက်ဆုံးအခြေအနေကိုဦးစိုင်းထွန်းရင်ကတွက်ဆပြီးကိုယ့်ကိုလွှတ်ခဲ့တာပဲသမုဒယ"

"ဦးစိုးတော်သျှန်းဟာကျွန်မတို့ရောက်နေတဲ့ဒေသတွေမှာသူ့ခြေဩဇာကိုစံယူထားကြတဲ့သူပုန်တွေ၊ လူဆိုးလူမိုက်တွေက နေရာအနှံ့မှာရှိနေကြတာဆိုတော့ကျွန်မတို့အန္တရာယ်များစွာကိုရင်ဆိုင်ပြီးခြဖြတ်ကျော်ရမှာပဲ"

"ကိုယ်...ဒါကြောင့် သမုဒယအပေါ်မှာ မြှုစင်စွာနဲ့ ချစ်သူဘဝလေးကိုပဲနေထိုင်သွားမှာပါ။ ကိုယ်တစ်ခုခုဖြစ်ခဲ့ရင် သမုဒယ အမျိုးဝင်ဘဝလေးနဲ့ နေစေချင်လို့ပါ"

"ထက်ဘက်က ဘယ်လိုပဲ ကျွန်မအတွက် စဉ်းစားပေးပေး ကျွန်မရင်ထဲမှာ ဒီနေ့ကစပြီးကျွန်မဘဝတစ်သက်တာလုံးမှာ ဒီခင်ပွန်းတစ်ဦးတည်းပဲရှိခဲ့တယ်လို့ သတ်မှတ်ထားမယ့်သူပါ ရှင်ရယ်..."

ညဉ့်ငှက်ကလေးတွေရဲ့သံစဉ်လေးတွေ၊ သစ်ရွက်ခတ်သံလေးများရဲ့ကဗျာရွတ်သံလေးတွေနဲ့အတူ မင်္ဂလာမီးဒိမ်ကလေးမှာ ဆောက်ပလင်းလက်နေဆဲ...ပေ။

ချစ်သူ၏ ရင်ခွင်ထက်တွင် သမုဒယတစ်ယောက် အနာဂတ်



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်လှလှတာလေးတွေကိုမက်ရင်းနှင့်မှေးစက်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

ထင်းရှူးပင်၊ ယူကာလစ်ပင်တွေ မြဲရုံထားသော တောင်တန်း သိမ်းသွယ်တွေကို မင်းဆက်တို့၏ကားကလေးမှာ ဖြတ်သန်းမောင်း ဆင်းလာဆဲ၊

"တောင်တန်းဒေသတွေဟာ တကယ့်ကို သာယာတဲ့ပန်းချီ ကားချပ်ကြီးတွေပဲနော်...ဆက်"

"သဘာဝတရားကြီးတွေက လုပ်နေပေမယ့် အကျည်းတန် သူတဲ့အတ္တတွေ၊ ဒေါသတွေ၊ လောဘတွေကြောင့် ပျက်စီးနေကြရ တာ အရင်ထက်စာရင် တောင်တန်းဒေသရဲ့အလှတွေဟာ ပေါ်လွင်လာနေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ ဆက်..."

"တစ်ချိန်က ဒီဒေသတွေမှာ ယမ်းငွေ့တွေကနေ့ညမပြတ်မြင်တွေ့နေရသလို သေနတ်သံတွေနဲ့ လူတွေရဲ့အသက်တွေလည်း စတေးခံနေကြရတယ်၊ အမည်းရောင်နယ်မြေသက်သက်ကြီးတစ်ခု ကနေ ခုတော့ အမှန်တရားကိုသိတဲ့သူတွေ၊ ငြိမ်းချမ်းရေးကို နှမ်မင်သူတွေက အစိုးရထံမှာ ခိုလှုံသွားတော့ ကိုယ်ကျိုးသမားတွေနဲ့ ဓားပြသာသာ သူတွေပဲ ကျန်ခဲ့တော့တယ်၊ သူတို့မှာ ခံယူချက်တွေ၊ ဝါဒတွေက မရှိဘဲ ငွေကြေးအတွက် သေနတ်ကိုင်စွဲနေကြတဲ့သူတွေ ဖြစ်နေကြပြီလေ"

"သိပ်ပြီး ဟုတ်တာပေါ့ ဆက်ရယ်... လောဘရမ္မက်၊ သိုက်တူးသမားတွေက သူတို့အကျိုးစီးပွားအတွက် ငွေတွေနဲ့ ကောင်းကောင်းကြီး ကြိုးဆွဲ ကစိုင်းနေကြတာ၊ ဦးရိုးတော်သျှုန်းတို့လို ကောင်မျိုးတွေပေါ့ကွာ"

"မင်းဆက်..."

"ပြောပါ ပဒီ"

"သျှုန်းဆိုတဲ့ကောင်ဆိုလို့ ခုငါတို့ဖြတ်ကျော်ရမယ့်ရွာက သျှုန်းရဲ့အမာခံနေရာပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်.."

"ငါသိသလောက်ကတော့ ဒီရွာမှာ သျှန်း လက်သပ်မွေးထား

သဲ့ကြေးစားကောင်တွေရဲ့ဇာတိနယ်မြေလို့ ဆိုလို့ရတယ်"

"ကျွန်မတို့ဖြတ်ကျော်လို့ဖြစ်ပါ့မလား"

"ဖြတ်ပြီးကျော်စရာ တခြားလမ်းကြောင်းတာမရှိဘူး။ သျှန်းက

ဆင်းကြီးတယ်၊ အဓိကထွက်လမ်းရွာတွေမှာ သူ့ရဲ့အမာခံတွေကို ခြေ

ကုတ်ယူနိုင်းထားတာ"

"ကျွန်တော်တို့ သေရွာပေါက်ဖြတ်ကျော်မှာကို တွက်ထား

လောက်ပြီ"

"တွက်ထားပြီးပြီပေါ့ ဆက်ရယ်.."

ရွာကြီးကို လှမ်းပြီးတွေ့နေရပြီဖြစ်သောကြောင့် ကားကို

ထင်ရှူးပင်အောက်တွင် ထိုးရပ်လိုက်သည်။ အားလုံး ကားပေါ်မှဆင်း

ပြီးဘယ်လိုဖြတ်ကျော်ရမလဲဆိုတာကို စဉ်းစားကြရတော့သည်။

"ဟိုမှာ..နွားလှည်းတစ်စီးလာနေတယ်"

ထင်းခြောက်တွေကိုတင်ဆောင်လာသော နွားလှည်းတစ်စီး

ကို လှမ်းပြီးတွေ့လိုက်သဖြင့် လူစုခွဲပြီး ပုန်းနေလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နွားလှည်းမှာ အနားသို့ရောက်သည်နှင့် မင်းဆက် သစ်ပင် ကွယ်မှထွက်ကာ နွားလှည်းမောင်းသူကို သေချာစွာကြည့်ပြီးနောက်

"အိုက်ကွန်..."

"ဟာ...မင်းဆက် ဘယ်ကိုလာတာလဲ"

"အိုက်ကွန်...နွားလှည်းပေါ်က ကောဆင်းဦးကွာ.. စကားပြော ရအောင်.."

"အေး.."

အိုက်ကွန်..နွားလှည်းကို လမ်းဘေးသို့ရပ်ပြီး ဆင်းလာခဲ့သည်။ မင်းဆက်နှင့်အတူ အိုက်ကွန်မှာ တက္ကသိုလ်တက်ခဲ့စဉ်က အတန်းဖော် ဘာသာတူ သူငယ်ချင်းများဖြစ်ခဲ့ကြသည်။

"မင်းရွာမှာ ကျောင်းဆရာပြန်ပြီးလုပ်မယ်ဆို အိုက်ကွန်"

"ကျောင်းဆရာလည်းလုပ်၊ တောင်ယာလည်းလုပ်ပေါ့ကွာ မင်းက ဘာစိတ်ကူးနဲ့ ဒီနယ်မြေကိုရောက်လာရတာလဲ"

"ငါတို့ရောက်လာတဲ့ကိစ္စကိုနောက်မှပြောမယ်၊ အရင်ဆုံးမင်း နဲ့မိတ်ဆက်ပေးမယ်"

မင်းဆက်...အားလုံးနှင့်မိတ်ဆက်ပေးပြီး သူရှေ့သို့လာသည်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုပြောပြလိုက်သည်။

"တကာယ် မိစ္ဆာကောင်ကြီးနဲ့မှ ရင်ဆိုင်ရတာကို။ ပြီးခဲ့တဲ့ (၃) ရက်လောက်က ရွာကိုဒီလူကြီးရောက်လာတယ်၊ ဘာတွေကိစ္စရှိသလဲ တော့မသိဘူး။ မင်းပြောပုံအရဆိုရင်တော့ မင်းတို့ကိစ္စဖြစ်ဖို့များတယ်၊ သူ့ကောင်ရတွေနဲ့တွေ့ပြီး ပြန်သွားတယ်"

"ဒါဆိုရင် သေရာသွားပြီ၊ ငါတို့ရွာထဲကိုဝင်လို့မကောင်းတော့ ဘူးဆက်.. ဘယ်လိုစဉ်းစားထားလဲ"

"စဉ်းစားစရာတစ်ခုပဲရှိတယ်၊ ဒီကောင်တွေကိုဖောက်ပြီးထွက် ရမှရှိတော့တယ်၊ အိုက်ကွန်..မင်းဘယ်လိုကူညီပေးနိုင်မလဲ"

"ထွက်စရာလမ်းက တစ်ခုတည်းပဲရှိတာဆိုတော့ ရွာထဲကပဲ ထွက်မှရမှာလေ၊ ဒီလိုလုပ်ကွာ၊ မင်းတို့ကားနဲ့တော့မဝင်ကြနဲ့၊ ကားကို ထားခဲ့၊ ပြီးတော့လူချည်းသက်သက်မသိအောင်ဝင်ပြီးမှဖောက်ထွက် ကြပါလား"

"ကားမရှိရင် ခရီးဆက်ဖို့က သိပ်ပြီးမလွယ်ပြန်ဘူး"

"ဒီကောင်တွေဆီမှာ ဝီလီဂျစ်အသစ်ကလေးတစ်စီးတော့ရှိ တယ်၊ ရွာက အီနူးဂေကာ ဘိန်းအရောင်းအဝယ်လုပ်နေတဲ့ကား။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရအောင်ယူပြီး သွားကြပေါ့"

"အုံ ဘ်ကွန်..မင်းခုပြောတဲ့အကြံကတော့ ကောင်းပါတယ်၊ ခင

တာက ရွာထဲကိုဝင်ဖို့လွယ်ပါ့မလား၊ ချွန်းရဲ့ကောင်တွေက စုလော

ဆို စောင့်ကြည့်နေလောက်ပြီ"

"စောင့်ကြည့်နေတာတော့ မပြောနဲ့၊ ရွာအဝင် လမ်းမှာ အိ

ကောင် လက်သပ်မွေးထားတဲ့ကောင်တွေ သေနတ်တရမ်းရမ်းနဲ့ စော

ငနေကြတာ၊ အစင်အတွက်ကိုတောင် စစ်လားဆေးလားနဲ့"

"ဒီလောက် စောင့်ကြည့်နေတာ ငါတို့က ဘယ်လိုလုပ်ပြီး

မလဲ"

"ဘာမှ မပူနဲ့၊ ငါ့နွားလှည်းကို ဒီကောင်တွေစစ်မှာမဟုတ်ဘူး"

"မင်းကိုကြောက်လို့လား"

"ငါတို့ကြောက်တာမဟုတ်ဘူး၊ သင်းခြောက်တွေကို ကြော

တာ"

"ဟာ..ဘာလို့လဲ"

"ဒီထင်းခြောက်တွေက အိန္ဒးကော မင်္ဂလာပွဲ

ချက်ပြုတ်ဖို့ ထမင်းတွေကျွ၊ ရွာက ရှာပေးနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့(၅)ယောက် ဝင်ပြီးထိုင်လို့ရပါ့မလား"

"ရအောင် လုပ်လို့ရတယ်"

အိုက်ကွန်..နွားလှည်းပေါ်သို့ပြန်တက်ပြီး ထင်းချောင်းတွေကို အောက်သို့ ပြန်ပြီး ဖစ်ရကာ အလယ်တွင် (၄)ယောက်စာ ထိုင်လို့ရအောင် လုပ်ပြီး ကိုယ်တော်လေးကို သမုဒယပေါင်တွင် ထိုင်နိုင်းလိုက်သည်၊ အိုက်ကွန် သပ်သပ်ရပ်ရပ် ထင်းခြောက်တွေကို ပြန်တင်ပြီး ဆင်းထွက် လာတော့သည်။

"ဟဲ့..နာနီ.."

"ရှမ်း.."

နွားလှည်းကြီးမှာ ရွာနားဆီသို့ရောက်ရှိလာပြီးဖြစ်သည်၊

"မင်းဆက်ရေ...ရောက်တော့မယ်နော်"

"အေး.."

ရွာအဝင်ဝဆီကိုရောက်တော့

"အိုက်ကွန်.."

"ဘာလဲ"

"မင်းလမ်းမှာကားတစ်စီးနဲ့လူတွေကို မတွေ့မိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါရလာတဲ့လမ်းကြောင်းမှာတော့ မတွေ့မိဘူး နောက်မှ ရော
လာရင်တော့ မပြောတတ်ဘူး"

"ဒါဆို သွားတော့ကွာ၊ အိုက်ကွန် ထင်းတွေကို အနောက် ဘ
မြိုထဲမှာပဲ ထည့်ထားလိုက်တဲ့"

အိုက်ကွန် ခေါင်းကိုညိတ်ပြပြီး ထင်းတွေထားရမည့်နေရာ
သို့လာခဲ့တော့၏။

မင်းဆက်တို့အတွက် ကောင်းသောနေရာကိုရောက်ခဲ့ခြင်း
ရမည်၊ ထင်းတွေချမည့်နေရာမှာ ချောင်ကျပြီး အပြင်တွင်လူမ
နိုင်သောနေရာဖြစ်နေသည်။

"မြန်မြန်ဆင်းကြ၊ ဟိုသစ်ပင်နောက်မှာ ပုန်းနေကြဦး၊ ငါထ
တွေချပြီးမှ သွားကြမယ်"

"အင်း..."

မင်းဆက်တို့ နွားလှည်းပေါ်မှဆင်းခဲ့ကြပြီး သစ်ပင်ကြီးနော
တွင် ပုန်းနေလိုက်ကြသည်။

"ဟော့...အိုက်ကွန်..."

"ဒီနေ့ကော...ဘာကိစ္စတွေရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီထင်းတွေ တိုက်ပြီးရင် ရေခပ်ဖို့မမေ့နဲ့ဦး"

"အိနွဲးကော… ရွာမှာ မင်းကောင်တွေအများကြီးပဲ၊ သူတို့ကို
…ီးပေါ့ကွာ"

"အိုက်ကွန်…မင်းစကားသိပ်ပြီးရှည်ပါလား။ ဘာလဲ မင်းကိုယ်မင်း
…ညီသူစစ်ကောင်ဝေလျှံအားကိုးနဲ့ ပြောနေတာလား၊ ငါ့ကျောင်း တွေ
…စုရက်တွေမှာ မအားဘူး။ အရေးကြီးတဲ့ကိစ္စတွေလုပ်ဖို့ရှိနေရတယ်၊
…င်းလုပ်ပေးမလား၊ မလုပ်ပေးဘူးလား။ ဒါပဲပြောကွာ"

"အေးပါကွာ၊ မင်းတို့ဆီမှာ လူအင်အားနဲ့ သေနတ်ရှိရှိနေတာဆို
…တော့ လုပ်ပေးရမှာပေါ့"

"ငါ့ကားပါ ရေဆေးထားလိုက်"

အိုက်ကွန်…ဒေါ်သကို ချုပ်တည်းနေလိုက်တော့သည်။ အိနွဲး
…ကောင်တို့ ထွက်သွားပြီးမှ မင်းဆက်ဇော်ကိုခေါ်ကာ အနောက်ဘက်
…သင်းဆီမှအိမ်ကိုခေါ်ခဲ့သည်၊ အိုက်ကွန်အိမ်မှာ ရွာနှင့်အတော်ကို ဝေး
…သဲခြံကြီးတစ်ခုတွင်နေထိုင်တာမို့ အန္တရာယ်တော့ကင်းသည်။

"အိုက်ကွန်…မင်းရေခပ်ပေးရမယ့်ကိစ္စကို ဘယ်လိုစဉ်းစား
…ထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အတွက် အကောင်းဆုံးအခွင့်အရေးတစ်ခုပဲ၊ ငါရှာ
ဖျော်ဖြည့်လေး (၃)ယောက်လောက်နဲ့မင်းတို့(၃)ယောက်ရောပြီး
ဝင်ခင်မယ်၊ ပြီးတော့မှ အခြေအနေကြည့်ပြီး လှုပ်ရှားကြပေါ့၊ ကား
အိုးခေါင်းခံဝင့်ရှိနေတာပဲ"

"ကြာကြာ့တော့ မရှိဘဲ မောင်းလို့ရပါ့မလား"

"မှန်ပြီဖို့... ဒီအတွက်မပူနဲ့၊ ငါရအောင်မောင်းလို့ရတယ်၊ မင်း
ဘယ်အချိန်လောက် ထမ်းမှာလဲ"

"မိုးခိုတ်ချိန်လောက်ကိုသွားပြီး ထမ်းမယ်၊ အခုတော့ အေ
အေးအေးဆေးဆေးနားကြဦး"



www.burmeseclassic.com

www.burmeseclassic.com

သမုဒယ၊ ကိုယ်တော်လေးနှင့် ပဒီတို့ကို မောင်ရိုပ်တစ်ခုတွင် ထားရစ်ခဲ့ပြီး မင်းဆေက်နှင့်မုန်ယိုတို့က အိုက်ကွန်နှင့်အတူ အိမ်းကော အတွက် ရေဝင်ခပ်ရင်း အခြေအနေကို အကဲခတ်နေသည်။

"ဆရာ...အိမ်းကောင်"

"ဘာလဲစီပေါ့..."

"ဟို... ဟို...ဝေလျှံနဲ့ သူ့ကောင်တွေ ရွာဘက်ကို လာနေကြ တယ်၊ ဘယ်လိုလုပ်မလဲ"

"တောက်...ဒီခွေးမသားလာပြီး နှောင့်ယှက်တာ၊ ရွာထဲနောက်



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ဆော်တော့ကွာ၊တစ်ကောင်မှ အသက်ရှင်ခွင့်မပေးနဲ့၊ငါပြီးရင်
လိုက်ခဲ့မယ်"

"ဟုတ်ကဲ့"

ဒီနှီးကောင် အိမ်ပေါ်တက်ပြီး သေနတ်ဆွဲကာ သူ့ဖကောင်တွေ
နဲ့အတူ ထွက်သွားတော့သည်။ အိမ်ထဲတွင် သေနတ်သမား (၂)
ယောက်သာကျန်ခဲ့သည်။

"မင်းဆက်...မင်းတို့ကိုဘုရားသခင်ကလက်ဆောင်ပေးတာပဲ"

"ဟုတ်တယ်ကွ၊ဟိုနှစ်ကောင်ကို ရှင်းရမှာပဲ"

မင်းဆက်.. ပဒီကို အချက်ပြလိုက်ပြီး သစ်ပင်အောက်တွင်
ဘိန်းမှုးမှုးနေသော (၂)ကောင်အနားသို့ ခြေသံလုံစွာနှင့်ချဉ်းကပ်
ပြီးတစ်ယောက်ချင်း ရှင်းလိုက်ရသည်။

"ဘိန်းအရသာလေးနဲ့ နတ်ပြည်ကို သွားမလား၊ ငရဲပြည်ကို
သွားမလားတော့မသိဘူးဟေ့"

"ပဒီ..ကိုယ်တော်လေးတို့ကိုခေါ်ထားလိုက်တော့၊ကျွန်တော်
ကားဆီကိုသွားမယ်"

"အေး..."



www.burmeseclassic.com

www.burmeseclassic.com



မင်းဆက် ကားရေပါသို့တက်ပြီးထိုင်လိုက်စဉ်..

"ဟေ့ကောင်...ဒါဘာလုပ်တာလဲ"

"ဟာ..."

အိမ်ထဲမှ အသက် (၅၀)ဝန်းကျင် လူကြီးတစ်ယောက် ထွက်လာသဖြင့်

"ခြောင်း...အီး..."

"ဟင်..."

အိုက်ကွန် အနောက်မှ တုတ်နှင့်ရိုက်ချလိုက်သဖြင့် ရှေ့သို့ နောက်လဲကျသွားတော့သည်။

"ကျေးဇူးပဲကွာ"

"ရပါတယ် မင်းဆက်ရယ်...မင်းလုပ်စရာတွေကိုမြန်မြန် လုပ်ဆေ့"

မင်းဆက် ကားစက်နှိုးနိုင်ဖို့ကို အောက်မှ ဝါယာကြိုးတွေကို ဆွဲဖြတ်ဆက်ပြီး နှိုးရတော့သည်။

"ဒေါက်...ဝူး...ဝူး..."

ကားစက်နိုးသွားပြီဖြစ်သောကြောင့် ပဒီတို့ကို လှမ်းပြီးခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့သည်။

"အိုက်ကွန်...သွားမယ် သူငယ်ချင်း"

"ကောင်းပြီ...ငါတို့အတွက် ဒီညဟာ ရွာအတွက် ဘာတွေဖြစ်မလဲတောင် မသိဘူး။ အိန္နကောင်နဲ့ နောက်ဆုံးပွဲကို နွှဲဖို့သွားရမယ် ကျွခရီးလမ်းကို ဖြောင့်ဖြူးစွာ သွားနိုင်ပါစေကွာ"

"မင်းတို့လည်း အောင်မြင်ပါစေ"

"ဝူး..."

ဝီလီဂျစ်လေးကို ခြံဝန်းထဲမှ မောင်းထွက်လာသည်နှင့် ပေါက်ကွဲသံတွေ၊ သေနတ်သံတွေကို ရွာထဲတွင် ကြားနေရတော့သည်။

"တိုက်ပွဲက ပြင်းထန်မယ့်ပုံပဲဟေ့"

"ဟုတ်မယ် ပဒီ..."

မင်းဆက်...အမှောင်လမ်းထဲတွင် သတိကြီးစွာနှင့် မောင်းထွက်လာခဲ့ရသည်။ ရွာ၏အနောက်ဘက်တွင် မီးတောက်မီးလျှံတွေကိုပင် တွေ့နေရသည်။

"ဆက်...ရှေ့မှာ ကားတစ်စီး"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှလာနေသောကားမှာ စက်ကုန်တင်ပြီးမောင်းလာသော ကားဖြစ်နေသည်။ အိန္နကောင်ကို တူဖို့ ရောက်လာသော သူ့ပုန်ကားပင်ဖြစ်နိုင်သည်။

"မင်းဆက်..မင်းကားကို သတိနဲ့မောင်းထား။ ငါဒီကောင်တွေ ကိုဒေါးဘက် သစ်ပင်တစ်ပင်ဆီကို ပို့မယ်"

ပဒီ..ဒူးလေးကိုပြင်ဆင်ပြီးဝီလီဂျစ်ပေါ်တွင်မတ်တတ်ရပ်ကာ ရှေ့ကားကို ချိန်ရွယ်ထားလိုက်သည်။ မင်းဆက် ထိုကားနှင့်အနီးဆုံး ရောက်လုလုမှ

"ဝို..ခုတ်....ဖူး..ကျှို..."

"ဆက်.."

မင်းဆက် ကားနှင့်ထိပ်တိုက်တိုးတော့မလိုဖြစ်သွားသည်ကို အသာအယာတိမ်းရှောင်လိုက်ပြီးသည်နှင့် တစ်ဖက်မှ လာနေသော ကားမှာ ဒေါးဘက်ဆီသို့ထိုးကျသွားပြီး

"ဝုန်း..."

သစ်ပင်ကြီးတစ်ပင်နှင့် ဝင်တိုက်သွားတော့သည်။

"သူ့ကိစ္စ သူရှင်းသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အိုက်ကွန်တို့အတွက် တစ်ရန်အေးသွားတာပေါ့"

"ဟူး...တကယ့်အန္တရာယ်နယ်မြေကြီးတစ်ခုကိုဖြတ်ကျော်နိုင်ခဲ့ပြန်ပြီပေါ့"

တောင်ပေါ်လမ်းသွယ်လေးပေါ်သို့ ကားမောင်းတက်ခဲ့ပြီး မြေပြန့်နေရာတွင် ရပ်ကာ ကျန်ရစ်ခဲ့သော ရွာကလေး၏မြင်ကွင်းကို ကြည့်နေမိသည်။

"ဟာ...ဟင်..."

တစ်ရွာလုံး မီးဟုန်းဟုန်းတောက်လောင်နေသည်ကို စိတ်မကောင်းစွာပင် တွေ့လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကားလေးမောင်းလာရင်းညှို့နက်လာသလို အအေးဓာတ်က ဝင်လာတာမို့ကားရပ်ပြီး နားရမည့်နေရာကိုရှာဖွေကြတော့သည်။

ကိုယ်တော်လေးကိုသမ္မာဒယမှတင်းကျပ်စွာဖက်ထားရသည်။

"ရှေ့မှာ မြင်နေရတဲ့နေရာက ဘာတွေလဲမင်းဆက်"

ကားမီးရောင်နှင့်လှမ်းပြီးတွေ့နေရတဲ့နေရာမှာ နှင်းတွေကြောင့်သဲသဲကွဲကွဲမမြင်ရ။

"ကျွန်တော့်စိတ်ထင်သချိုင်းတစ်ခုဖြစ်နိုင်တယ်"

"ဟုတ်ပြီ..အင်္ဂလိပ်ခေတ်က စစ်သချိုင်းအဟောင်းကြီးတ



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာရေပ်လိုလို အဘောက်အဦကြီးတစ်ခုတော့ရှိတယ်"

"ငါတို့အတွက်တော့ တစ်ညတာ အဆင်ပြေမှုဖြစ်မယ်၊ ဒီ

အတိုင်းဆက်ပြီးသွားနေရင် ရေခဲရိုက်ပြီးသားဖြစ်မယ်"

"ခုတောင်လူတစ်ကိုယ်လုံးကို မိုးရေတွေ ရှူးနေရသလိုရွဲနစ်နေ

ပြီ..ဟီး..အီး.."

သမုဒယတုန်တုန်ယင်ယင်လေးနှင့်ပြောနေသည်။ ကိုယ်တော်လေး

က ခေါင်းပင် မဖော်တော့ပေ။

"အီး..အီး..."

"ဦး...လှိုင်...ဘွား...ဦးလှိုင်ဘွား"

ဦးလှိုင်ဘွားမှာ အအေးဒဏ်ကြောင့် မေးများခိုက်တုန်ပြီး စကား

ပင် ပြောမထွက်ဘဲဖြစ်နေသည်။ မင်းဆက် ကားကိုအမြန်ဆုံး မောင်း

ခဲ့ရတော့သည်။ ဇရပ်ပျက်ကြီးဆီကိုရောက်တော့ ဦးလှိုင်ဘွား

ပွေ့မတင်ပြီး မုန်ယိုက သစ်ရှိုင်းရုတွေကြားဟဲမှ ထင်းခြောက်တွေ

လိုက်ကောက်ပြီးမီးမိုလုပ်တော့သည်။

"ဦးလှိုင်ဘွား.."

"မောင်...မင်း...ဆက်...နဲ့ ကိုပဒီ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလှိုင်ဘွား...ဘာပြောမလို့လဲ"

"ကိုယ်တော်လေးကို လွတ်အောင်ကယ်ပေးကြပါ"

"ဟာ..ဦးလှိုင်ဘွား.."

"ဦးလှိုင်.."

ဦးလှိုင်ဘွားတစ်ယောက် မင်းဆက်လက်ပေါ်တွင် ခေါင်းကျိုးကျသွားလေတော့သည်။

"ဟီး...အီး..အီး... ကျွန်တော့်ကို ထားခဲ့ပြီလား ဗျ"

ကိုယ်တော်လေးကို သမုဒယ ရှောပြီး ရင်ခွင်ထဲသို့ သွင်းထားလိုက်တော့သည်။

"သူ့အသက်အရွယ်နဲ့ ကျန်းမာရေးက ကျဆင်းလာတော့ ခုလိုဒဏ်ကြမ်းတွေနဲ့ ရာသီဥတု ဆိုးဝါးမှုဒဏ်ကို စနွာကိုယ်ကြီးက အရှုံးပေးလိုက်တာပဲ..မုန်ယိုရေ.. သူ့ကို ကောင်းကောင်းမွန်မွန် မြေမြှုပ်ဖို့လုပ်ကြရအောင်"

"ဟုတ်ကဲ့..ဆရာပဒီ.."

ဦးလှိုင်ဘွားရုပ်ကလပ်ကြီးကိုမုန်ယိုမ,ယူလာပြီး သန့်ပြန့်သောနေရာတစ်ခုတွင် မြှုပ်နှံဖို့အတွက် လုပ်ရတော့သည်။ ဝိလီဂျစ် နောက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းတွင် ပါလာသော ဝေါ်ပြား၊ ပုဆိန်တွေက ဦးလိုင်ဘွား အတွက် အဆင်ပြေသွားခဲ့သည်။

နှင်းတွေကျဆင်းနေသည့်ရာသီဥတုအောက်တွင် ဦးလိုင်ဘွား ကိုကောင်းမွန်စွာ မြေမြှုပ်နိုင်ခဲ့တော့သည်။

"ခင်ဗျားဖြစ်စေချင်တဲ့ဆန္ဒတွေကို ပြည့်သွားအောင် ဆောင် ရွက်ပေးပါ့မယ်လို့ ကတိပေးပါတယ် ဦးလိုင်ဘွား၊ ခင်ဗျား စိတ်ဖြောင့် ဖြောင့်နဲ့ သွားပါ"

သစ္စာတရားကြီးစွာနဲ့ တာဝန်ကျေခဲ့သော ဦးလိုင်ဘွားပေါ်မှာ မင်းဆက်တို့ စိတ်မကောင်းဖြစ်ဖွယ်ရာများစွာကို ခံစားလိုက်ရသည်။ ဖရော် ပေါ်တွင် ကိုယ်တော်လေးမှာ ငိုရှိုက်ရင်း မောပန်းသွားသဖြင့် သမုဒယ ရင်ခွင်ထက်မှာ အိပ်ပျော်နေလေပြီ။

"သမုဒယ အောက်ကိုချပြီး သိပ်လိုက်ပါလား"

"အိပ်ပါစေ ဆက်ရယ်၊ သူ့ အိပ်မောကျတော့မှပဲ အောက်မှာ ချပြီး သိပ်တော့မယ်"

မင်းဆက်… ကိုယ်တော်လေးအိပ်ဖို့အတွက် ခင်းကျင်းပေးပြီး သမုဒယလက်ပေါ်မှ ကိုယ်တော်လေးကို ပွေ့ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ် အပြစ်ကင်းစင်တဲ့ကလေးတစ်ယောက်ပါ"

"တောက်...ဒီကလေး ဒုက္ခတွေခံစားနေရတာကိုမြင် သ
ဘိုဦးလှိုင်ဘွားခေသဆုံးရတာတွေးမိရင်ဟိုလင်မယားနှစ်ယောက်ကို
အမုန်းတောင်ရေးလိုက်ချင်တယ်"

မုန်ယိုတစ်ယောက်ဒေါသတွေပေါက်ကွဲနေလေသည်။

"ခင်းတို့နဲ့ငါတို့တစ်ကြွေ့ကြွေ့တော့ ဆုံကြရမယ်လို့ထင်တယ်"

"ခုတောင်တွေ့လိုက်ချင်တယ်"

"မုန်ယိုရယ်...မင်းခံစားရသလို ငါတို့လည်း ခံစားရပါတယ်၊
သူတို့ရမ်းကားလို့ရတဲ့နယ်မြေကို ငါတို့က ရောက်နေတာဆိုတော့
ဒေါသ နဲ့ဆန္ဒတွေကိုရှေ့တန်းတင်လို့မရဘူးကွာ၊ငါတို့အတွက် အရေး
ကြီးတာက ကိုယ်တော်လေးကိုဥပဒေရိပ်လွှမ်းမြိုးတဲ့နေရာကိုရောက်
အောင် ပို့နိုင်ဖို့ပဲ"

"ဟုတ်တယ်မုန်ယို၊ ခရီးက သိပ်ပြီးမကျန်တော့ပါဘူးကွာ၊ စိတ်
ကိုလျှော့ထားလိုက်ပါ"

"အေးပါကွာ၊ငါ့စိတ်ထဲမှာ ခံပြင်းလွန်းလို့ပြောမိတာပါ၊ငါ တစ်
သက်လုံးအတွက် ထင်းခြောက်တွေ ရှာဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ယိုရှာမနေနဲ့ဟိုမှာတွေ့လား"

မျက်စိနှင့်ညွှန်ပြနေသော သစ်သားတိုင်အမွေးအမောင်

တွေကိုပဒီလက်ညှိုးထိုးပြီးပြလိုက်လေသည်။

"ငါတို့တစ်ညတာအတွက်လုံလောက်ပါတယ်"

"သမုဒယ"

"ရှင်.."

"ကိုယ်တော်လေးဘေးမှာ မေးလိုက်ဦးလေ"

"ဟုတ်ကဲ့"

သမုဒယ..ကိုယ်တော်လေးကိုဖက်ပြီးအိပ်တော့သည်။



# အခန်း(၉)

ဝိလီဂျစ်ကားပေါ်တွင် လူတစ်ယောက်လျှော့သွားခဲ့ခြင်းကြောင့်

လုံးရင်ထဲမှာ စိတ်မကောင်းခဲ့ကြပေ။ ဒါပေမယ့် သူတို့ဖြတ်ကျော်

ညှိခရီးကိုတော့ အားမာန်အပြည့်နဲ့ဆက်လို့နေဆဲ။

တောင်တွေဝိုင်းရံထားပေမယ့် မောင်းနှင်လာရသောလမ်းမှာ

ပြန့်လမ်းကြီးတစ်ခုဖြစ်သလို အရိပ်မဲ့သော ကန္တာရတစ်ခုလိုပင်

နေခဲ့ကြရသည်။

"တူး..ခုနတောင် ဖြိုးထွက်ကာစရှိသေးတယ်၊ ဒီလောက်ပု



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

ဝီလီဂျစ်ကားပေါ်တွင် လူတစ်ယောက် လျှော့သွားခဲ့ခြင်း ကြောင့် လုံးရင်ထဲမှာ စိတ်မကောင်းခဲ့ကြပေ။ ဒါပေမယ့် သူတို့ဖြတ်ကျော် ည့်ခရီးကိုတော့ အားမာန်အပြည့်နဲ့ဆက်လို့နေဆဲ။

တောင်တွေဝိုင်းရံထားပေမယ့် မောင်းနှင်လာရသော လမ်းမှာ န့်လမ်းကြီးတစ်ခုဖြစ်သလို အရိပ်မဲ့သော ကန္တာရတစ်ခုလိုပင် နေခဲ့ကြရသည်။

"ဟူး...ဒနတောင် ပြီးထွက်ကာစရှိသေးတယ်၊ ဒီလေထဲမှ



www.burmeseclassic.com

www.burmeseclassic.com



နေရင်တော့မလွယ်လှဘူး"

"ဗိုပြီးဆိုးတာက နေရိပ်ခိုစရာအပင်တစ်ပင်တောင် ခုထိ မတွေ့သေးဘူး၊ ငါတို့ကားက အမိုးဖြုတ်ထားတော့ နေပူဒဏ် အလူးအလဲ ခံရရှိုပဲရှိတယ်"

သမုဒယနှင့် ကိုယ်တော်လေးတို့အပေါ်မှ အကျီတွေနှင့် ပြီးမောင်းခဲ့ပေမယ့် နေပူရှိန်က တစ်စတစ်စနှင့်ပြင်းရှလာနေလေ

"မမ..ရေဆာတယ်"

"ကားပေါ်တွင် သယ်လာသော ရေကိုမှုတစ္စာသောက်ပြီး တော်လေးကို အမိက ဦးစားပေး တိုက်ခဲ့ကြရသည်၊

"ဆက်ရေ...သောက်ရေက ကုန်သလောက်ဖြစ်နေပြီ"

အချိန်က နေ့ဝက်ပင် မရောက်သေးပေမယ့် ပူပြင်းလှ နေကြောင့် ရေမှာ ကုန်လုလုဖြစ်နေခဲ့လေပြီ၊

"ဆရာပဒီ...ဒီနယ်မြေကို ဘယ်လောက်ထိ ဖြတ်ကျော် လဲ"

"မင်းဆက်ရေ..ငါတို့သွားမယ့်ရွာကို ညနေလော ကြမှာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဒါဆိုရင်လက်ကျန်ရေနဲ့ ခရီးဆက်ဖို့အခက်တော့တွေ့ရမ့်မယ်၊ ကျွန်တော်တို့က ကိစ္စမရှိဘူး။ ကိုယ်တော်လေးအတွက် အရေးကြီးတယ်"

မင်းဆက်တို့ ကန္တာရကြီးတစ်ခုကို ဖြတ်ကျော်နေရသလားပင် ခံမှတ်ရတော့သည်။

"မင်းဆက်ရေ... ငါတို့ဆက်ပြီးသွားနေရင် ကိုယ်တော်လေး အတွက် အခြေအနေ မကောင်းဘူး။ ရေတောင် နေပူအက်ကြောင့် ခံနိုင်ရည်သိပ်ပြီးမရှိတော့ဘူး"

မင်းဆက်... နားခိုဖို့နေရာကိုရှာပေမယ့် လွင်တီးခေါင်ကြီးဖြစ်နေတာမို့ နားခိုစရာ မတွေ့ရပေ၊ ကားရပ်ပြီး မြေပြင်ကို ဖိနပ်နှင့်ခြေချလျှင်တောင် မီးခဲပြင်ကြီးကို နင်းနေရသလို ခံစားရသည်၊ ကားအောက်ဝင်ပြီးနေလို့လည်း မရနိုင်သောအခြေအနေ၊

"ဟင်...ဟိုမှာ မြွေကောင်"

ဇီ...မြွေကောင်လေးတစ်ကောင်ပြေးလွှားသွားသည်ကိုတွေ့လိုက်ရခြင်း

"မင်းဆက်ဒီကောင်ပြေးတဲ့နောက်ကို ကားနဲ့လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

"ဒီကောင်တွေရှိတယ်ဆိုရင်အရိပ်ကောင်းကောင်းနဲ့ရေရှိ
နေရာကိုသိနိုင်တယ်"

ပဒီပြောသည့်အတိုင်း ရှေ့မှပြေးသွားနေသော ဖြူကောင်
နောက်ကိုကားဖြင့်လိုက်ခဲ့ကြရင်းမြေပြန့်ကုန်းဆင်းကြီးတစ်ခုဆီ
ရောက်ခဲ့ပြီး

"ဟာ..."

ရှေ့တွင် အုံ့ဆိုင်းဖွယ်ကောင်းသောတောအုပ်ကလေးတစ်ခု
တွေ့လိုက်ရသည်။

"ငါတို့အိပ်မက်များမက်နေသလားပဲ ဆက်"

"ဟုတ်ပါ့ကွာ၊ မယုံနိုင်စရာဘဲ၊ ဒီလောက်လွင်ပြင်ကြီးထဲ
စိမ်းလန်းပြီးစိုပြည်နေတဲ့တောအုပ်ကလေးတစ်ခုရှိရတယ်လို့..."

မင်းဆက်တို့အားလုံးငရဲစခန်းဆီမှ လွတ်မြောက်လာသူများ
ပမာ ပျော်ရွှင်သွားကြတော့သည်။

တောအုပ်ကလေးကိုအဝေးကလှမ်းပြီးကြည့်ရုံနှင့်ပင်ရင်ထဲ
လန်းဆန်းသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ဆိုပေမယ့် သိပ်အကျယ်ကြီးတော့မဟုတ်ပေ။ ကျွန်းအသေးကလေးတစ်ကျွန်းသာသာလောက်ပဲရှိသည်။ ပေါက်ရောက်နေသောအပင်တွေမှာ သစ်ပင်ကြီးတွေမဟုတ်ဘဲ အပင်ငယ်တို့ဖြင့် စိမ်းလန်းနေသော နေရာလေးတစ်ခု။

မင်းဆက်ကားကို လွတ်ရုံသာ အပင်ကလေးအောက်တွင် ရပ်လိုက်ပြီး မြက်ခင်းနုနုလေးတွေ ပေါက်ရောက်နေသောမြေပြင်ပေါ်တွင် အားလုံးလှဲချလိုက်ပြီးလေပူလေးတွေကို သစ်ရွက်ကလေးမှ အသွင် ပြောင်းပြီး လေအေးကလေးအဖြစ် တိုက်ခတ်နေသည်ကို အအေးခံနေမိကြသည်။ အမောပြေလောက်တော့မှ

"ဒီအတိုင်းနေလို့မရသေးဘူး။ ရေနဲ့ စားစရာတွေ ရှာကြရအောင်၊ တောအုပ်ပုံစံကိုကြည့်ရတာ သစ်သီးသစ်ဥတွေ ရှိနိုင်တယ်"

"ဒါဆို ရှာကြတာပေါ့"

"မုန်ယို မင်းကို တစ်ခု သတိပေးမယ်"

"ဘာများလဲ ဆရာပဒီ"

" ဒီတောအုပ်ထဲမှာ သားကောင်လေးတွေက နိုခအောင်းနေကြမှာသေချာတယ်၊ ငါတို့မပစ်ခတ်ဘဲ သဘာဝအစားအသောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဲ တကြေတာပေါ့"

"စိတ်ချ"

မင်းဆက်…သမုဒ္ဒယနှင့်ကိုယ်တော်လေးတို့နေခဲ့ကြပြီးဦးဖေီနှင့်မှန်ယိုတို့ တောအုပ်လေးထဲသို့ဆက်ပြီးဝင်သွားခဲ့ကြသည်၊

"မောင်လေးစိုင်း…ဘယ်လိုနေသေးလဲ"

"ခုမှနေသာသွားတာမမ၊ ဒယ်အိုးကြီးထဲကိုထည့်ပြီး ကြော်နေသလားမှတ်ရတယ်ဗျာ"

ကိုယ်တော်လေးကို လက်ကျန်ရေလေးနဲ့အဝတ်စလေးတို့စွတ်ပြီး မျက်နှာလေးကို အုပ်ပေးနေရသည်၊

"ဦးဦးမင်းဆက်နဲ့မမ သမုဒ္ဒယ"

"ဘာလဲ မောင်စိုင်း"

"ကျွန်တော် တစ်ခုလောက် မမနှင့်ဦးဦးကို တောင်းဆိုချင်တယ်"

"စကားတွေခံလို့မောင်လေးရယ်…မင်းဖြစ်ချင်တာကိုပြော"

"ကျွန်တော့်ကို ဘယ်လက်ထဲမှ မထားခဲ့ပါနဲ့နော်၊ မော[illegible] မမနဲ့ ဦးဦးတို့ဆီမှာပဲ နေပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်စိုင်းရယ်...စိတ်ချပါကွာ၊ ဦးဦးတို့မင်းဒေါ်းကနေ ဘယ်တော့မှ မသွားပါဘူး"

"တစ်သက်လုံးနေရမှာပေါ့"

"မမတို့ အသက်ရှင်နေသရွေ့နေပေးပါ့မယ်"

"ကတိတည်နော်"

"တည်ပြီးသားပါကွယ်"

"ဒါဆိုရင် လက်ကလေးတွေပေးကြ"

မင်းဆက်နှင့်သမုဒ္ဒယတို့၏လက်ကလေးတွေကိုကိုယ်တော်လေး ဆုပ်ကိုင်ပြီး ကျေနပ်စွာ ပြုံးနေလေတော့သည်။ ပဒိနှင့်မုန်ယိုတို့က ငှက်ပျောနိုင်ကြီးနှင့်ရေဘူးတွေကို သယ်ဆောင်ပြီးပြန်လာခဲ့ကြ၏။

"စားကြပေါ့၊ တကယ့်ကို စားကောင်းမယ့် ငှက်ပျောသီးကွ၊ အရေခွံတယ်၊ အဆင်ပြေချင်တော့ ရကြည်အိုင်ကလေးပါ တွေ့တာ နဲ့ရေတွေပါဖြည့်ခဲ့တယ်"

ငှက်ပျောနိုင်မှမွှေးပျံ့နေသော ရနံ့လေးကြောင့်ဟန်ပင်မဆောင် ကြတော့ဘဲ စားကြတော့သည်။

"ဆရာပဒိ တောင်းကင်ကိုကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ငှက်တစ်ကောင်တောင် ပျံသန်းတာကိုမတွေ့ရဘူး"

"အင်း...ဒီနေ့ပူရှိန်ဟာ ဘယ်လောက်ထိ ပြင်းသလဲဆို တာကို ပြနေတာပဲ"

"ကျွန်တော်တို့ခရီးဆက်ဖို့မလွယ်ဘူးထင်တယ်"

"ငါတို့က ဒီလမ်းကြောင်းက တစ်ခါမှ မလာဘူးတော့ အနေ အထားကို မသိဘူး၊ ခန့်မှန်းရသလောက်ကတော့ ဆက်ပြီးမသွားဘဲ နေအေးချိန်လောက်မှ သွားကြရင် မကောင်းဘူးလား"

"ကျွန်တော်လည်း ဒီလိုပဲတွေးမိတယ်"

"ဒါဆိုရင် ဒီတောအုပ်ကလေးမှာ ကောင်းကောင်းအနားယူ ကြတာပေါ့"

"အဆင်ပြေဆုံးပဲပေါ့၊ ငါတော့ငှက်ပျောသီးတွေကိုဗိုက်တင အောင်စားပြီးအိပ်ချင်နေတာ၊ ခရီးစပြီးထွက်လာကတည်းက ရင် တစ်ခါမှ အေးချမ်းပြီးသာယာတဲ့အောက်မှ အနားမယူရသေးဘူး ဝတော့ တဝကြီးအနားယူတော့မယ်ပေါ့"

မုန်ယိုက ပြောလည်းပြော၊ မြက်ခင်းပေါ်တွင် ထိုင်ချပြီးအိပ်ဖော



www.burmeseclassic.com

www.burmeseclassic.com



သည်၊ မင်းဆက်တို့ကတော့ သစ်ပင်ခြေရင်းမှာ မှီပြီး စကားပြော နေကြသည်။ ကိုယ်တော်လေးလည်း သမုဒယ ပေါင်ပေါ်တွင် ခေါင်း လေးပြုပြီး အိပ်နေသည်။

"ဆရာပဒီ...ရုဖြတ်ကျော်ရမယ့်ရွာအခြေအနေကို ရှင်းပြပါဦး"

"ငါက တစ်ခေါက်လောက်ပဲ ရောက်ဖူးတာ၊ နယ်မြေတော့ သိပ်ပြီးမကျွမ်းကျင်ဘူး။ ဒီရွာလေးက ရှေးသိပ်ဆန်ပြီး ရိုးရာအယူအစွဲ တွေ ကြီးတယ်ကွ၊ ကမ္ဘာကြီးတိုးတက်နေတာဟာ သူတို့နဲ့သိပ်ပြီး ဆက်သက်သလိုနေထိုင်တဲ့ရွာ၊ တစ်ခုက ဘာသာရေးဘက်မှာ လည်း ဆတယ်၊ ငါသွားခဲ့တဲ့အချိန်တုန်းက ယဇ်ပူဇော်ပွဲတွေကို ကျွဲ၊ နွား နဲ့ ကြက်လေးချောင်းသတ္တဝါတွေကို သတ်ဖြတ်ပြီး ယဇ်ပူဇော်ပွဲလုပ်တာကို တွေ့ခဲ့ရတယ်၊ အခုလည်း ရှိသေးတယ်၊ သူတို့ဆီမှာ အပြစ်ဒဏ်စီရင်ရင် အခင်းတင်ပြီး ဓား၊ လှံ၊ မြားတွေနဲ့ ထိုက်သင့်တဲ့ပြစ်မှုပေါ်မူတည်ပြီးမှ ဓားနဲ့သတ်သင့်သူကိုဓားနဲ့သတ်တယ်၊ လှံနဲ့သတ်ရမဲ့သူကို လှံနဲ့သတ် တယ်၊ မြားအပြစ်ဒဏ်က အနိမ့်ဆုံးသတ်ဖြတ်မှုတစ်ခုလို့ ပြောတာပဲ"

"တကယ့်ကို ကမ္ဘာကြီးနဲ့ ခြားနားကြတဲ့ မျိုးစုတစ်ခုလို့ ပြောရ မှာပဲ ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သေရှာတာပေါ့ မင်းဆက်ရယ်၊ ဒါပေမယ့်ကွာ၊ သူတို့ကို သေနတ်ကိုင်ထားကြတဲ့သူတွေက အနိုင်ကျင့်တာကိုတော့ မကြာ ခဏခံကြရတယ်"

"သူတို့ဘဝလေးနဲ့သူတို့နေကြတာတောင် နေခွင့်မပေးကြတဲ့ သူတွေက ရှိသေးတာပဲနော်"

"ဒီထဲမှာ ဦးရီးတော်သျှန်းတို့ သူပုန်ခေါင်းဆောင်ဖြစ်ချိန်က ပိုပြီးဆိုးတာပေါ့ကွာ၊ တောင်တန်းဒေသတစ်ခုလုံးဒင်းရက်စက်မှုတွေ လွတ်တဲ့နေရာဆိုတာ ခပ်ရှားရှားပဲလေ"

"ဒီလိုလူကိုဘာကြောင့်ဘုရားသခင်က အသက်ကို အရှည် ကြီးပေးထားရသလဲမသိပါဘူး"

"သူ့ကို တူညီတဲ့အပြစ်ဒဏ်တွေခံပြီးမှ သူ့ဘဝဇာတ်သိမ်းကို ဘုရားသခင်ကနေ အသက်ရှင်ခွင့်ပေးထားတာပါ"

"ဒီရွာကို သျှန်းဆိုတဲ့လူ ပိတ်ဆို့နိုင်တယ်"

"သူ့ရဲ့ပိတ်ဆို့မှုတွေက တစ်ရပြီးတစ်ရ မအောင်မြင်တော့ပါဘူး ဒီနယ်မြေက မထွက်မချင်း ပိတ်ဆို့နေမှာကတော့ လုံးလုံးသေချာ တယ် မင်းဆက်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ရောက်ရှိန်က မိုးချုပ်မှာဆိုတော့ ရွာထဲကို ဝင်ဖို့တော့ သတိကို အပြည့်ထားရမယ်၊ သူတို့က ကြိုပြီးရောက် နေတော့ပြင်ဆင်မှုတွေကိုပြုလုပ်ထားကြမှာသေချာတယ်"

"ရွာနားကိုရောက်ရင် ထပ်ပြီးစဉ်းစားကြတာပေါ့ကွာ"

အဝေးကိုယ်စီနှင့်အနားယူလိုက်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ညနေခင်းတောင်တန်းကြီးတွေရဲ့နောက်ကွယ်တွင် နေ

ကြီးက တစ်နေ့တာကို နှုတ်ဆက်နေလေပြီ၊ မင်းဆက်တို့အား

တစ်ဖနေ့ လုံးအနားယူထားသောကြောင့် လန်းဆန်းပြီးအားသစ်

ပြည့်ဝနေ သလိုပင်..

ဝီလီဂျစ်လေးကို စက်နှိုးပြီးလွင်ပြင်ခရီးကြီးကို စတင်ပြီး

လာခဲ့ကြတော့၏။

"ခုကျတော့လည်း ရာသီဥတုလေးက သာသာယာ



www.burmeseclassic.com

www.burmeseclassic.com

ဖိလာကြ"

"ငရဲတစ်လှည့် နတ်ပြည်တစ်လှည့်ဆိုတာ ဒါကိုပြောတာနဲ့တူ တယ်"

ညနေ၏ လေပြေကလေးတွေကို ရှူရှိုက်ရင်းလာခဲ့ကြတော့ သည်။

"နောက်ထပ် (၃)နာရီလောက်မောင်းရင်တော့ ရွာထဲကို ရောက်ပါပြီ၊ မင်းဆက်ရေ..သတိထားပြီးတော့မောင်း၊ တချို့နေရာ တွေမှာ သဲနွံတွေရှိတတ်တယ်"

"ဟုတ်တယ် ဆရာပဒီ၊ ဒါကို ဂရုထားပြီးမောင်းနေရတာ"

မင်းဆက် သဲလွင်ပြင်ခရီးတွေကို သွားဘူးသူတစ်ဦးဖြစ်တာမို့ အခြေအနေအထားကိုကြည့်ပြီးမောင်းလာခဲ့ရသည်။

"ဝေါ..."

"ဟာ...ဘယ်လိုလေတွေလဲမသိဘူး၊ အေးစိမ့်သွားတာပဲ"

မှန်ယိုအရှေ့ဘက်ဆီမှ တိုက်ခတ်လာသောလေကြမ်းလေးကို ပြောလိုက်ခြင်းဖြစ်သည်။

"ဆရာပဒီ..ကျွန်တော်တို့တော့ညခင်းလေကြမ်းကို သတိထား



www.burmeseclassic.com

www.burmeseclassic.com



ရမယ့်ပုံစံပဲ"

"ဒီလမ်းကြောင်းမှာ လေကြမ်းကရှိခဲ့ပါတယ်၊ ဒါပေမယ့် သဘာ
တရားကဖြစ်ပေါ်တာကိုတော့ပြောလို့မရဘူး"

မင်းဆက်ကားကိုစက်ရှိန်မြှင့်ပြီးမောင်းပေမယ့်မြေပြင်အ
အနေကို သတိထားပြီးမောင်းနေရခြင်းကြောင့် ထင်တိုင်းမပေါ
လေကြမ်းလေးက တဖြည်းဖြည်းကြမ်းလာသည်ကိုသတိပြုမိလို
ကြသည်။ ခရီးမှာ တစ်ဝက်ကျိုးလောက်တော့ရောက်နေလေပြီ။

"ဟာ..."

ကားမီးရောင်မှာရှေ့ကိုသဲသဲကွဲကွဲပင်မတွေ့ရတော့အော
လေအေးတွေကနှင်းတွေနဲ့အတူကျနေလေသည်။

"ရှေ့မှာဘာကြီးလဲကွ"

"သဲသဲကွဲကွဲ မမြင်ရတော့ ဘာမှန်းမသိဘူး၊ လှည်းလို
သဏ္ဍာန်ပဲကွ"

မင်းဆက်တို့ကားနှင့်သိပ်ပြီးမဝေးသောနေရာတွင်တွေ့လို
ရသောအရာကြီးတစ်ခုပင်ဖြစ်သည်။

"လူ...လူတစ်ယောက်ထွက်ပြီးကားကိုတားနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဟုတ်တယ်"

မင်းဆက်ကားစက်ကိုသတ်ပြီးရပ်ပေးလိုက်သည်။

"ကျွန်တော့်ကို ကူညီပါဗျာ"

မြန်မာစကားသံဝဲဝဲနှင့်လူတစ်ယောက်အကူအညီတောင်းနေ

သဖြင့်

"ဘာ ကူညီရမှာလဲ"

"ဟို...ကျွန်တော့်နွားလှည်း သဲနွံနစ်နေလို့ပါ၊ နွားလှည်းကို

ဆောင့်ဆွဲလို့မရရှင်နေပါစေဗျာ၊ ကျွန်တော်တို့ မိသားစုလိုက်ပါရစေ"

"နွားလှည်းကတော့ စလေတိုက်နေပုံနဲ့ဆိုရင် မလွယ်လှဘူး။

ခင်ဗျားမိသားစုကို သွားပြီးခေါ်လိုက်ပါ"

"ဟုတ်...ဟုတ်ကဲ့"

ထိုလူ သူ့နွားလှည်းဆီကို တစ်ခေါက်ပြန်သွားပြီး အမျိုးသမီး

တစ်ယောက်နှင့်ကလေးတစ်ဦးကိုခေါ်ပြီးလာခဲ့သည်။

ဗီလီဂျစ်ကားလေးပေါ်တွင် ပူးပူးကပ်ကပ်ထိုင်ကြပြီးမောင်း

ထွက်ခဲ့တော့သည်။

"ဝေါ...ဝေါ...ဝေါ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..လေကကြမ်းသထက်ကြမ်းလာပြီ"

မင်းဆက်တို့ကားမှာ ရှေ့ကိုဆက်ပြီး တိုးလို့မရအောင်ပင်ဖြ
နေတော့သည်၊

"လေနီကြမ်းကျတော့မယ့်အရိပ်အယောင်ပဲဗျ"

"ဟင်..ဟုတ်တယ်ဆရာ ဒါလေနီကြမ်းကျတော့မှာ"

"ဟင်..."

"ခင်ဗျားကဒီနယ်ခံသားဆိုတော့ ဘယ်လိုလုပ်ရင် ကော
မလဲ"

"ရှေ့နားမှာ မြေနီတိုက်လေးတစ်လုံးတော့ရှိတယ်၊ ခရီးသွ
ကြတဲ့သူတွေ ညအိပ်နားလို့ရအောင် လုပ်ထားတာ၊ အဲဒီကိုရော
အားလုံးအတွက် အန္တရာယ်ကင်းမှာဗျ"

"သိပ်ဝေးလား"

"ဝေးတာကတော့ သိပ်မဝေးဘူး၊ ကားမောင်းလို့ရပါ့မလာ
ရအောင်မောင်းမှာပေါ့ဗျာ"

မင်းဆက် လေနီကြမ်းမဲကျခင် ကြိုတင်ပြီးတိုက်ခိုက်နေ
လေကြမ်းကြားထဲမှ ကားကို ရအောင်မောင်းနေရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



င်းလောက် သွားရမည့်နေရာလေးကို နာရီဝက်နီးပါး မောင်းတော့မှ ညီးမည်းသဏ္ဍာန်မြေနီတိုက်ပုလေးကိုတွေ့လိုက်ရသည်။

"ဝူး...ဝီး...ဝူး..."

မြေနီတိုက်ပုလေးနားသို့ရောက်အောင်မောင်းခဲ့ပြီး ပါလာသော တာတမ်းတွေနှင့်ထိုးကာ မြေနီတိုက်ပုလေးထဲသို့ ဝင်လိုက်ကြတော့သည်။

"ဝေါ...ဖြောင်း...ဝေါ..."

"ဟင်..."

"တံခါးတွေ အမြန်လိုက်ပြီး ပိတ်ကြဟေ့"

"ဂျိုင်း...ဂျိုင်း..."

ပွင့်နေသောတံခါးတွေကိုလိုက်ပိတ်ပြီးသည်နှင့်ကြောက်စရာကောင်းသောအသံနက်ကြီးဖြင့်လေနီကြမ်းကြီးအပြင်မှာကျနေလေတော့သည်။

"ဟူး...ကာတ်သီလေးပဲဟေ့"

"ဆရာတို့ကို အရမ်းကျေးဇူးတင်ပါတယ်၊ ဆရာတို့နဲ့ သာတွေ့ရင် ကျွန်တော်တို့မိသားစုတွေအသက်ရှင်လမ်းတော့ မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး"

"ခင်ဗျားကို ကူညီခွင့်ရဖို့တိုက်ဆိုင်သွားတာပါ"

မြေနီတိုက် ကလေးထဲမှာ ခွေးတွေးမှုလေးရှိနေခြင်းကြောင်
နေထိုင်ရတာ အဆင်ပြေကြသည်။

"ခင်ဗျားက အင်လူးရွာကလား"

"ဟုတ်ပါတယ်၊ ခုကျိရောင်လို့ခေါ်ပါတယ်၊ ဒါနဲ့ ဆရာတို့
ဘယ်ကိုသွားကြမှာလဲ"

"ငါတို့သွားမယ့်ခရီးက ကျန်ပါသေးတယ်၊ မင်းတို့ရွာကိုတော
ဖြတ်ကျော်ပြီးသွားကြရမှာ"

"ရွာမှာ တစ်ရက်လောက်တည်းခိုသွားပါလား"

"အချိန်မရတော့ဘူးကွာ၊ ပြော်... ခုကျိရောင်... မင်းတို့ရွာမှာ
တွေကိုတွေ့ခဲ့သလဲ၊ သောင်းကျန်းသူတွေရော ရှိနေလား"

"သောင်းကျန်းသူတော့ မရှိဘူး၊ ကျွန်တော် ထွက်မလာ
တစ်ရက်ကတော့ လူတစ်စုတော့ရောက်လာတယ်၊ ကျူပ်အဘ
တာတော့ အရင်က ရှမ်းသူပုန်စိုလ် ဆိုလားပဲ၊ သူနာမည်
မသိဘူး၊ ကျွန်တော်တို့ ရွာခေါင်းဆောင် အိမ်မှာ တည်းနေကြ

www.burmeseclassic.com



ာက် ဘာတွေဆက်ပြီး လုပ်ကြသလဲဆိုတာတော့ မသိဘူး၊ ကျုပ်
ိုသားစုက မုန်ညင်းတွေသွားပြီးရောင်းတာနဲ့ ထွက်လာခဲ့တာ"

မင်းဆက်တို့အတွေးထဲတွင် ဦးရီးတော်သျှန်းတို့အဖွဲ့တွေ
ောက်ရှိနေပြီဆိုတာ သေချာသွားတော့သည်။

"အုကိုရောင်..မင်းတို့ရွာကိုကျော်ပြီးသွားလို့ရတဲ့လမ်းရှိလား"

"ရှိတယ်ဆရာတို့၊ အနောက်ဘက် သဲချောင်းအတိုင်း မောင်း
ရင်တော့ တစ်ဖက် ကျွန်းလုလမ်းဘက်ကိုရောက်ပြီ"

"မင်းလမ်းပြနိုင်မလား"

"ပြနိုင်ပါတယ်ဆရာ"

"ကျေးဇူးတင်ပါတယ်ကွာ"

"ဆရာတို့ရယ်.. ကျေးဇူးစကားတော့ မပြောပါနဲ့၊ ဆရာတို့
ကုသိုလ်ကပဲ ပိုပြီးကြီးမားပါတယ်"

အပြင်ဘက်တွင် လေနီကြမ်းတိုက်ခိုက်မှုကြီးက ကမ္ဘာပျက်
ဆဲပင်။

"ဒီမြေနီတိုက်လေးကိုဆောက်ထားတာ စိတ်ကူးကောင်း
ဘူး၊ အရေးပေါ်သွားလာကြတဲ့ခရီးသွားတွေအတွက် နေဖို့



www.burmeseclassic.com

www.burmeseclassic.com



သဘာဝအန္တရာယ်ကြီးရှင်နိုလှုံလို့ရတာပေါ့"

မင်းဆက်တို့အားလုံး နေရာကိုယ်စီယူကြပြီး တစ်ညတာ

ဖြတ်ကျော်ရတော့မည်ဖြစ်သည်။

သျှန်းဆိုတဲ့မြေခွေးကြီးနှင့် ထိပ်တိုက်ပွဲတွေကို အဆုံးသ

တော့နီးကပ်လာနေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟိုရှေ့နားက တောင်ကြားလမ်းဘက်ကိုမောင်းလိုက်ပါ"

ဒုဂျိရောင် ပြသည့် လမ်းကလေးအတိုင်းမောင်းလာစဉ် လမ်းတွင် လူတစ်ယောက်ကို ထပ်ပြီးတွေ့လိုက်ရသည်။

"ဒါ…ကျွန်တော်တို့ရွာကလူပါ၊ ဘာဖြစ်လာလဲမသိဘူး"

ဒုဂျိရောင် သူတို့တိုင်းရင်းသားဘာသာစကားနှင့်မေးမြန်းနေ၏။ ထိုလူပုံမှာ တစ်ခုခုဖြစ်လာသလို ထင်ရသည်။

"သူဘာပြောနေတာလဲ ဒုဂျိရောင်"

"ရွာမှာတော့ အန္တရာယ်ကြုံနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"တင်...ဘာအန္တရာယ်လဲ"

"ကျွန်တော်တို့ ရွာလူကြီးကို ဘျှန်းဆိုတဲ့လူဆိုးဗိုလ်က ဖမ်းထားပြီး သူခိုင်းသလို လုပ်ခိုင်းထားတယ်"

"လူဆိုးဗိုလ်က ဘယ်လိုလုပ်ခိုင်းထားလို့လဲ"

ဒုဂ်ရောဝ်မှ သူတို့ရွာသားကို တစ်ခေါက်ပြန်ပြီးမေးပြီးမှ

"ရွာကိုလူ(၅)ယောက်လာလိမ့်မယ်၊ သူတို့လာရင် ရွာမှာ ဘယ်သူမှ မလာတဲ့ပုံစံမျိုးနေပေးပြီး ကောင်းကောင်းမွန်မွန်ဧည့်ခံထားရမယ်တဲ့၊ ပြီးရင် သူတို့ကိုအိပ်ဆေးတွေနဲ့ အစားသောက်ကျွေးရမယ်တဲ့၊ ဒီလိုမှ မလုပ်ရင် တစ်ရွာလုံးကို သတ်မယ်လို့ပြောနေတာ၊ ရွာအပြင်မှာလည်း သူတို့လူတွေက ရွာသားတွေကို အလုပ်လုပ်ရင်ယောင်ဆောင်ခိုင်းပြီး သူတို့ပြောတဲ့လူတွေက မေးရင် ဘယ်သူမှ မလာဘူးဆိုတာကို ပြောခိုင်းထားတယ်"

"သူက ဘယ်လိုလုပ်ပြီးထွက်လာတာလဲ"

"သူက ရွာလူကြီးရဲ့သားလေ၊ သူ့အဖေကို ပြန်ပြီးကယ်ဖို့ ငြိမ်းချမ်းရေးတပ်ဖွဲ့တွေဆီ သွားပြီးအကူအညီတောင်းမလို့ ထွက်ပြေးလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ပဒီ…ကျွန်တော်တို့ဘာလုပ်မလဲ"

"ရှောင်သွားရင်တော့ရတယ်၊ ဒါပေမယ့် သျှန်းဆိုတဲ့ကောင်နဲ့ထိပ်တိုက်ပွဲတော့တွေ့လိုက်ချင်တယ်"

"ဒါဆိုလဲ တစ်ခုခုစီစဉ်ကြတာပေါ့ဗျာ"

"ဒူကျိရှောင်.. မင်းတို့ရွာထဲကို မသိအောင်ဝင်လို့ရတဲ့ လမ်းရှိသား"

"ရှိတယ်ဆရာ၊ ဘယ်သူမှကိုမတွေ့နိုင်တာ"

"ကိုယ်တော်လေးနဲ့ သမုဒယကိုရွာထဲစိတ်ချရတဲ့အိမ်မှာ ထားပြီး ခင်းတို့ကို ရှင်းမယ်"

"သိပ်ပြီးကောင်းတဲ့အစီအစဉ်ပဲဆရာပဒီ၊ ဒီလူကြီးတို့ရှင်း၊ ရှင်ဘာလက်ကိုယားနေတာပဲ"

"ကဲ.. ဒူကျိရှောင် သွားကြစို့"

ကားကို တစ်နေရာမှာ ထားခဲ့ပြီး ရွာထဲသို့ လျှို့ဝှက်လမ်းမှ ဝင်ခဲ့ကြတော့သည်။

ဒူကျိရှောင်ခေါ်လာသော လမ်းကလေးမှာ ရွာ၏အလယ်တည့်တည့်ဝင်ပေါက်လေးတစ်ခုပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့ဟိုအိမ်မှာဝင်ပြီးနေရင် စိတ်ချရတယ်"

မြို့ကြီးနောက်ဘက်မှခနေ ဝင်ခဲ့ကြပြီး အိမ်ကြီးထဲသို့ဝင်ခဲ့ကြသည်။

"ဒီအိမ်က လူမနေဘူးလား"

"မနေကြဘူး၊ အိမ်သားတွေက မြို့ကိုတက်ပြီးလုပ်ကိုင်စားသောက်နေကြတယ်"

အိမ်ထဲတွင် သမုဒယနှင့် ကိုယ်တော်လေးကို ထားခဲ့ပြီး ရွာထဲအခြေအနေကိုလေ့လာရန်အတွက် ဒုဂ္ဂိုရောင်ကိုသူတို့ရွာသားတွေရဲ့အဝတ်အစားတွေကို ယူနိုင်းလိုက်သည်။ ဒုဂ္ဂိုရောင် ထွက်သွားပြီးဘာမှ မကြာ ပြန်ရောက်လာကာ ရှမ်းခေမောက်အပိုင်းကြီး (၃)ခု နှင့်ရွာခေလ့အတိုင်း ဝတ်ဆင်သော အဝတ်အစားတွေကို ဝတ်ဆင်ပြီးရွာထဲသို့ထွက်ခဲ့ကြသည်။

"ဒုဂ္ဂိုရောင် မင်းစကားပြောတာဆိုတာကို သတိထားပြီး ပြောဆိုပေးနော်"

"စိတ်ချပါ ဆရာ၊ ဟိုရှေ့က ရွာလူကြီးအိမ်ပဲ"

"အင်း..."



www.burmeseclassic.com

www.burmeseclassic.com



မင်းဆက်တို့ ရွာလူကြီးအိမ်ရှေ့တွင်နေ ဖြတ်ပြီးအသွား

"ဟေ့...ခုရိုရောင်"

ရွာလူကြီးလှမ်းပြီးခေါ်သဖြင့် ခုရိုရောင်ဝင်သွားသည်။ မင်းဆက်တို့ အိမ်ကြီးထဲသို့ အကဲခတ်တော့ သူ့နှင့်သူတူသည့် (၅) ယောက်ကိုတွေ့လိုက်ရသည်။ သိပ်မကြာ ခုရိုရောင်ပြန်ပြီးထွက်လာခဲ့သည်။

"ဘာခေါ်ပြီးမေးတာလဲ"

"ကျွန်တော် အပြင်ကပြန်လာတော့ လမ်းမှာ ကားတစ်စီးနဲ့ လူ (၅)ယောက်ကို တွေ့ခဲ့သလားလို့မေးတာ၊ ကျွန်တော်က မတွေ့ခဲ့ဘူး လို့ပြောလိုက်တယ်"

"ဆရာပဒီ...ဘယ်လိုစပြီးတိုက်ခိုက်မလဲ"

"အရင်ဆုံးအပြင်မှာ ရောက်နေတဲ့ သူ့ကောင်တွေကို အရင် ရှင်းမယ်"

"ကောင်းပြီ"

ရွာအဝင်ဝနားသို့ရောက်တော့ သူနှင့်တူသည့် (၃)ယောက်မှာ မင်းဆက်တို့ ဝင်လာမည့်လမ်းကို ပုန်းလျှိုးပြီးစောင့်နေသည်ကိုတွေ့ လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွကိုရောင်..မင်းအနားကိုသွားပြီးစကားပြောကွာ၊ငါတို့အနီး
တစ်လှုပ်ရှားမယ်"

ရှာလှုကြီးသားက သူရှာသားတွေကို သွားရောက်ပြီး စကား
မင်းဆက်တို့တိုက်နိုက်သည်နှင့်သူတို့ပါဝင်ပြီးတိုက်နိုက်ကြမှာဖြစ်ကြ
သည်။ခွကိုရောင်ထိုသေနတ်သမား(၃)ယောက်နားသို့သွားပြီး စကား
ပြောသည်နှင့်မင်းဆက်တို့ ဟိုလိုလိုဒီလိုလိုနှင့်အနားသို့ကပ်သွားပြီး
နောက်

"သေနတ်တွေကအကောင်းစားတွေနော်"

"ဘာလဲပစ်ချင်လို့လား"

"ဟာ..မပစ်တတ်ပါဘူး၊ကိုင်ကြည့်ချင်တာ"

"တစ်ခါကိုင်ကြည့်ရင် ခေါင်ရည်အရက်ပေးရမယ်"

"ပေးမယ်..တကယ်ကိုင်ကြည့်ရမှာနော်"

"ကိုင်ကြည့်ပေါ့ကွာ..ရော့.."

မင်းဆက်၊ ပဒီနှင့် မုန်ယိုတို့ကို သေနတ်တွေကို ကိုယ်စီကိုင်
ကြည့်ပြီး သျှန်းတပည့်(၃)ယောက်ကိုတွေ့ပြီးရိုန်လိုက်သည်။

"မင်းတို့..ဒါဘာလုပ်တာလဲ၊သေချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမလဲကွ၊ မင်းတို့ကို သေမင်းပြည်ကိုပို့မလို့ကွ" မင်းတို့စောင့်နေတဲ့သူတွေ ငါတို့ပဲ"

"ဘာ.."

"စကားတွေ အရှည်ကြီးမပြောချင်ဘူးကွာ"

"ဖြောင်း..ခွပ်..ခုတ်... အီး..အင့်....အား"

သုံးယောက်လုံးကို သေနတ်ဒင်နှင့်မှေအောင်ရိုက်ချလိုက်ပြီး ခုရှိချောင်မှ သူ့လူတွေကိုခေါ်ကာ ဆွဲခေါ်ပြီး ကြိုးတွေနှင့်တုတ်နှောင်ထားလိုက်သည်။

"တစ်ပွဲကတော့ ရှင်းသွားပြီ၊ ကျန်တဲ့ကောင်တွေကို ရှင်းဖို့ပဲ ခုတော့တယ်၊ ခုရှိချောင်..ရွာလူကြီးသားဘက်ကရော အခြေအနေ လိုဆိုတာ မဆက်သွယ်သေးပါလား"

"ဟိုမှာ လာနေပြီဆရာ"

ရွာလူကြီးသားအိုက်နီးနှင့် ရွာသူရွာသား (၃)ဦးရောက်လာပြီး

"အိမ်ကြီးသေးဘက်တွေတော့ ဝိုင်းထားလိုက်ပြီ၊ ထွက်လို့ကို ရတော့ဘူး"

"မင်းတို့ဘက်က ထွက်လာတဲ့ကောင်တွေကိုသာ ဆီးပြီးခေ



www.burmeseclassic.com

www.burmeseclassic.com



တော့၊ ငါတို့ အနီးကပ်ရှင်းပြီးတိုက်ခိုက်မယ်"

"ဟုတ်ကဲ့"

"ရွာလူကြီးအိမ်ဘက်ကိုပြန်ပြီးသွားကြမယ်"

မင်းဆက်တို့ ရွာလူကြီးအိမ်ဆီသို့ ရောက်တော့ ဒူဂိုရောင်ကို သင်ပေးထားသည့်အတိုင်း ဝင်လာခဲ့ကြသည်။

"ဒူဂိုရောင် ဘာဖြစ်တာလဲ"

"သူကြီးရေ့..သူတို့ နွားပျောက်သွားလို့လာပြီးတိုင်ကြတာ"

"ဘယ်သူတွေလဲကွာ"

"စွန်ဂူးတို့ အိမ်ကိုအလည်လာတဲ့ဧည့်သည်တွေပါသူကြီး"

"နွားကိစ္စနောက်မှရှင်းမယ်၊ ခုဒီမှာကိစ္စတွေ အရေးကြီးနေ သွားကြဦး"

"ရွာလူကြီးကို သတင်းပို့စရာလည်းပါတယ်"

"ဘာသတင်းလဲ"

"သူတို့အခုရောက်နေလာကြတာ၊ လမ်းမှာ ကားတစ်စီးနဲ့လူ ယောက်ကိုတွေ့ခဲ့ကြတယ်တဲ့"

"ဗော.."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

သျှန်းထိုင်နေရာမှထပြီးမင်းဆက်နားကိုကပ်လာကာ

"ဒီဘက်ကိုလာနေတာလား"

"သိပ်ဟုတ်တာပေါ့ဦးရီးတော်သျှန်းရယ်.."

"ဟင်..မင်း..."

"မလှုပ်နဲ့နော်၊ တွေ့လားသေနတ်၊ ကျည်ဆံက လူစကားကို သိပ် ပြီးနားမလည်ဘူး"

မင်းဆက် "သျှန်း" နားထင်ကို သေနတ်နဲ့တေ့ပြီး လက်ကိုဆွဲ ထိမ်ထားလိုက်သည်။

"မင်းကောင်တွေ လက်ထဲက သေနတ်တွေကိုချခိုင်းလိုက်"

"ဟေ့ကောင်တွေ ချလိုက်ကြစမ်း"

ပဒီနှင့်မုန်ယိုတို့သေနတ်တွေကိုကောက်ယူပြီးအဝေးကို လွှင့် ပစ်လိုက်သည်။

"ဟားဟားဟား....ဘယ်လိုလဲ ဦးရီးတော်သျှန်း...ခုကျတော့ အသည်းဘာမှအသုံးမဝင်တဲ့ရေမြွေလေးတစ်ကောင်ဖြစ်နေပါလား"

"မင်းတို့ဘာလုပ်ချင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ချင်လဲဆိုတာကို မပြောချင်ဘူး"

"မင်းဆက်ရာ.. သတ်ပစ်မယ်လို့သာပြောလိုက်၊ ငါလော[illegible]

ရက်စက်ကြမ်းကြုတ်ပြီးလောဘရမ္မက်ကြီးတဲ့လူကိုလူပြည်မှာ အ[illegible]

မထားတာ အကောင်းဆုံးပဲ"

"ခင်ဗျားကြားတယ်နော်၊ ကျုပ်တို့ရဲ့ခရီးအဆုံးသတ်တဲ့နေ[illegible]

ရောက်လာပြီလို့သဘောထားရမှာပေါ့"

"မင်းတို့ ငါ့ကိုသတ်လိုက်တာနဲ့ လွတ်မြောက်သွားပြီလို့ ထ[illegible]

ထားတယ်ပေါ့၊ သျှန်းဆိုတဲ့ကောင်က ဘယ်တော့မှ ခြေတစ်လှမ်[illegible]

နောက်မကျဘူးကွ၊ မင်းတို့နောက်ကိုကြည့်လိုက်"

"ဟင်..."

ရှာသားယောင်ဆောင်ထားသည့် သျှန်းကောင်တွေက ဝိုင်[illegible]

ထားသည်ကိုတွေ့လိုက်ရသည်။

"ငါ့သေသလို မင်းတို့အသက်တွေလည်း ရှင်ဖို့မစဉ်းစားနဲ့"

"ကျုပ်တို့သေတာက ဘာမှမဆန်းဘူး၊ ခင်ဗျားဆက်ပြီး အ[illegible]

မပေးနိုင်အောင်ပဲ လုပ်ရမှာ"

"ဝုန်း...ဒိုင်း...ဒိုင်း..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်.."

သျှန်းကောင်တွေနှင့် ရွာလူကြီးသားတို့အဖွဲ့က အပြင်ဘက်တွင် တိုက်ပွဲစတင်ပြီးဖြစ်ကုန်လေသည်။

"ဖြောင်း...ရွှပ်...အီး.."

"ခင်ဗျားလျှင်တယ်ဆိုတာ မင်းဆက်အတွက် သိပ်ပြီး ရှိုးပါတယ်ဗျာ"

မင်းဆက်လက်ကိုရိုက်ချပြီး သျှန်းက ပြေးထွက်ဖို့လုပ်လေ မယ့်အောင်မြင်ပေ၊ မင်းဆက်၏ဒေါသနှင့်အင်နှင့်ဆတ်ဆတ်ကလေး ရိုက်ချလိုက်သည်။ ပဒီနှင့်မှန်ယိုကို ဒုဂ္ဂိုရောင်တို့မှနောက်မှ လက်တွေကိုပါ ဆတ်ပြီးတိုက်ခိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သေနတ်သံတွေ၊ပြေးလွှားသံတွေက ရှည်ပွက်လောရိုက်ပြီး ရွာထဲတွင် ရှုပ်ထွေးသွားတော့သည်။ ရွာသားတွေရဲ့ညီညွတ်မှု သ ရှိမှုတွေကြောင့် သျှန်းတို့ကောင်တွေ အလူးအလဲခံကြရပြီး နာရီပိုင်း အတွင်းမှာပင် အားလုံးကိုဖမ်းဆီးနိုင်ကြသည်။

"ဒီလူတွေကို ဘယ်လိုအပြစ်ဒဏ်ပေးမလဲ၊ ဖမ်းဆီးပြီးမြို့ ခေါ်သွားလို့လည်းမဖြစ်ဘူး၊လမ်းမှာ သူ့ကောင်တွေကပြန်ပြီးလုယူ မှာပဲ"

"ရွာလူကြီး ရွာမှ အရေးယူအပြစ်ပေးတဲ့အတိုင်းပဲ လုပ်လို



www.burmeseclassic.com

www.burmeseclassic.com



ကြခဲ့ပါလျှာ"

"ဟာ..မ..မ...လုပ်ပါနဲ့ကွာ၊ ငါကိုယ်တော်လေးကိုထပ်ပြီးဒုက္ခပေးတော့ပါဘူး"

"စိတ်မကောင်းပါဘူးသျှန်း..ခင်ဗျားရဲ့ယုတ်မာမှုတွေကို ဒီနေ့အဆုံးသတ်တော့မှာပါ၊ ကဲ...ရွာလူကြီးလက်ထဲကိုအပ်ခဲ့ပြီး၊ ကြိုက်သလိုသာစီရင်ပါ"

"ယောကောင်တွေ၊ သူတို့ကိုခေါ်ခဲ့ကြ၊ တစ်ခါတည်းအပြစ်စီရင်မယ်၊ ရွာကို ဒုက္ခပေးတာ များပြီ၊ ဒီတစ်ခါတော့ ငါတို့ဘက်က ပြန်ပြီးအပြစ်ပေးရမယ်"

"မ...မ...လုပ်...ကြပါနဲ့...ကွာ"

သျှန်းကို ရွာသားတွေ အတင်းဆွဲခေါ်ပြီး အပြစ်ဒဏ်စီရင်တဲ့နေရာဆီကိုခေါ်ဆောင်သွားကြတော့သည်။

"ဆက်.."

"ပြောလေ...သမုဒယ"

"ကိုယ်တော်လေးရဲ့အကြီးမားဆုံးအန္တရာယ်ကြီးက တော့အဆုံးသတ်သွားပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တော့ ကျန်သေးတယ်"

"ဒေါ်စောကလျာလား"

"ဟုတ်တယ် သမုဒယ...ဒီဘီလူးမ အန္တရာယ်ကြီးကို ရှင်းပြီးရင်တော့ကိုယ်တော်လေးဘ၀လှပသွားပါပြီ"

အပြစ်ဒဏ်စီရင်သည့်နေရာကိုလိုက်ခဲ့ကြရင်း လူများစွာကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပြီး ယုတ်မာကောက်ကျစ်တဲ့ သျှန်းရဲ့ဖတ်သိမ်းခန်းကို ကျေနပ်စွာဖြင့်ကြည့်နေလေသည်။

"ကိုယ်တော်လေးရယ်...ကယ်ပါဦး"

သျှန်း...ကိုယ်တော်လေးကိုကြောက်ရွံ့ထိတ်လန့်သောမျက်နှာနှင့်အကူအညီတောင်းနေလေတော့သည်။

"ခင်ပျားကြီးကို မုန်းတယ်၊ လူ့ဘီလူးကြီး၊ ကျုပ်ကို ရိုက်နှက်ရက်စက်တာတွေကိုမမေ့ဘူး"

"ဒါ...ဒါ...ဦးရီးတော်က စောကလျာကိုကြောက်လို့ သူခိုင်းတာလုပ်ပေးရတာပါကွယ်"

"မသိဘူးဗျာ၊ မကြားချင်ဘူး"

"သူတို့ကို ကားစင်ပေါ်မှာ ကြိုးတွေတုတ်ထားလိုက်ကြတော့၊



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့လူကြီးတွေရောက်ရင်အပြစ်ဒဏ်ရမယ်၊လက်နက်တွေရှေ့မှာ ထားခဲ့တော့"

ရွာလူကြီးအမိန့်ပေးလိုက်သည်နှင့် ပြင်ဆင်စရာတွေကို ရွာသားတွေကပြင်ဆင်ကြတော့သည်။

ရွာ၏အပြစ်ဒဏ်စီရင်မှုကို သျှန်းကောင်းကောင်းကြီးသိထားသောကြောင့် သွေးပျက်မတတ်ချောက်ချားနေသည်။ ရွာ၏ခုံအဖွဲ့လူကြီး(၅)ယောက်ရောက်လာပြီး အပြစ်ဒဏ်စီရင်ဖို့ အမိန့်ချတော့သည်။

"သူ့ပုန်မိုလ်ခေါင်းဆောင်ကို မသေမချင်းဓားနဲ့အချက်ပေါင်း(၁၀) ထိုးသတ်ရမယ်"

"ဟာ...မ...မလုပ်ကြပါနဲ့၊ကယ်ပါဦး၊ကိုယ်တော်လေးကယ်ပါဦး"

အပြစ်ပေးမည့်သူက သူတို့ရိုးရာဓားမြှောင်ကိုကိုင်ဆောင်ပြီးဒိန်းတော်သျှန်းနားသို့ကပ်သွားပြီး သတ်မိန့်ကိုစောင့်နေသည်။

"သတ်..."

"ဒိုင်း...အား.."



www.burmeseclassic.com

www.burmeseclassic.com



"တင်...ဟာ..."

သေနတ်သံနှင့်အတူ အပြစ်ပေမည့်ရှာသားမှာ ရှေ့သို့လဲကျ သွားတော့သည်။

"တစ်ယောက်မှ မလှုပ်နဲ့နော်၊ လှုပ်တဲ့ကောင် အသေဆိုတာ မှတ်ထား"

"စောကလျာ"

စောကလျာနှင့် သေနတ်သမား (၁၀)ဦး ရောက်ရှိလာခြင်း ပင်ဖြစ်သည်။

"ဟားဟားဟား... ခုမှတကယ့်ကိုအဆင်ပြေသွားတာပဲ... ကဲ...ကိုယ်တော်လေး...ငြိမ်ငြိမ်ကောင်...ခုဘယ်သူက ကယ်နိုင်သေး..."

ကိုယ်တော်လေးကို သမုဒယမှ တင်းကျပ်စွာပွေ့ဖက်ထား လိုက်တော့သည်။

"ဟိုကောင်မက လှစ္စမ်းကောင်းဝင်လုပ်တာလား"

"ကျွန်မကို သတ်ပြီးမှ ကိုယ်တော်လေးကိုခေါ်လို့ရမယ်မှ..."

"အေး... သတ်ပြီးမှခေါ်မယ်"

ဒေါ်စောကလျာ...သမုဒယနားသို့ကပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဆက်ပြီးမတိုးနဲ့နော်"

"မင်းကပဲ သေချင်တာကိုး၊ ဒါဆိုလည်း သေစေရမယ်၊ ကဲ... ရှောက်...ဟင်"

ဒေါ်စောကလျာသေနတ် ကျည်မထွက်သည်ကိုအခွင့်ကောင်း ယူပြီး မင်းဆက် ခြေစုံကန်ပစ်လိုက်တော့သည်။

"အုန်း...အမေ့"

"ဒိုင်း...ဒိုင်း...ဒိုင်း..."

နောက်မှ ချိန်ရွယ်ထားသည့်သူတွေက သေနတ်နှင့်လှမ်းပြီး ပစ်သဖြင့်

"သမုဒယ ကိုယ်တော်လေးကိုဗိုပြီးဝပ်နေလိုက်"

ပစ်ခတ်မှုတွေက အပြန်အလှန်ဖြစ်သွားပြီးနောက်

"ဒိုင်း...အား..."

"ဟင်...သျှန်း..."

ကျည်ဆံတစ်တောင့်မှ ဦးရိုးတော်သျှန်း၏ နဖူးသားတည့် တည့်ဆီသို့ဖောက်ဝင်သွားသည်။ ပစ်လိုက်သည်မှာ တခြားသူမဟုတ် ဒေါ်စောကလျာ... မင်းဆက်တို့ကို လှမ်းပြီးပစ်ခဲ့ပေမယ့် ထိမှန်ခဲ့ သူ



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ သူ၏တောက်ပြောင်နေသော ခင်ပွန်းလောင်းကြီး သျှမ်း...

"ဝုန်း...ဒိုင်း...ဒိုင်း..."

"ငြိမ်းချမ်းရေးတပ်ဖွဲ့တွေ ရောက်လာပြီ..."

ရွာထဲဆီသို့ ငြိမ်းချမ်းရေး တပ်ဖွဲ့အင်အားစု ဝင်လာပြီး ဒေါ်စောကလျာ၏ကြေးစားကောင်တွေကိုဖမ်းဆီးနိုင်ခဲ့ပြီဖြစ်တော့သည်။

"ဒေါ်စောကလျာ... စိတ်မကောင်းပါဘူး။ ခင်ဗျားအတွက် နေဝင်သွားပါပြီ"

ဒေါ်စောကလျာဘာစကားမှ မပြောနိုင်တော့ဘဲခေါင်းငိုက်စိုက်ချကာ အဖမ်းခံလိုက်တော့သည်။

"ရွာလူကြီးပန်းကက်သာ"

"ဟုတ်ကဲ့ပြောပါ"

"ကျုပ်တို့ သူတို့ကိုခေါ်သွားပြီး၊ သက်ဆိုင်ရာအစိုးရလက်ထဲကို အပ်ရပါလိမ့်မယ်၊ ရွာရဲ့အပြစ်ဒဏ်ပေးမှုတွေက ဥပဒေနဲ့မကိုက်ညီတဲ့ လုပ်ရပ်တွေဆိုတော့ ရွာလူကြီး အနေနဲ့ ဥပဒေကိုချိုးဖောက်နေသလိုဖြစ်နေပါလိမ့်မယ်"

"ခေါ်ဆောင်သွားပါ"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းရေးတပ်ဖွဲ့ခေါင်းဆောင်လက်ထဲသို့ ဒေါ်စောကလျာ အပါအဝင် သူမ၏တပည့်တွေကို အပ်လိုက်တော့သည်။

"ဒီက ညီသည်တွေလည်း ခရီးကို ကောင်းကောင်းမွန်မွန် ဆက်ပြီးသွားနိုင်အောင် ကျွန်တော်တို့ တပ်ဖွဲ့ဝင်တချို့က လုံခြုံရေး ယူပြီးလိုက်ပို့ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဗိုလ်ကြီး"

"တကယ်ဆို ဒီတောင်တန်းဒေသဟာ ငြိမ်းချမ်းနေပါပြီ၊ ခုလို ငွေကြေးနဲ့ နိုင်းစစ်တာကို လုပ်ကိုင်နေတဲ့ကောင်တွေရယ်၊ သျှန်းဆိုတဲ့ လောဘရမ္မက်ကောင်တွေကြောင့် ရိုးသားတဲ့ရွာသူရွာသားတွေ ဒုက္ခ ရောက်နေကြတာပါ၊ ခုတော့ သူတို့လည်း ဖတ်သိမ်းသွားပါပြီ၊ သွား ကြရအောင်"

မင်းဆက်...ဒုဂ်ျရောင်နှင့် ရွာလူကြီးတို့ကို နှုတ်ဆက်ပြီး ခရီး ဆက်ပြီးထွက်ဖို့ ကားပေါ်သို့တက်ခဲ့ကြတော့သည်။

"ဆရာ...နေပါဦး..."

"ဘာများလဲ ဒုဂ်ျရောင်..."

"ဆရာတို့ကို လက်ဆောင်ပေးလိုက်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒုဂ္ဂိုရောင်မှ သပ်သပ်ရပ်ရပ်ကလေး ခေါက်ထားသော အဝတ်များတွေကို ပေးလိုက်သည်။

"အပေါ်အထပ်က သတို့သမီး၊ သတို့သားဝတ်စုံလေးပါ၊ ဆရာတို့ဇနီးမောင်နှံအတွက် ရွာရဲ့အမှတ်တရပါ၊ အောက်က ဝတ်စုံလေးက ဆရာတို့မွေးခဲ့တဲ့ သမီးဖြစ်စေ၊ သားဖြစ်စေအသက် (၉)နှစ်ပြည့်တဲ့နေ့ကျရင် ဝတ်ဆင်ပေးပါ"

"ကောင်းပြီ..ဒုဂ္ဂိုရောင်..ဒါနဲ့ ဒီဘူးလေးကရောဗျာ"

"မင်္ဂလာဇနီးမောင်နှံအတွက် ထာဝရမှိုင်မြဲစေတဲ့ သစ္စာသီချင်းတွေကိုဆိုပေးမယ့် တေးသီငှက် ရုပ်ကလေးတစ်ရုပ်ပါ၊ ကျွန်တော်တို့ရွာရဲ့နှိမိတ်အယူကလေးတစ်ခုပါဆရာ.."

မင်းဆက်..လက်ဆောင်ပစ္စည်းတွေကိုယူပြီး သမုဒယ လက်ထဲသို့ထည့်ပေးလိုက်သည်။

"သွားပြီဟေ့.."

"ဗူး..."

ဝီလီဂျစ်ကလေး စက်နှိုးကာ ရွာကလေးကိုကျောခိုင်းပြီး မောင်းထွက်လာခဲ့တော့သည်။ မင်းဆက်တို့ရှေ့တွင် ငြိမ်းချမ်းအေး



www.burmeseclassic.com

www.burmeseclassic.com



တပ်ဖွဲ့မှ ကားလေးတစ်စီးရှေ့ပြေးမောင်းနှင်သွားနေလေသည်။

"ဦးဦးနဲ့မမ.."

"ဘာလဲ သားစိုင်း.."

"ကျွန်တော့်ကို ဒီဝတ်စုံလေးပေးဝတ်နော်"

"ဝတ်ရမှာပေါ့ကွယ်၊ သားစိုင်းအတွက် ရည်ရွယ်ထားတာပါ"

~"ဟာ...ဒါဆိုရင် မင်းတို့ နစ်ယောက်ရဲ့ သားဖြစ်သွားပြီပေါ့ ဟုတ်လားမောင်စိုင်း.."

"ဟုတ်တယ် ဦးဦးပေဒီ.."

"နေစမ်းပါဦး ငါက မရှင်းလို့မေးပါရစေဦး"

"ဘာကိုလဲ ဦးဦးမုန်ယို"

"ဘယ်သူက ဘယ်သူ့ကိုမွေးစားတာလဲ"

"ကျွန်တော်က မွေးစားတာ"

"ကောင်းရောကွာ...ဟား ဟားဟား..."

လွတ်လပ်ခြင်းများစွာနှင့်ရယ်မောသံလေးတွေက လေထဲတွင် ပျံ့လွင့်လျက်...မင်းဆက်က ချစ်သူဇနီး သမုဒယ မျက်နှာလေးကိုလှည့် ကြည့်ပြီး နိုင်မြဲလှသော အပြုံးကလေးကို ပြုံးပြလိုက်တော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်လေးလက်ထဲမှာတေးသီငှက်ရုပ်ကလေးမှာ..အသက်ဝင်နေသလားပင်ရှိနေတော့သည်။

ပရိသတ်များကို အစဉ်လေးစားလျက်

ရွှေဘဝင်

BURMESE CLASSIC

www.burmeseclassic.com